


ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုများ
မောင်သွေးချွန်
လူလားကျားလားချစ်သူလား

**စီစဉ်သူ**
ကျော်ကျော်

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ကိုထွန်းအောင် |
| အဖုံးဖလင် | Master Color |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာစာစီ | Deep Blue |
| စာအုပ်ချုပ် | ချမ်းသာ |
| ထုတ်ဝေသည့်ကာလ | ၂၀၀၅–ခုနှစ်၊ ဇူလိုင်လ |
| တန်ဖိုး | (၃၀၀) ကျပ် |

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၉၅၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၀၃၀၅၀၄ အရ...
ရွှေမြားပုံနှိပ်တိုက်၊ ဒေါက်တာ ရှိဆန် (၂၉၉၄)၊
အမှတ် (၅၃)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားကိုပုံနှိပ်၍ ချမ်းသာပုံနှိပ်တိုက်
ဦးရဲမြင့် (မြ–၀၆၁၀၃)၊ အမှတ်(၅၃)၊ ၅၅–လမ်း၊ ရန်ကုန်မြို့မှ
မျက်နှာဖုံး ရိုက်နှိပ်၍ပြီး၊ ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ် (၁၀၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
ပထမအကြိမ် ... အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

**ဖြန့်ချိရေး**

ဆောင်းစာပေ

အမှတ် (၁၆၈)၊ မဟာဗန္ဓုလလမ်းနှင့် (၅၃) လမ်းထောင့်

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၉၆၁၂၉၊ ၂၉၅၄၀၀၊ ၀၉ ၅၁၀၉၅၂၉

နမောဗုဒ္ဓဿ

ဝါသနာစာပေစာဉ် (၂)

# မောင်သွေးရှင့်

# လူလား ကျားလား ချစ်သူလား

နှင့်

## ဖြစ်ရပ်ဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ

ဝါသနာစာပေ

အမှတ်(၁၉၁)၊ ၃၂လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၅၃၄၆၆

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | မောင်လူချော နှင့် မျက်တောင်နီ | ၆ |
| ၂။ | လေလွင့်လိပ်ပြာ | ၂၇ |
| ၃။ | ဖားတစ္ဆေ | ၃၉ |
| ၄။ | ဆွမ်းလောင်းချင်သော ရုက္ခစိုး | ၅၂ |
| ၅။ | ချစ်သူဝိညာဉ် | ၆၂ |
| ၆။ | ညို့မြွကာလှုံဖား | ၇၆ |
| ၇။ | ပန်းကြိုက်တဲ့မိန်းကလေး | ၁၀၂ |
| ၈။ | ရုက္ခစိုးမတဲ့မောင်ကျောက်ဒိုး | ၁၁၃ |
| ၉။ | လှယမင်းခင်နှင့်ကိုလှမိမ်း | ၁၂၉ |
| ၁၀။ | တစ္ဆေငိုတဲ့ည | ၁၄၆ |
| ၁၁။ | ဝိညာဉ်ဓော | ၁၆၃ |
| ၁၂။ | လူလား ကျားလား ချစ်သူလား | ၁၇၉ |

သုံးဆယ့်တစ်ဘုံသတ္တလောကဝယ် ထူးဆန်းသောအဖြစ်အပျက်များသည် အခါအားလျော်စွာ ဖြစ်ပျက်နေလေ့ရှိ၏။

စင်စစ် ဤသို့ဖြစ်ပျက်နေခြင်းသည် အံ့ဖွယ်မထူးဆန်း၊၊ လောကဓမ္မတာတစ်ရပ်သာဖြစ်ချေ၏။

သို့သော်....

ထိုအဖြစ်အပျက်များကို လူတို့ ကိုယ်တွေ့ ကြုံကြိုက်ကြရလေသောအခါ ထူးထူးဆန်းဆန်း အံ့ဩနန်းဖြစ်ကြရလေ၏။

အထူးသဖြင့် လူသားတို့နှင့် ပရလောကဆက်နွယ်မှုများသည် လျှို့ဝှက်နက်နဲ၍ ဂမ္ဘီရဆန်လှပေ၏။

ဒုတိယမြောက် ဤစာအုပ်တွင် ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများကို တစ်ဝကြီး ဖတ်ရှုနိုင်ကြပါလိမ့်မည်ဟု....

မောင်သွေးရှင်

မောင်လူချောနှင့်မျက်တောင်ငို



# မောင်လူချောနှင့်မျက်ထောင့်နီ

တင်ခါက အထက်အညာဒေသ တောမြို့လေးတစ်မြို့တွင် မောင်လူချောဟူသော လူငယ်လေးတစ်ယောက်ရှိလေ၏။

မောင်လူချော၏မိဘနှစ်ပါးမှာ စစ်အတွင်း၌ စစ်ဒဏ်ကြောင့် ကွယ်လွန်ခဲ့ကြပြီး မောင်လူချောမှာ ဦးလေးဖြစ်သူ၏လက်ထဲမှာ ကြီးပြင်းခဲ့ရလေ၏။

မောင်လူချော၏မိဘများ သေဆုံးခဲ့ရသည်မှာလည်း ရင်နာစရာကောင်းလှ၏။ ကာလမှာ ဂျပန်အပြေး၊ အင်္ဂလိပ်အဝင်ဖြစ်ပြီး အင်္ဂလိပ်စစ်လေယာဉ်ပျံများ ဗုံးမိုး၊ စက်သေနတ်မိုး ရွာနေစဉ်ဖြစ်၏။

ထိုနေ့က မောင်လူချောသည် ဦးလေးနှင့်အတူ တောသို့ သွားနေ၏။ မောင်လူချောတို့ပြန်ရောက်လျှင် အသင့်စားနိုင်ရန် မိဘနှစ်ဦးစလုံး ထမင်းဟင်းချက်နေ၏။ မောင်လူချောက ကြက်သားနှင့်ဘူးသီးဟင်းကို အလွန်ကြိုက်၏။ သူ့မိဘများကလည်း ထိုဟင်းကို ကြိုက်ကြ၏။ သူ့မိခင်က ဟင်းချက်ကောင်းလှ၏။ ထိုနေ့က အင်္ဂလိပ်လေယာဉ်ပျံများရောက်လာတော့ သူတို့မပုန်းကြဘဲ ဟင်းချက်မြဲချက်နေကြ၏။ ကံဆိုးချင်တော့ အိမ်ပေါ် တည့်တည့်ဗုံးကျ၍ နှစ်ဦးလုံး သေဆုံးကြရ၏။ မီးဖိုပေါ်မှ ကြက်သားနှင့်ဘူးသီးဟင်း အိုးကတော့ နေရာမပျက်။

မောင်လူချောနှင့်သူ့ဦးလေးတို့ပြန်ရောက်တော့ အိမ်ပျက်ကြားမှာ အလောင်းသာမြင်ရတော့၏။ ထူးထူးခြားခြား မီးဖိုပေါ်မှာ ကျက်နေပြီဖြစ်သောဟင်းအိုးကိုကြည့်၍ ယူကျုံးမရဖြစ်ရ၏။ ထိုဟင်းအိုးထဲမှဟင်းများကို ဘုန်းကြီးကျောင်းသို့ သက်ပျောက်ဆွမ်းအဖြစ် ပို့လိုက်တော့၏။

ထိုအချိန်မှစ၍ မောင်လူချောသည် ကြက်သားဟင်းကိုလည်းကောင်း၊ ဘူးသီးကိုလည်းကောင်း၊ အထူးသဖြင့် ကြက်သားနှင့် ဘူးသီးကို လုံးဝမစားတော့ချေ။

ထိုစဉ်က မောင်လူချော၏အသက်မှာ ဆယ့်ငါးနှစ်သာ ရှိသေး၏။ ဦးလေးက လူပျိုလူလွတ်ဖြစ်၏။ အသက်သုံးဆယ်ခန့် ရှိ၏။ မောင်လူချောလေးကို အလွန်ချစ်ပြီး အလိုလိုက်၏။ အိမ်

ထောင်မပြုဘဲ ဥယျာဉ်စိုက်ရင်း မောင်လူချောအား ပြုစုစောင့်ရှောက်၏။ မောင်လူချောကလည်း လိမ္မာရေးခြားရှိလှ၏။ ဦးလေးကို ကူလုပ်၏။

မောင်လူချောတို့သည် ပုံးထိပျက်စီးနေသောအိမ်ကြီးအားမပြုပြင်ဘဲ မလှမ်းမကမ်းမှာ အိမ်သေးသေးဆောက်၍နေကြ၏။ ခြံကြီးက ကျယ်လှသဖြင့် နေရေးထိုင်ရေးအဆင်ပြေ၏။

ခြံစိုက်၊ ပန်းစိုက်လုပ်ငန်းဖြင့်လည်း အဆင်ပြေနေကြ၏။ ခြံမှထွက်သော ဟင်းသီးဟင်းရွက်များနှင့် ပန်းများကို ဘယ်မှထွက်ရောင်းစရာမလို။ ဖောက်သည်များက လာယူကြ၏။

"ကိုလူချော. . ။ မနက်စောစော စံပယ်ပန်းတစ်မတ်ဖိုးလောက် လာယူချင်တယ်။ ခူးထားပေးပါနော်"

"ကိုယ့်ဘာသာကိုယ် လာခူးဟာ။ ငါမအားပါဘူး"

"ဒါဆိုလည်းပြီးရော။ မနက်စောစောလာခဲ့မယ်နော်။ ဗိုင်းတော့ခူးပေးဦး"

ကောင်မလေးက မျက်လုံးလေးထောင့်ကပ်၍ ခပ်နွဲ့နွဲ့ပြောလိုက်၏။ မောင်လူချောကတော့ လှည့်ပင်မကြည့်ဘဲ "အင်း" ဟုသာပြော၏။

ကောင်မလေးမှာ မောင်လူချောနှင့် အသက်တစ်နှစ်ခန့်ငယ်လေရာ ဆယ့်ငါးနှစ်သာရှိသေး၍ မောင်လူချောမှာ ဆယ့်ခြောက်နှစ်သားအရွယ် ရောက်နေပြီဖြစ်လေ၏။

ကောင်မလေးသည် ပန်းမှာကြားပြီး ပြန်ရမည်ကို မပြန်သေးဘဲ လေကြောရှည်နေသေး၏။ ခြပတ်ပတ်လည်ကို မျက်လုံးဝေ့ကြည့်ရင်း. .

"ကိုချော. .။ ဦးလေးရော မမြင်ပါလား။ လူပျိုကြီး ဘယ်များသဝေထိုးနေပါလိမ့်။ ကိုချောရော သဝေထိုးစရာမရှိဘူးလား"

ဟု မေးလေ၏။ မောင်လူချောက စိတ်မရှည်ဟန်ဖြင့်. .

"နင်မပြန်သေးဘူးလား။ ဦးလေးက တောင်ပိုင်းသွားတာ။ အခုပြန်လာတော့မှာ။ သွား. . သွား. . ဒီမှာ ငါတစ်ယောက်တည်း။ အမြင်မတော်ဘူး။ ပြန်တော့"

ဟု နှင်လွှတ်လေရာ ကောင်မလေးက မပြန်သေးဘဲ ပြုံးဖြီးဖြီးဖြင့်. .

"အလိုတော်. . ပြေူးကပဲ ပြရသေး။ ပူရမှာက ဒီကများ။ ဟွန်း . မပြောလိုက်ချင်ဘူး"

ဟု ပြောရင်း မောင်လူချောရပ်နေရာသို့ပင် တိုးကပ်သွားလေ၏။ မောင်လူချောလည်း ပန်းခူးနေရာမှ နောက်ဆုတ်လိုက်၏။

ထိုစဉ် မောင်လူချောအနား ရောက်လုရောက်ခင် မိန်းကလေးမှာ တုံ့ခနဲဖြစ်သွားပြီး ကြောင်လျက်ရပ်နေလေ၏။ သူမသည် နောက်သို့လှည့်ကြည့်ပြီး. .

"လွှတ်. . လွှတ်"

ဟု ကြောက်လန့်တကြားအော်ဟစ်လေ၏။ မောင်လူချော

မှာလည်း ကြောင်ကြည့်နေပြီးမှ . .

"ဟဲ့ . . ရွှေစင်။ ဘာဖြစ်လို့တုံး"

ဟု မေးရင်း အနားသို့တိုးကပ်သွားလေ၏။

"ဟို . . ဟို . . လက်ကြီးနဲ့ဆွဲထားတယ်။ လှည့်ကြည့်တော့ မျက်ထောင့်နီကြီးနဲ့ကြည့်နေတယ်"

ကောင်မလေးက ကြောက်ကြောက်လန့်လန့်နှင့် ပြောပြလေ၏။ တကယ်လည်း ကြောက်ရွံ့နေရှာသဖြင့် အသားများပင် တုန်နေ၏။

"နင် ကယောင်ကတမ်းဖြစ်တာ နေမှာပါဟာ။ နင့်ရှေ့မှာ ငါရှိနေတာပဲ။ ဘာမှမမြင်မိပါဘူး။ အခု ရှိသေးလို့လား"

"ဟင့်အင်း . . မရှိတော့ဘူး။ ငါအော်လိုက်လို့ ပျောက်သွားတာ။ တကယ်ပါ . . ။ နင့်နားတိုးကပ်လာတဲ့ ငါ့ကိုတောင် ဆောင့်ဆွဲလိုက်တာ။ ကြည့်လိုက်တော့ မျက်ထောင့်နီကြီးနဲ့ ငါ့ကိုကြည့်လို့။ ငါကြောက်တယ်ဟာ။ ပြန်တော့မယ်"

မိန်းကလေးက ပြောပြောဆိုဆို သုတ်ခြေတင်လေတော့၏။ မောင်လူချောက မိန်းကလေးအား ဤသို့လှမ်းအော်လိုက်လေ၏။

"ရွှေစင် . . မနက်စောစော နင်ပန်းလာခူးဦးမှာလား"

"ဟင့်အင်း . . နင်ခူးထား။ ငါ့မောင်လေးကိုပဲ လွှတ်လိုက်တော့မယ်"

▶▶ ◀◀

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ရွှေစင်ဟုအမည်ရသော မိန်းကလေးသည် ထိုအကြောင်းကို ရွာလုံးပေါက်လျှောက်ပြောလေတော့၏။ ရွှေစင်ပြောသည်များကို ယုံသူလည်းရှိ၏။ မယုံသူများလည်းရှိ၏။

ဓယုံသူများထဲမှာ ရွှေစင့်အစ်ကို မောင်တုတ်လည်းပါ၏။ မောင်တုတ်သည် မောင်လူချောနှင့် သူငယ်ချင်းဖြစ်၏။ မောင်လူချောတို့ခြံတွင် ဝင်ထွက်နေသူဖြစ်၍လည်း မယုံခြင်းဖြစ်၏။

"ဟေ့ကောင်လူချော. . ။ မင်းတို့ခြံမှာ မျက်ထောင့်နီကြီးရှိတယ်လို့ နာမည်ကြီးနေပါလား။ မင်းနေလာတာ ဘာထူးလဲ။ ငါ့ပြောစမ်း"

တစ်နေ့တွင် မောင်တုတ်က မောင်လူချောအား ဤသို့မေးလိုက်လေ၏။ မောင်လူချောက မျက်မှောင်ကုပ်၍. .

"အလကားပါကွာ. . ။ ဒါ ရွှေစင့်လက်ချက်ပဲ။ သူဟာသူကယောင်ချောက်ချားဖြစ်ပြီး ပြောချင်ရာပြောတာ နေမှာပါ"

ဟု ပြန်ပြောလေ၏။

မောင်တုတ်က ခေါင်းကိုဖြည်းညင်းစွာရမ်း၍. .

"မဟုတ်သေးဘူး လူချောရ။ ရွှေစင်က မဟုတ်ဘဲနဲ့တော့ မပြောဘူး။ အခုဆို သူကြောက်လို့ မင်းခြံထဲတောင် ပန်းလာမဝယ်တော့ဘူးမို့လား။ ဒီခြံထဲမှာ ထူးခြားမှုရှိတာတော့ အမှန်ပဲ။ မင်းက အမြဲနေတဲ့သူဆိုတော့ မင်းသိသင့်တယ်။ ထူးခြားမှုတစ်ခုခုကိုတော့

မင်းသတိထားမိရလိမ့်မယ်။ မင်း သေသေချာချာပြန်စဉ်းစား"

ဟု ပြောလေရာ အနီးနားတွင်ရှိနေသည့် မောင်လူချော၏ဦးလေးက ဤသို့ဝင်ပြောလေ၏။

"အင်း . . မောင်တုတ်ပြောတာ ဟုတ်တော့ဟုတ်ပါတယ်။ မိန်းကလေးက မဟုတ်ဘဲမပြောဘူး။ တစ်ခုတော့ရှိတယ်။ မင်းတို့ ယောက်ျားလေးတွေတော့ ဘာမှမဖြစ်ဘဲ မိန်းကလေးကျမှဖြစ်တာဆိုတော့ မောင်လူချောကို မိန်းကလေးတွေနဲ့ မပတ်သက်စေချင်တဲ့သဘောပဲ"

ဦးလေးဖြစ်သူ၏စကားကြောင့် မောင်လူချောမှာ ခေါင်းကြီးငုံ့ပြီး . .

"ဦးကလည်း . . ။ ကျွန်တော်တို့တွေက ရိုးရိုးသားသားတွေပဲဥစ္စာ"

ဟု ပြန်ပြောလေ၏။

"ကိုယ်ကရိုးပေမယ့် သူက မရိုးဘူးထင်လို့ နေမှာပေါ့ကွာ"

"သူကဆိုတာ ဘာကိုပြောတာလဲဦးလေး"

ဟု မောင်တုတ်က မေးလေတော့၏။ ဦးလေးဖြစ်သူမှာ သူ့စကားအမှားကို သတိထားမိဟန်ဖြင့် . .

"ဘာရယ်လို့တော့ မဟုတ်ပါဘူး။ မောင်လူချောမှာ စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်များ ရှိနေသလားလို့ ထင်ကြေးနဲ့ပြောကြည့်ရတာ"

ဟု ပြောလေ၏။

"ဘာ. . မောင်လူချောကို စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်. . ဟုတ်လား။ မောင်လူချောကို စောင့်ရှောက်နေတာ ဦးလေးပဲမဟုတ်လား။ နောက်ဘယ်သူရှိသေးလို့လဲ"

ဟု မောင်တုတ်ကမေးလေတော့၏။

ဦးလေးဖြစ်သူက. .

"မင်းမြင်တာတော့ ငါတစ်ယောက်တည်းပေါ့ကွာ။ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကလည်း လောကမှာ ရှိသေးတာပဲဥစ္စာ"

ဟု ပြောပြီး စကားဖြတ်ထားလိုက်လေ၏။ မောင်လူချောမှာ မျက်မှောင်ကုပ်စဉ်းစားရင်း ဤသို့ပြောလေ၏။

"အင်း. . ဦးလေးပြောမှ စဉ်းစားမိတော့တယ်။ တစ်ခါတစ်ခါ ဦးလေးမရှိခိုက် ကျွန်တော်တစ်ယောက်တည်းပေမယ့် အိမ်မှာ လူတစ်ယောက်ရှိနေသလိုပဲ။ ဟိုနားရိပ်ခနဲ၊ ဒီနားရိပ်ခနဲ မြင်ရတယ်။ အိမ်သားတစ်ယောက် ဝင်ထွက်သွားလာနေသလိုပဲ။ စိတ်ထင်လို့ပဲ အောက်မေ့နေခဲ့တာ ဦးလေးရ။ အထူးသဖြင့် အိမ်ပျက်ကြီးမှာပိုမြင်ရသလိုပဲ"

တူဝရီးနှစ်ယောက်ပြောသမျှကို မောင်တုတ်က ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေ၏။ မောင်တုတ်သည် တစ်စုံတစ်ရာကို တွေးတောနေဟန်လည်းရှိ၏။

"နေဦးကွာ. . ။ ဒီကိစ္စ သေချာအောင် ငါကြံကြည့်ဦးမယ်"

မောင်တုတ်က ဤသို့ပြောပြီး နှုတ်ဆက်၍ ပြန်သွားလေ၏။ မောင်လူချောတို့တူပရီးမှာကား မောင်တုတ်ဘာကြံမည်ကို တွေးရင်း ငေး၍ကျန်ခဲ့ကြလေသတည်း။

▶▶ ◀◀

အချိန်မှာ ညနေစောင်း ညီအစ်ကိုမသိတသိအချိန်ပင် ဖြစ်၏။

အသက်အားဖြင့် မတိမ်းမယိမ်းရှိကြမည့် ဆယ့်ခြောက်နှစ်အရွယ်ခန့်မိန်းကလေးနှစ်ဦးသည် မောင်လူချော၏အိမ်ဘက်သို့ ရှေ့ရှုသွားနေကြ၏။

တစ်ဦးမှာ ညိုညိုတုတ်တုတ်လေးဖြစ်ပြီး ညိုညိုဟုအမည်ရ၏။ တစ်ဦးကတော့ ဖြူသွယ်ချောလေးဖြစ်ပြီး ရွှေစင်ဟုခေါ်၏။ နှစ်ဦးလုံးမှာ မောင်တုတ်၏ညီမတစ်ဝမ်းကွဲများဖြစ်ကြ၏။ နှစ်ဦးလုံး၏အသွင်ကတော့ စူးစမ်းလိုသူ၊ သတ္တိကောင်းသူများ၏ တန်ပန်များ ပေါ်လွင်နေ၏။

မောင်လူချောတို့ခြံရှေ့ရောက်တော့ "ကိုလူချော" ဟု ဖြိုင်ဆူခေါ်ကြ၏။ ခေါ်ရင်းပင် အိမ်ခြံဝင်းအတွင်း ပိုင်စိုးပိုင်နင်းဝင်လိုက်ကြ၏။ ခြံထဲတွင် ပေါင်းပင်နုတ်နေသော မောင်လူချောကို မြင်တော့ နှစ်ဦးသား မောင်လူချောနား မပြေးရုံတစ်မယ်သွားကြ၏။

"တွေ့မှတွေ့ပါ့မလားလို့ ကိုလူချော ရယ်"

ဟုလည်း ပြောရင်း မောင်လူချောဘေးမှာ ဝင်ထိုင်လိုက်၏။ ညိုညိုကတော့ မထိုင်ဘဲ တစ်စုံတစ်ရာကို စူးစမ်းနေဟန်ရှိ၏။

"နင်တို့ ပန်းဝယ်မလို့လား"

"မဟုတ်ဘူး။ နင့်ဆီက ပန်းတောင်းမလို့"

မောင်လူချော၏အမေးကို မိန်းကလေးနှစ်ဦးက မခို့တရို့ ဖြင့်ဖြေ၏။ ထိုင်နေသည့်မိန်းကလေးက မောင်လူချော၏လက်ကို ဆွဲလျက်..

"လာဟာ..ပန်းလိုက်ခူးပေး"

ဟု ပြောလေ၏။ မောင်လူချောမှာ ကြောင်ကြောင်အမ်း အမ်းဖြစ်နေစဉ်မှာပင် မောင်လူချော၏လက်ကိုကိုင်ထားသော မိန်းကလေးလက်သည် ရုတ်ခြည်းပြုတ်ကျသွားတော့၏။ လက်ကလေး ခါ၍လည်း..

"လူချော..နင် ငါ့လက်ကို ပုတ်ချတယ်။ နာလိုက်တာ ဟယ်"

ဟု ပြော၏။ မောင်လူချောက..

"နင့်လက်ကို ငါမပုတ်ရပါလား။ နင့်ဘာသာ ဘာဖြစ်ရ တာလဲ"

ဟု ပြန်မေးလေ၏။

အဖြစ်အပျက်အားလုံးကိုကြည့်နေသော ညိုညိုက..

"ဟဲ့. . ရွှေစင်။ နင့်လက်ကို လူချောပုတ်ချတာ ငါမမြင်ပါဘူး။ နင့်ဘာသာပြုတ်ကျပြီးတော့. ."

ဟု ပြောရင်း ဘေးဘီသို့လည်း ကြည့်နေလေ၏။

ရွှေစင်က မကျေမနပ်နှင့် မျက်မှောင်ကုပ်လျက်. .

"ငါ့ဘာသာပြုတ်ကျတာ မဟုတ်ဘူးဟဲ့။ ပုတ်ချခံရတာ။ မယုံရင် လူချောလက်ကို နင်လာကိုင်ကြည့်"

ဟု ပြောလေရာ ညိုညိုကလည်း. .

"အေး. . ကိုင်ကြည့်မယ်"

ဟု ပြောကာ မောင်လူချော၏လက်ကို လှမ်းကိုင်ရန်ပြင်လေ၏။

"အမယ်လေး. ."

မောင်လူချောလက်ကို ကိုင်မည်ကြံသော ညိုညိုမှာလည်း နောက်လန်ကျလုမတတ် ယိုင်သွားသည်ဖြစ်ရာ မလဲအောင် မနည်းကြီးထိန်းလိုက်ရလေ၏။

ထိုစဉ် မောင်တုတ်တစ်ယောက် ဘယ်ကရောက်လာမှန်းမသိ ခြံထဲပြေးဝင်လာပြီး

"ညီမလေး. . ညီမလေး"

ဟု ခေါ်လေ၏။

မောင်တုတ်အသံကြားတော့ မိန်းကလေးနှစ်ဦး အားရှိသွားဟန်ရှိ၏။

"အစ်ကိုတုတ်" ဟုပြိုင်တူခေါ်ရင်း မောင်တုတ်ထံပြေးသွားကြလေ၏။ မောင်တုတ်အား ဤသို့ အသီးသီးပြောကြလေ၏။

"ဟုတ်တယ်. . လက်ကိုပုတ်ချတယ်"

"ငါ့ရင်ဘတ်ကို ဆောင့်တွန်းတယ်။ အကောင်တော့ မမြင်ရဘူး"

မောင်တုတ်က မောင်လူချောအား လက်ကာပြပြီး. .

"ဟုတ်တယ် မောင်လူချောရေ. .။ မင်းနောက်မှာ မျက်ထောင့်နီကြီးရှိလေရဲ့။ ခုန ငါ့ကိုတောင် မျက်ထောင့်နီကြီးနဲ့ ကြည့်နေလေရဲ့။ ငါတော့ ယုံပါပြီကွာ။ သူတို့ကို အိမ်ပြန်ပို့လိုက်ဦးမယ်"

ဟု ပြောကာ ညီမနှစ်ယောက်ကို ခေါ်သွားလေတော့၏။ မိန်းကလေးနှစ်ဦးမှာလည်း ကုပ်ချောင်းချောင်းနှင့်လိုက်သွားကြရင်းမှ မောင်လူချောကိုလှမ်းကြည့်ကာ ပခုံးနှစ်ဖက်တွန့်ပြသွားကြလေသတည်း။

▸▸ ◂◂

"အင်း. . မောင်တုတ်လုပ်မှ ပိုရှုပ်သွားပြီ။ တစ်မြို့လုံးလည်း ဒီအကြောင်းတွေ နှံ့နေပြီ၊ ဘယ်လိုလုပ်ကြမလဲဦးလေး"

"ငါလည်း ဒါပဲစဉ်းစားနေတာ။ မောင်တုတ်စမ်းသပ်ပုံအရဆို သူတို့ပြောတဲ့မျက်ထောင့်နီဆိုတာ ရှိနေပြီး မင်းကို မိန်း

တလေးတွေရောတာကို မကြိုက်တဲ့သဘောပဲ”

“ဟုတ်တယ် ဦးလေးရ။ သူမကြိုက်တာ အရေးမကြီးဘူး။ ဒီပုံစံကြီးနဲ့ ဆက်သွားလို့ကတော့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်တို့အတွက် အန္တရာယ်မရှိပေမယ့် မတော်တဆရောက်လာတဲ့ မိန်းတလေးတွေအတွက် အန္တရာယ်ဖြစ်ကောင်းဖြစ်နိုင်တယ်”

“ဒီလိုလုပ်မယ်ကွာ။ တို့များ ဘုန်းကြီးပင့်၊ ပရိတ်ရွတ်၊ တမ္ဗဝါလေးညှပ်လိုက်ရင် မကောင်းဘူးလား”

“ဦးလေး သင့်သလို စီမံပေါ့”

ထိုစဉ် မောင်လူချောတို့ စကားပြောနေသည့်နေရာသို့ ‘ဒုန်း’ဆို အုန်းသီးတစ်လုံးကျလာကာ သူတို့ဆီလိမ့်လာလေ၏။ အုန်းပင်မှာ သူတို့နှင့်ဝေးလှသော်လည်း အုန်းသီးက အနားသို့ကျလာပြီး လိမ့်လာသည်မှာ လူကပစ်လိုက်သည်နှင့်တူတော့၏။

အုန်းသီးကိုကြည့်လိုက်တော့လည်း ကြွေရန်အကြောင်းမရှိသေးသည့် အစိမ်းသက်သက်ဖြစ်နေသည်ကို တွေ့ရသဖြင့် နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြလေတော့၏။

အတန်ကြာမှ မောင်လူချော၏ဦးလေးက ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း. .

“အင်း. . တို့ တစ်ခါမှ ဒီလိုမကြုံဖူးသေးဘူး။ တို့ကို တစ်ခုသော့ ပြောချင်ပုံပဲ”

ဟု ပြောလေရာ မောင်လူချောက အလေးအနက်စဉ်းစား

ဟန်ပြုလျက် ဤသို့ပြန်ပြောလေ၏။

"အင်း. . ဒါဟာ အဖေနဲ့အမေတို့များ ဖြစ်နေမလား။ စွဲလမ်းစိတ်နဲ့များ ဒီလိုဖြစ်နေသလားဟင် ဦးလေး"

"ဒါတော့ ငါလည်းစဉ်းစားမိပါတယ်။ ဘာပဲဖြစ်ဖြစ် ဘဝချင်းခြားနေကြပြီဆိုတော့ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ အစီအစဉ်အတိုင်း ဆက်လုပ်မှဖြစ်မယ်"

မောင်လူချော၏ဦးလေးက စကားဖြတ်၍ ထသွား၏။ မောင်လူချောတစ်ဦးတည်း ငိုင်၍ကျန်ရစ်၏။ မောင်လူချော၏ရင်ထဲမှာ ဗလောင်ဆူနေသည်။ ဒီလိုဖြစ်နေတာ သူ့မိဘတွေကြောင့်လား။ ဂယနဂဏာသိချင်စိတ်က ရင်ထဲမှာတလိမ့်လိမ့်ဖြစ်နေ၏။

မောင်လူချော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ သူ့ဦးလေးကို ဘာမျှမပြော။ သူ့ဘာသာစီစဉ်မည်ဟုလည်း တွေးထားလိုက်၏။

ထိုနေ့ညနေက မောင်လူချော ထူးထူးဆန်းဆန်းတွေလုပ်လေ၏။ ဈေးသို့ကိုယ်တိုင်သွား၍ ကြက်သားနှင့်ဘူးသီးဝယ်လာ၏။ ဖယောင်းတိုင်၊ အမွှေးတိုင်များ ဝယ်လာ၏။

"မောင်လူချော. . မင်းက ထူးထူးခြားခြား ကြက်သားနဲ့ ဘူးသီးဝယ်လာရတယ်လို့။ ဘာလုပ်ဖို့လဲ"

ဦးလေးဖြစ်သူက တအံ့တဩမေး၏။ မေးမည်ဆိုလည်း မေးလောက်၏။ သူ့မိဘများဆုံးပြီးကတည်းက မောင်လူချော ကြက်

သား၊ ဘူးသီး နှစ်မျိုးလုံးမစားတော့။ ယခုမှ ကိုယ်တိုင်ဝယ်လာသည်ဆိုတော့. .

"ဆွမ်းလောင်းချင်လို့။ ကိုယ်တိုင်ချက်မှာ"

ဟု ပြောရင်း မောင်လူချောကိုယ်တိုင်ဟင်းချက်၏။ ညနေအတော်မှောင်မှ ဟင်းကျက်၏။ ထမင်းပန်းကန်တစ်ချပ်နှင့် ကြက်သားဟင်းတစ်ပွဲကိုထည့်ပြီး အိမ်ပျက်ကြီးဆီသို့ယူသွား၏။

ဖုံတက်နေသောခုံဟောင်းများကိုခါကာ ထမင်းနှင့်ဟင်းတို ချထား၏။ ဖယောင်းတိုင်နှင့်အမွှေးတိုင်လည်း ထွန်း၏။ ပြီး. . လက်အုပ်လေးချီကာ၍သို့ပြောလေ၏။

"အဖေနှင့်အမေခင်ဗျား. .။ တမလွန်ဘဝနဲ့ ဒီအိမ်ကြီးမှာရှိနေခဲ့တယ်ဆိုရင် ထူးခြားစွာပြသပါခင်ဗျား။ သေသေချာချာသိရအောင် အိပ်မက်များလည်း ပေးပါခင်ဗျား"

မောင်လူချောက ပြောရင်း မိဘများကိုရည်မှန်းကာ ကန်တော့လေ၏။ မောင်လူချောကန်တော့နေစဉ် ဖယောင်းတိုင်ငါးတိုင်လုံး မီးများငြိမ်းကုန်၏။ တစ်တိုင်ပြီးတစ်တိုင် ငြိမ်းခြင်းဖြစ်သည်။

"အဖေနှင့်အမေအတွက် ထမင်းဟင်းလျာများ လှူဒါန်းပါတယ်ခင်ဗျား"

ဟု ဆို၍လည်း ထမင်းပန်းကန်၊ ဟင်းပန်းကန်များကိုတိုင်မြှောက်ပြီး ပြန်ချထားလေ၏။

အားရအောင်လုပ်ပြီးမှ မောင်လူချော အိမ်ပျက်ကြီးထဲမှ

ထွက်ခဲ့၏။

"ဟင့်..အဟင့်..အဟင့်.."

မောင်လူချောနားထဲမှာ ရှိုက်သံသဲ့သဲ့ကြားရ၏။ အိမ်ပျက်ထဲမှ ကြားရခြင်းဖြစ်သောကြောင့် လှည့်ကြည့်မိ၏။ ဘာမှမမြင်ရ။ လှည့်ကြည့်တော့ အသံပျောက်သွား၏။

မောင်လူချောလည်း သက်ပြင်းချပြီး အိမ်လေးဆီသို့ပြန်ခဲ့၏။ ဘာရယ်မသိ မောင်လူချောရင်ထဲမှာ လေးနေ၏။ တစ်စုံတစ်ရာကို အလိုမကျသည့်ဟန်ပန်ဖြစ်နေ၏။ တကယ်လည်း ဘာကို အလိုမကျမှန်းမသိ။

အိမ်လေးထဲမှာ ဦးလေးဖြစ်သူကတော့ စောစောအိပ်လို့နေပြီဖြစ်၏။ မောင်လူချော တော်တော်နှင့်မအိပ်ဖြစ်။ အိမ်ပျက်ကြီးဆီသို့ လှမ်းကြည့်နေမိသည်။

"ညအတော်နက်မှ အိပ်ရာဝင်ဖြစ်၏။ တော်တော်နှင့် အိပ်မပျော်။ အိပ်ပျော်သွားတော့ အိပ်မက်မက်လေ၏။

အများသူငါပြောနေကြသည့် မျက်ထောင့်နီကြီးကို မောင်လူချော အိပ်မက်ထဲမှာတွေ့ရ၏။ ငိုထား၍ နီနေသောမျက်လုံးများကို မြင်ရသည်မှာ ကြောက်စရာမဟုတ်။ သနားစရာဟု မောင်လူချောထင်မိ၏။

"သားရယ်.. အမေ့ကို နှင်ကြတော့မလို့လား။ အမေ့မှာတော့ သားကိုစွဲလမ်းလွန်းလို့ ဒီဘဝရောက်ပြီး ရောက်ရာဘဝက

နေ သားကိုစောင့်ရှောက်နေခဲ့တာပါ။ သားအနားကို ဘယ်မိန်းကလေးမှ ကပ်တာ အမေမကြိုက်ဘူး။ ဒါကြောင့် သူတို့ကိုဟန့်တာပါ။ ကြောက်အောင်ခြောက်တာ မဟုတ်ပါဘူး"

အိပ်မက်ထဲမှ မျက်ထောင့်နီကြီးမှာ သူ့အမေဖြစ်နေမှန်း မောင်လူချောသိရ၍ ယူကျုံးမရဖြစ်မိလေ၏။

"သားစားစေချင်တဲ့ ထမင်း၊ ဟင်းလျာတွေကို အမေစားလို့မရပါဘူးကွယ်။ သားချက်ထားတဲ့ ထမင်း၊ ဟင်းတွေကို လှူလိုက်ပြီးမှ အမျှဝေပါ။ ဒါဆို အမေစားရလိမ့်မယ်။ ပရိတ်တွေရွတ်ပြီး မနှင်ဖို့လည်း မင်းဦးလေးကို ပြောလိုက်ပါကွယ်နော်"

အိပ်မက်ထဲမှာ မိခင်ဖြစ်သူပြောသွားသမျှ မောင်လူချောမေ့မရ။ မနက်မိုးလင်းသည်နှင့် ဦးလေးကိုနှိုး၍ ပြောပြလိုက်၏။

"အင်း. . အစ်မအဖြစ်က သနားစရာပဲ။ ဒါ. . စွဲလမ်းမှုရဲ့နောက်ဆက်တွဲပဲ။ သူ့အကျိုးရှိအောင် တို့လုပ်ပေးတတ်ဖို့ လိုလိမ့်မယ်။ ကိုင်း. . မင်းချက်ထားတဲ့ဟင်းတွေကို ထည့်ကွာ။ ကျောင်းသွားလှူကြရအောင်"

ထိုနေ့က မောင်လူချောတို့တူဝရီးနှစ်ဦးသား ကျောင်းသို့သွား၍ ဆွမ်း၊ ဆွမ်းဟင်းတို့ကို လှူဒါန်း၏။ နောက်ရက်များတွင် ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့ကို လှူဒါန်း၏။

လှူပြီးတိုင်း မိဘနှစ်ပါးကိုပင့်ဖိတ်၍ အမျှဝေ၏။ ဤသို့ ဒါနများပြုလုပ်၍ အမျှအတန်းဝေပြီးသည့်နောက် မောင်လူချော

တို့ခြံထဲမှာ ရိုပ်ခနဲအရိပ်များ မမြင်ရတော့။

မိန်းကလေးများလာလျှင်လည်း ဘာမျှပြဿနာမဖြစ်တော့။ ကာလအတန်ကြာသည့်တိုင် ဘာပြဿနာမျှမဖြစ်တော့၍ မောင်တုတ်က ဤသို့အကြံပြု၏။

“ပိုသေချာအောင် ငါစမ်းကြည့်ချင်သေးတယ်”

“ဘာလဲ။ မင်းနှမတွေနဲ့ စမ်းမလို့လား။ အခုသွားခေါ်ခဲ့”

မောင်လူချောစကားကြောင့် မောင်တုတ်မျက်နှာမှာ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ သို့သော် သူ့အကြံကိုတော့ လက်မလျှော့။ ဤသို့ထပ်ပြောလေ၏။

“ဟော့ကောင်လူချော. . ။ မနက်ဖြန် ငါ့နှမနှစ်ယောက်လုံး ခေါ်ခဲ့ဦးမယ်။ ဒီတစ်ခါ ဘာမှမဖြစ်ရင်တော့ သေချာပြီပေါ့”

“ခေါ်ခဲ့. . ။ မနက်ဖြန် ကြာတယ်။ အခုပြေးခေါ်လိုက်ပါလား။ အိမ်နီးနီးလေးပဲဟာ။ ဟား. . ဟား. . ဟား. . ”

မောင်လူချောရယ်မောသော်လည်း မောင်တုတ်မရယ်နိုင်ပါ။ အကြောင်းမူ ယခုအချိန်တွင် မောင်လူချောသည် ၁၇ နှစ်အရွယ် ကာလသားပေါက်ဖြစ်နေပြီဖြစ်သောကြောင့်တည်း။

▸▸◂◂

“ကိုလူချောရှိလားဟင်”

“ရှိတယ်. . ဒီမှာ. . ဒီမှာ. . လာ. . လာ. . ”

မောင်တုတ်၏နှမနှစ်ယောက်ဖြစ်ကြသော ရွှေစင်နှင့် ညိုညိုက ခြံဝမှမေးခြင်းဖြစ်၍ မောင်လူချောက အထဲမှလှမ်းခေါ် လိုက်၏။မိန်းကလေးနှစ်ဦးမှာ မဝံ့မရဲဝင်လာပြီး ဟိုဟိုဒီဒီကြည့်နေ ကြလေ၏။

မောင်လူချောက အတင်းဆွဲခေါ်သဖြင့် ပန်းချီနားသို့ ရောက်လာ၏။

"လာ. . ပန်းခူးပေးမယ်"

ပန်းခူးပေးမယ်ဆိုပြီး မောင်လူချောက ရွှေစင်ကို ပန်းချီ နားဆွဲခေါ်၏။ ညိုညိုကတော့ ပွဲကြည့်ပရိတ်သတ်လို စူးစမ်းရင်း လိုက်လာ၏။

မောင်လူချောသည် မိန်းကလေး၏လက်ကို မလွှတ်။ မိန်း ကလေးကလည်း မရုန်းမိ။ အရင်က မိန်းကလေးက လက်ဆွဲခြင်း ဖြစ်ပြီး ယခု မောင်လူချောကပင် စဆွဲရုံမက လွှတ်ပင်မလွှတ်တော့။

ဘာများဖြစ်လာမလဲဟု စူးစမ်းသူကလည်း စူးစမ်းရင်း ကြည့်နေ၏။

ဘာများဖြစ်လာမလဲ. . ။

ဘာများဖြစ်လာမလဲ. . ။

ရင်တွေတထိတ်ထိတ်ခုန်နေကြ၏။ ဘာမှဖြစ်မလာသေး။

ထူးခြားလာသည်ကတော့ မောင်လူချောပင်။ လက်တစ် ဖက်ကိုင်ထားရတာ အားမရ၍လားမသိ။ နောက်လက်တစ်ဖက်

တိုပါ ထပ်တိုင်၏။ အနားသို့ ဆွဲတိုးစေလေ၏။

မိန်းမပျိုလေးကလည်း မရုန်းမိ။

ရှုးစမ်းသူညိုညိုကလည်း ကြောင်ကြည့်နေဆဲ . . ။

ထိုစဉ် . .

ရုတ်တရက် ထူးခြားမှုများဖြစ်လာ၏။ တဖုန်းဖုန်းပြေးလာသောခြေသံကို ကြားရ၏။

အသံနက်ကြီးဖြင့် အော်သံကိုလည်း ကြားရ၏။

"ဘောကောင်လူချော . . ။ ငါ့ညီမလက်ကို လွှတ်လိုက်တော့ ငါလုံးပြီ"

မောင်တုတ်၏ဝမ်းခေါင်းသံကြီးကြောင့် မောင်လူချောခမျာ လန့်ဖျပ်သွားပြီး လက်ကိုတွန်းလွှတ်ရမည့်အစား ဆောင့်ဆွဲမိသဖြင့် ရွှေစင်ခမျာ "အို" ဟုအော်ရင်း မောင်လူချော၏ရင်ခွင်တွင်း ရောက်လုနီးပါးဖြစ်သွားရချေ၏။

အနားရောက်လာသော မောင်တုတ်က လက်ကိုဆွဲဖြုတ်ကာ ညီမဖြစ်သူအား မျက်လုံးကြီးပြူးကြည့်နေလေ၏။

ထိုစဉ်ခိုက်ဝယ် လေအတိုက်၌ သင်းပျံ့မွှေးကြိုင်သောရနံ့များ လှိုင်သင်းလာသည်ကို အားလုံးသတိထားမိကြလျက် အံ့အားသင့်နေမိကြလေတော့သတည်း။ ။

❖

မနုစာရီမဂ္ဂဇင်း (၂၀၀၄၊ ဇီဇင်ဘာလ)



ဟုတ်မှာ . .။

ဒါတွေဟာ လောကရဲ့ ဖြစ်မြဲဓမ္မတာ ဖြစ်မှာပါပဲလေ။

ပျောက်သောသူ ရှာလျှင်တွေ့ . .

သေသောသူ ကြာရင်မေ့ ဆိုရိုးစကား ရှိသားပဲလေ။

ကျုပ်သာလျှင် သေအံ့မူးမူးမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် အာရုံမပြုခဲ့ပဲဘဲ . .

နေ့ီးမယားအပေါ် စိတ်အာရုံကူ ညွတ်ခဲ့ပါသေရဲ့ . .။

အဲဒီစွဲလမ်းမှုရဲ့ အကျိုးဆက်ကြောင့် . . .

# လေလွင့်လိပ်ပြာ

ဂျိမ်းခနဲအသံကြီးနဲ့အတူ ကျုပ်မျက်လုံးတွေ ပြာဝေသွားခဲ့တယ်။ ဝိန်းဝိတ်အောင်မှောင်နေတဲ့ကြားထဲက ကျုပ်မိန်းမရဲ့မျက်နှာလေးက ကွက်ခနဲပေါ်လာတယ်။

အလို့. . ကျုပ်ဟာ ကျုပ်မိန်းမရဲ့အနား ရောက်နေပါပေါ့လား။ မိန်းမက ညှော်ခန်းမှာ စာဖတ်ကောင်းတုန်း။ ကျုပ်ရောက်နေတာတောင် သူမသိဘူး။ "အဟမ်း. . အဟမ်း. . " လို့ ချောင်းဟန့်သံပေးလိုက်တာလည်း သူမကြားဘူး။ စာဖတ်မြဲဖတ်နေတယ်။

"ဟော့. . .သက်"

သူ့နာမည်ကို တိုးတိုးလေးခေါ်လိုက်တယ်။ ဒါလည်း သူမကြားပြန်ဘူး။ ဒီလောက်တောင် စာအုပ်ကို သဲကြီးမဲကြီးဖတ်နေ

လိုက်တာ ကိုယ့်ယောက်ျားအနားရောက်နေတာတောင် မသိဘူးဆို တော့ ကျုပ်ကျွဲမြီးတိုသွားတယ်။ သူ့လက်ထဲကစာအုပ်ကို ကျုပ်လှမ်း ပုတ်ချလိုက်တယ်။

ဖြုတ်ဆို စာအုပ်က ပြုတ်ကျသွားတော့ သက်တော်တော် အံ့သြသွားပုံရတယ်။ စာအုပ်ကိုပြန်မကောက်သေးဘဲ တစ်စုံတစ်ရာ ကို စဉ်းစားနေတယ်။ ကျုပ်အနားမှာရပ်နေတာကိုတောင် မသိသေး တဲ့အတွက် ကျုပ် သူ့ခေါင်းလေးကို လှမ်းပုတ်လိုက်တယ်။

အလို. . ဘယ်လိုပါလိမ့်။ သက်အသားတွေ ဘာဖြစ်နေပါ လိမ့်။ ကျုပ်ရဲ့လက်က သူ့ဦးခေါင်းထဲ ကျွံဝင်သွားပါပေါ့လား။ ကျုပ် လက်တွေကလည်း ဘာကိုမှ မထိမတွေ့ရသလိုပါပဲလား။ သက်ရဲ့ ဆံစလေး နည်းနည်းလှုပ်သွားတာလောက်ရှိတဲ့အတွက် ကျုပ်အံ့သြ နေမိတယ်။

သက်ကိုကြည့်ရတာတော့ အံ့သြတာရော၊ ကြောက်လန့် တာရော ရောထွေးနေပုံပါပဲ။ သက်ကိုကြည့်နေရင်းက ဖြုန်းဆို ကျုပ်ကားကိုသတိရလိုက်တယ်။ ဟုတ်တယ်။ ကျုပ် ခုနပဲ ကားမောင်း လာတာပဲ။ ကားကိုသတိရလိုက်တာနဲ့ ကျုပ်ဟာ ကားဆီကိုရောက် သွားတော့တယ်။

ကျုပ်ရဲ့ကားနားမှာ လူတွေဝိုင်းလို့ပါလား။ ကားရှေ့ပိုင်း တစ်ပိုင်းလုံး ပိန့်ရှုံ့လို့ပါလား။ ရှေ့ကကားကြီးနဲ့ ခေါင်းချင်းဆိုင် တိုက်မိထားတာပဲ။

ကျုပ်က ကားရဲ့အပေါ်စီးကနေ အကုန်မြင်နေရတာ။ ကျုပ်ကားထဲက ကျုပ်နဲ့တူတဲ့လူတစ်ယောက်ကို ဆွဲထုတ်နေကြပါလား။ ကျုပ်နဲ့တူတဲ့လူရဲ့ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီလို့ပါလား။

မကြာမီ လူနာတင်ယာဉ်တစ်စီးရောက်လာပြီး ကျုပ်ရဲ့ပုံတူလူကို သယ်ဆောင်သွားလေရဲ့။ ကျုပ်လည်း လူနာတင်ယာဉ်ရဲ့နောက်က လိုက်ကြည့်နေမိတယ်။ ကျုပ်သွားရာလမ်းတစ်လျှောက်မှာ ကျုပ်လိုလူတွေပါလား။ ထူးတော့ထူးတယ်။ လမ်းလျှောက်သွားနေကြတာမဟုတ်ဘဲ လေထဲမှာလွှင့်မျောသွားနေကြတာပဲ။

ဟင်. . ဒါဆို ကျုပ်လည်း လေထဲမှာလွှင့်မျောသွားနေတာပေါ့။ ဟုတ်တယ်. . ။ ကျုပ် လေထဲမှာ လွှင့်မျောသွားနေတာ။ လူနာတင်ယာဉ်ရဲ့နောက်က ကပ်လိုက်နေခဲ့တာပဲ။ လမ်းဘေးကသစ်ပင်တွေ တရိပ်ရိပ်နဲ့ကျန်ခဲ့တယ်။ လမ်းဘေးကုက္ကိုပင်ကြီးတစ်ပင်မှာ လူတစ်ယောက်က လက်ပြနှုတ်ဆက်လို့ ကျုပ်လည်းလက်ပြန်ပြခဲ့တယ်။ ဘယ်သူများလဲမှတ်တယ်။ ဟိုတစ်လောကသေသွားတဲ့ ကိုခင်နိုင်ကြီးပဲ။ သူ ကုက္ကိုပင်ပေါ်တက်ပြီး ဘာလုပ်နေပါလိမ့်။

လူနာတင်ကားက ဆေးရုံဝင်းထဲမှာရပ်တာနဲ့ ကားထဲက ကျုပ်ရဲ့ပုံတူလူကို ကပ်နဲ့မ,ထုတ်သွားကြတယ်။

"ဟင်. . ဟိုမှာလာနေကြတာ အဖေနဲ့အမေတို့ပါလား။ သက်လည်းပါတာကိုး။ သက် ခုနပဲစာအုပ်ဖတ်နေပြီးတော့ အခု

ချက်ချင်း ဆေးရုံရောက်လာလို့ ကျုပ်အံ့ဩနေမိတယ်။ သက်က ကျုပ်ရဲ့ပုံတူလူကို ဖက်ပြီးငိုတယ်။ အဖေနဲ့အမေကလည်း မျက်ရည်ကျနေတယ်။

သူတို့ ဘာလို့ငိုနေကြတာလဲ။ ကျုပ်နားမလည်နိုင်ဘူးဖြစ်နေတယ်။ မငိုဖို့ပြောမလို့ အမေ့နားကို ကပ်လိုက်တယ်။ အမေက အငိုရပ်ပြီး တစ်ချက်စူးစမ်းသလိုလုပ်တယ်။ နောက်ပြီး ဟင့်ခနဲ ရှိုက်ပြန်တယ်။ သက်ကလည်း ငိုဆဲမို့ ချော့ဖို့ သက်အနားကို ကပ်သွားမိပြန်တယ်။

"သက်. . သက်. . မငိုပါနဲ့။ မောင်ဒီမှာလေ"

သက်မကြားဘူး။ လှည့်မကြည့်ဘူး။ ငိုမြဲငိုနေတယ်။ ကျုပ်ဘယ်သူ့ကိုမှ စကားပြောလို့မရဘူး။ ကျုပ်ကို ဘယ်သူမှ ဂရုမစိုက်ကြဘူး။ အားလုံး မသိကျိုးကျွန်လုပ်နေကြတယ်။ ကျုပ် စိတ်ပေါက်ပေါက်ရှိတာနဲ့ စားပွဲပေါ်ကပန်းအိုးကို လက်နဲ့ဆွဲချလိုက်မိတယ်။

"ချလွမ်း"

ပန်းအိုးကျကွဲသွားတော့ အားလုံးလန့်ဖျပ်ကုန်ကြတယ်။ ကျုပ်လက်က ပန်းအိုးထဲကျုံဝင်သွားပေမယ့် အရှိန်နဲ့ကျသွားခဲ့တာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လက်က ပန်းအိုးကို တိတိပပကိုင်လို့တွယ်လို့မရတာတော့ အမှန်ပဲ။ သက်လက်ထဲကစာအုပ်ကို ပုတ်ချလိုက်တုန်းကလည်း အရှိန်ကြောင့်သာ ပြုတ်ကျသွားတာဖြစ်မှာပါ။ တကယ်တော့ ကျုပ်ဟာ လူတွေကိုခေါ်လို့မရရုံတင်မက

အရာဝတ္ထုတွေကိုလည်း ကိုင်တွယ်လို့မရ ဖြစ်နေပါပြီ။

ကျုပ် ဘာတွေဖြစ်နေလဲ။ ကျုပ် ဘာမှနားမလည်နိုင်တော့တာ အမှန်ပါပဲ။ နောက်ဆုံးမှာတော့ ကျုပ် အားလုံးကိုအလျှော့ပေးလိုက်ရတော့တယ်။ သူတို့က ကျုပ်ပြောနေတာတွေကို မကြားမှတော့ ဘာမှမပြောတော့ဘဲ သူတို့လုပ်ကိုင်နေတာတွေကိုပဲ ကြည့်နေမိတော့တယ်။

တကယ်တော့ သက်နဲ့ကျုပ်ဟာ လက်ထပ်ပြီးတာ တစ်လတောင်မပြည့်သေးပါဘူး။ ကျုပ် ခရီးတစ်ခုက ကားမောင်းပြန်အလာ ကားကြီးတစ်စီးနဲ့ တိုက်မိကြတာပဲ။ ဒါပဲ ကျုပ်မှတ်မိတော့တယ်။

သက်ဟာ ဆေးရုံပေါ်မှာတင် ငိုရင်းနဲ့ သတိလစ်သွားလို့ ဆရာဝန်၊ ဆရာမတွေက ကုသပေးလိုက်ရသေးတယ်။ ကျုပ်လည်း သက်အနားကမခွာဘဲ ကြည့်နေခဲ့တယ်။ သက်နေကောင်းလို့ အိမ်ပြန်တော့ ကျုပ်လည်းတစ်ပါတည်းလိုက်သွားတော့တယ်လေ။

ရက်စက်တယ်ဗျာ။ အိမ်စောင့်နတ်ဆိုတဲ့ပုဂ္ဂိုလ်က ကျုပ်ကို အိမ်ထဲမဝင်ရဘူးတဲ့လေ။ ကိုယ့်အိမ်ကိုယ်ဝင်တာပဲဆိုတော့လည်း လက်မခံဘူးဗျာ။ ဒါနဲ့ ကျုပ်လည်း ခြံရှေ့က ပြူတစ်ပြူတစ်လုပ်ရင်း သက်ကိုကြည့်နေရတော့တယ်။

ခွေးတွေထိုးဟောင်ရင်ဖြင့် ကျုပ်မှာ ပြေးရတာ အမောပါ။ ကျုပ်ကို အရင်ကတည်းက သိပ်ခင်တဲ့ ဂျက်ကီဆိုတဲ့ခွေးကြီးကတော့ မဟောင်ဘူးဗျ။ ကျုပ်ကိုသူလှမ်းကြည့်ပုံကဖြင့် သိနေသလိုပါပဲ။ ကျုပ်

ကတော့ ခွေးတွေကိုကြောက်နေမိတယ်။ အရင်က ခွေးမကြောက်တတ်ဘဲ ခုမှ ဘာလို့ ခွေးကြောက်ရမှန်းတောင် နားမလည်နိုင်တော့ပါဘူး။

အဲမယ်. . ဆွမ်းကျွေးတဲ့နေ့ကျတော့ ကျုပ်ကိုဖိတ်သဗျ။ အဲဒီအချိန်ကျတော့ အိမ်ထဲကိုဝင်လို့ရသားပဲ။ သက်က ရေစက်ချပြီး အမျှဝေတယ်။

"မောင်ရေ. . အမျှ. . အမျှ. . အမျှယူပါ" တဲ့။

ကျုပ်သာခုမခေါ်ခဲ့ဘူး။ သာခုခေါ်ခဲ့ရင် ကျုပ် သက်နဲ့ဝေးတော့မှာ။ ကျုပ်သိပ်ချစ်ရတဲ့ သက်နားမှာပဲနေဖို့ ကျုပ်ဆုံးဖြတ်ပြီးသား။

ဪ. . ကျုပ်ဘာဖြစ်နေတယ်ဆိုတာ ကျုပ်ကိုယ်ကျုပ်သိခဲ့ရပါပြီ။ ကျုပ်ဟာ ကားတိုက်လို့ သေခဲ့ရပြီလေဗျာ။

►► ◄◄

ကျုပ်ဘဝက ဆိုးပါတယ်။ သက်နဲ့လက်ထပ်ပြီး တစ်လ မပြည့်သေးပါဘူး။ ကားတိုက်သေခဲ့ရတယ်။ သက်ကိုစွဲလမ်းတဲ့စိတ်နဲ့ သေလို့ ကျုပ်မှာ ပြိတ္တာဖြစ်နေရပါပြီကော။ စွဲလမ်းမှုရဲ့ စေစားချက်ကြောင့် ကျုပ်တာ သက်အနားမှာပဲ နေလိုခဲ့တယ်။

ကျုပ် သက်ကိုသိပ်ချစ်တယ်။ သနားလည်း သနားနေမိတယ်။ သက်ကလည်း ကျုပ်ကိုသိပ်ချစ်တာပဲမဟုတ်လား။ ကျုပ်နဲ့သက် ညနေဘက်ဆို ခြံထဲကဒန်းကလေးပေါ်မှာ နှစ်ဦးယှဉ်ထိုင်လို့

စကားတွေပြောတတ်ကြပါရဲ့။ အခုတော့ သက်တစ်ယောက်တည်း ရယ်။ မှိုင်တွေပြီး ဒန်းလေးပေါ်မှာ ငိုင်လို့ပေါ့။ မျက်ရည်တွေလည်း သိမ့်ဆင်းနေတယ်။

"မငိုပါနဲ့သက်ရယ်။ ဘဝချင်းခြားနေပေမယ့် ကိုယ်မင်းကို ချစ်လျက်ပါ။ ရောက်ရာဘဝက မင်းအနားမှာပဲ တစ်ဖဝါးမခွာ နေပါ့မယ်။ မင်းကို ဘ၀ခြားလည်း ချစ်နေမှာပါ"

ကျုပ် သက်ရဲ့ဘေး ကပ်ပြီး တိုးတိုးလေးပြောနေမိတယ်။ သက်ကတော့ မကြားသလိုပါပဲ။ ကျုပ် သက်ကို သိပ်သနားနေမိ တယ်။ သက်ကျုပ်ကိုလွမ်းနေတယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ် ဘယ်လိုဖြေဆည်ရမယ်ဆိုတာတောင် မသိဘူး။ သက်အတွက် ဝမ်း နည်းမိတယ်။

"မောင်ရယ်. . သက်လေ မောင့်ကိုသိပ်ချစ်တယ်။ မောင် ဆလွဲရင် ကျန်တဲ့ယောကျ်ားတွေဟာ သက်အတွက် ဖွဲနဲ့ဆန်ကွဲတွေ ပါမောင်။ သက်ဘဝရဲ့ ထာဝရအချစ်ဆုံးကြင်ဖော်ဟာလေ မောင် တစ်ယောက်တည်းပါ မောင်ရဲ့"

သက်ပြောခဲ့ဖူးတဲ့ စကားတွေကို ပြန်လည်ကြားယောင် ရင်း ကျုပ်ရင်ထဲမှာ ကျင်ခနဲဖြစ်သွားတယ်။ ကျုပ်ကိုသိပ်ချစ်လှပါ တဲ့ သက်ကို ရောက်ရာဘဝကနေ ကြည့်ရှုစောင့်ရှောက်ဖို့ ကျုပ်ဆုံး ဖြတ်ပြီးသွားပဲလေ။

▶▶ ◀◀

ကျွန်ုပ် သက်ကို အရိပ်တကြည့်ကြည့်နဲ့နေလာခဲ့တာ လေးငါးလလောက်ရှိတော့မယ်။ ဒီတိုတောင်းတဲ့ကာလအတွင်းမှာ သက်ပြောင်းလဲသွားတာ ကျွန်ုပ်အံ့ဩနေမိတယ်။

ဟုတ်တယ်. . ။ သက်ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ ကဲ့နေတယ်။ ခေါ်တာလည်း ကြည့်ဦး။ 'မောင်. . 'တဲ့။ ဟိုကလည်း 'သက်. . 'တဲ့။ ဒါဟာ ကျွန်ုပ်နဲ့သက်ရဲ့ မူပိုင်အသုံးအနှုန်းတွေမဟုတ်ဘူးလား။ သက် ဘာလို့ သူစိမ်းယောကျ်ားလေးကို မောင်လို့ခေါ်ရတာလဲ။

ကျွန်ုပ်မကျေနပ်ဘူး။ သက်ကို ကျွန်ုပ်သတိပေးရတော့တယ်။ သက်သိအောင် ကျွန်ုပ်အမျိုးမျိုးလုပ်ပြတယ်။ ဒီမှာတင် သက်တို့က ကျွန်ုပ်အပေါ် ရက်စက်မှုအပေါင်း သရုဖ္ဆောင်းပြလိုက်တော့တယ်။ ဘုန်းကြီးတွေပင့်ပြီး ပရိတ်တွေရွတ်လို့ ကျွန်ုပ်ကိုနှင်ခဲ့သဗျ။ ကျွန်ုပ်လည်း ပြေးလိုက်ရတာ မောနေတာပဲ။

ဘာပဲဖြစ်ဖြစ် အချိန်တန်တော့ ကျွန်ုပ်စွဲလမ်းတဲ့ သက်ဆီပဲ ကျွန်ုပ်ပြန်လာခဲ့မိတယ်။ သက်ကတော့ ပိုပြီးလွတ်လပ်ပျော်ရွှင်နေသလိုပါပဲ။ မောင်ဆိုတဲ့ကောင်လေးနဲ့ ရယ်လိုက်မောလိုက်ပေါ့။

အို. . သူစိမ်းယောကျ်ားလေးရဲ့ရင်ခွင်ထဲ ဝင်တိုးနေပြန်ပါပေါ့လား။ သက်သိပ်လွန်လာပြီ။ ကျွန်ုပ်ရဲ့အသုံးအဆောင်ပစ္စည်းတွေကို သူစိမ်းလက်ထဲပေးလိုပေး လုပ်နေလေရဲ့။ သူတို့ကိုကြည့်ရင်း ကျွန်ုပ် ဒေါသတွေထွက်လာတယ်။

မကြိုက်ဆုံးကတော့ သက်နဲ့ကျုပ်ယှဉ်တွဲစီးနေကျဒန်းလေး ပေါ်မှာ သူစိမ်းနဲ့ယှဉ်တွဲထိုင်နေတာကိုပဲ။

အံမယ်. . အံမယ်. . ကိုသူစိမ်းက သက်ရဲ့ဆံစလေးကို သပ်ပေးပြီး ပန်းလေးတစ်ပွင့် ပန်ပေးနေလေရဲ့။ သက်မျက်နှာက လည်း တစ်လောကလုံးကို မေ့နေသလိုပါပဲ။

ကျုပ်. . ကျုပ်. . သူတို့နှစ်ဦးကို တွေကြည့်နေမိတယ်။ ကျုပ် ကိုချစ်လှပါချည်ဆိုတဲ့သက်ဟာ သူစိမ်းယောကျ်ားလေးရဲ့ရင်ခွင်ထဲ မှာ မခို၏သို့၊ ခို၏သို့နှယ်ရယ်။

သက်ရဲ့မျက်ဝန်းလဲ့လဲ့ကလေးများက ချစ်ရည်ရွှန်းလဲ့နေ လေရဲ့။

ကျုပ်ကြည့်နိုင်စွမ်းမရှိတော့ဘူး။ သူတို့အပါးက အသာ လေးခွာခဲ့တယ်။ ကျုပ် လေထဲမှာ လွင့်မျောနေပါရဲ့။ ဘယ်ဆီမှန်း လည်း မသိပါဘူး။ ကျုပ်လိုပဲ လေထဲမှာလွင့်မျောနေကြသူများက ကျုပ်ကို ပြုံးစစနဲ့ ကြည့်ကြတယ်။

ကုက္ကိုပင်ကြီးပေါ်က ကိုမင်းနိုင်ကြီးက ကျုပ်ကိုလည်းမြင် ရော. .

“ဟကောင်ရ. . ။ မင်းမိန်းမကမှ လေးငါးခြောက်လခံ သေးတယ်။ ငါ့မိန်းမဆို တစ်လနဲ့ အသစ်ရှာတော့တာမောင်။ ဒါ တွေဟာ ဖြစ်မြဲမေ့တာပါကွာ”

လို့ လှမ်းပြောလေရဲ့။

"ဪ . . ဒါတွေဟာ ဖြစ်မြဲဓမ္မတာတဲ့လား။

ကိုမင်းနိုင်ကြီးပြောလိုက်တာကိုတွေးရင်း ကျုပ် လေထဲ လွင့်မျောနေမိတယ်။

ဟုတ်မှာ . . ။

ဒါတွေဟာ လောကရဲ့ ဖြစ်မြဲဓမ္မတာ ဖြစ်မှာပါပဲလေ။

ပျောက်သောသူ ရှာလျှင်တွေ့ . .

သေသောသူ ကြာလျှင်မေ့ . .

ဆိုတဲ့ ဆိုရိုးစကား ရှိသားပဲလေ။

ကျုပ်သာလျှင် သေအံ့မူးမူးမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် အာရုံမပြုခဲ့မိဘဲ ဇနီးမယားအပေါ် စိတ်အာရုံ က ညွှတ်ခဲ့မိလေရဲ့။

စွဲလမ်းမှုရဲ့ အကျိုးဆက်ကြောင့် ဒီလိုဘဝဆိုးကြီးကို ရခဲ့ပြီး ဘယ်လောက်အထိ လွင့်မျောနေလိမ့်ဦးမယ်ဆိုတာလည်း ကျုပ်မသိ နိုင်ရှိုး အမှန်ပါပဲလေ။ ။

❖

သီလဝဘာသာရေးမဂ္ဂဇင်း (၂၀၀၄၊ မေလ)



# ဖားတစ္ဆေ

ကျုပ်ဟာ တစ္ဆေသရဲဆိုတာကို ယုံကြည်တဲ့သူမဟုတ်ပေမယ့် လောကမှာ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေသရဲရှိတယ်ဆိုတာ ဘုရားဟောင်ဟောထားခဲ့သေးတော့ ကျုပ်က မရှိဘူးလို့တော့ မငြင်းပါဘူး။ ကြောက်တတ်၊ မယုံကြည်ဘူးလို့သာ ပြောတာပါ။ မယုံကြည်ဘူးဆိုတာလည်း မရှိတာ၊ ရှိတာကို မယုံကြည်တာမဟုတ်ပါဘူး။ လူသားတွေနဲ့ ဆက်နွယ်မှု၊ ခြောက်လှန့်မှုများအပေါ် ယုံကြည်မှုမရှိတာပါ။

မယုံကြည်ဆို ကျုပ်အသက်ငါးဆယ်နားထိ ဘာတစ္ဆေသရဲကိုမှ မျက်ဝါးထင်ထင် မမြင်ဖူးခဲ့ပါဘူး။ အခြောက်အလှန့်လည်း မခံခဲ့ရဖူးပါဘူး။ ငယ်ငယ်ကလည်း သူငယ်ချင်းများနဲ့ ညနက်သန်း

ခေါင် တစ္ဆေသရဲအရှာထွက်ခဲ့ကြဖူးပါသေးရဲ့။ ဘာတစ္ဆေဘာသရဲမှ မတွေ့ခဲ့မိပေါင်။ အဲ. . လက်ထဲမှာတော့ လောက်လေးခွကိုယ်စီပါသဗျ။

ခွတစ်လက်စီနဲ့ သရဲရှာထွက်တယ်ဆိုပြီး ဟိုအပင်ပစ်၊ ဒီအပင်ပစ်ဆိုတော့ သရဲလည်းကြောက်တယ်ထင်ပါ့။ ထွက်မခြောက်ခဲ့ဘူးလေ။ ဒီတော့ ကျုပ်က တစ္ဆေသရဲကိုဘယ်လိုလုပ်ယုံကြည်တော့မှာတုန်း။

အခုတော့ ကျုပ်ဒီအပြောမျိုးကို လျှော့ချလိုက်ပါပြီ။ လောကမှာ ကိုယ်လက်လှမ်းမမီလို့ မသိတာ၊ မမြင်တာကို မဟုတ်ဘူး၊ မဖြစ်ဘူး၊ မရှိဘူးလို့ ဒိုင်ခံငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ။ ပမာအားဖြင့် လေကိုမမြင်ရပေမယ့် မရှိဘူးလို့ ငြင်းမဖြစ်သလိုပေါ့။

သရဲတို့ တစ္ဆေတို့ မယုံပါဘူးဆိုတဲ့ကျုပ် ကိုယ်တွေ့ကြုံတော့မှပဲ ရင်ခုန်မိတယ်ဗျာ။ အဟုတ်. . ။

သရဲတို့၊ တစ္ဆေတို့ဆိုတာ ကြောက်စရာပုံသဏ္ဌာန်နဲ့ အကောင်ကြီးကြီးလို့ ကျုပ်ထင်ထားခဲ့တာလည်း မှားပြန်ရောဗျာ။ မှားတယ်ဆိုတာ အကန့်အသတ်နဲ့ ပြောတာပါ။ လူချင်းတူတာတောင် ရုပ်သွင်ပုံသဏ္ဌာန် ဟန်ချင်းမတူကြသေးတော့ သရဲ၊ တစ္ဆေချင်းတူပေမယ့် ပုံသဏ္ဌာန်၊ ဟန်ချင်း တူချင်မှတူပေမပေါ့။

ကိုယ်တွေ့ကြုံတော့လည်း မယုံချင်လို့ မရတော့ဘူးလေ။ ကျုပ်ကြုံခဲ့ရတာလည်း ကြုံကြုံဖန်ဖန် 'ဖားတစ္ဆေ' တဲ့ဗျာ။

တကယ်ပါ။ ဖားလိုလို၊ လူလိုလို၊ ဖားမျက်နှာနဲ့တူသလိုလို၊ လူမျက်နှာနဲ့တူသလိုလို၊ အရုပ်နဲ့တူသလိုလို၊ အသားအရေက ရာဘာလိုလို၊ ကော်ရုပ်လိုလိုနဲ့။ တကယ်ပဲ ဘယ်လိုပုံဖော်ပြရမှန်းတောင် မသိပါဘူး။

တိုက်ဆိုင်ချင်တော့ ကျုပ် ဖားတစ္ဆေနဲ့ ရင်ဆိုင်ရပြီး နှစ်နှစ်လောက်မှာ ဖားတစ္ဆေနဲ့အလွန်တူတဲ့ ဖြတ်ပိုင်းပုံလေးတစ်ပုံ လက်ထဲဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့တယ်လေ။

အံ့ဩရုံတင်မက တုန်လှုပ်မိတာအမှန်ပါပဲ။ ပြောရင်းကြက်သီးတောင်ထမိပါရဲ့။

လောကကြီးမှာ အံ့ဩစရာအဖြစ်အပျက်တွေဆိုတာ တကယ်ပဲ ဖြစ်ပေါ်လျက်ရှိနေပါရဲ့။

တဲ. . ကျုပ်ရဲ့ အံ့ဩစရာ မယုံနိုင်စရာကောင်းတဲ့ အဖြစ်အပျက်ကို အစအဆုံးပြောပြပါ့မယ်။

ဒီလိုဗျ. . ။

▶▶◀◀

"မောင်ရွှေတင်. . ။ မင်းအသောက်အစားနည်းနည်း လျှော့တွား မင်းသိပ်သောက်နေတယ် ငါကြားတယ်"

"သိပ်မသောက်ပါဘူး ဘကြီးချစ်ရာ။ တစ်နေ့လုံးမှ တစ်ပိုင်းတည်းဟာကို"

ကျွပ်သောက်တာနဲ့ပတ်သက်ပြီး ဘကြီးချစ်က သတိပေးတော့ ကျွပ်မှုသားသုံးဖြေလိုက်မိပါတယ်။ တကယ်ဆို ကျွပ်သောက်တာ တစ်ပိုင်းဘယ်ကလိ်ှမလဲ။ တစ်နေကုန်ဆို တစ်လုံးနီးပါးရှိတယ်လေ။ ဒါတောင် ဝိုင်းကောင်းရင် တစ်လုံးဘယ်ကလိမ့်မတုန်း။

အခုတလော ဝိုင်းကလည်းဆက်တိုက်ကောင်းဗျို့။ ကျွပ်တို့ဝိုင်းဖွဲ့တာ ရွာပြင်ကွင်းစပ် ကိုနိုင်ဝင်းတဲမှာများတယ်။ သူ့တဲက ကျယ်ဝန်းပြီး ရှခင်းကောင်းတယ်။ အေးချမ်းတယ်။ လူများများမရှိဘူး။ တဲမှာ သူတစ်ယောက်တည်း အနေများတယ်။ မိန်းမနဲ့ကလေးတွေက ရွာထဲကမိဘအိမ်မှာ အနေများကြတယ်လေ။

ဒီတော့ ကျွပ်တို့တတွေ ဟန်ကျနေကြရတာပေါ့။ သူ့တဲမှာ ဝိုင်းဖွဲ့ပြီး ညနက်သန်းခေါင်မှ ကျွပ်ပြန်ဖြစ်တယ်လေ။ ကျွပ်ပြန်ရတဲ့ခရီးက နည်းနည်းတော့ လှမ်းတယ်ဗျ။ ကျွပ်ကလည်း ရွာပြင်မှာနေတာကိုး။ ကျွပ်တဲက စစ်တောင်းမြစ်ကို မျှော်တင်ထားတယ်လေ။ သူ့တဲနဲ့ဆို မိနစ်နှစ်ဆယ်လောက်လျှောက်ရတယ်။ မြေပဲခင်းတွေကြားက သောင်ပြင်ကို ဖြတ်လျှောက်ရတာကလား။

အပြန်ခရီးမှာ အလျှိုလျှိုလမ်းခွဲပြန်ကြတာဆိုတော့ ကျွပ်က တစ်ယောက်တည်းရယ်။ အရက်လေးထွေထွေနဲ့ သရဲ တစ္ဆေ မယုံတဲ့ ဇာတ်ခံကြောင့်လားတော့မသိ။ ကြောက်စိတ်မရှိတာတော့ အမှန်ပါပဲ။

ကျွပ်ရဲ့ အပြန်ခရီးမှာ ညောင်ပင်အိုကြီးတစ်ပင် ထီးထီးရှိ

လေရဲ့။ ဒါလည်း ပြဿနာမဟုတ်ပါဘူး။ ဒီအပင်ကြီးဟာ ကိုယ့်အတွက်ရိုးနေပြီပဲ။ ဒီအပင်နဲ့ပတ်သက်လို့ ဘာသံမှလည်း ကြားဖူးခြင်းမရှိလေတော့ အပင်ကြီးကို ရှိလေမှန်းတောင် သတိမထားမိပါဘူး။

အဲ. . တစ်ညမှာတော့ ထူးခြားပါလေရော။ အဲဒီညက လပြည့်နေ့ညဗျ။ လကလည်း ထိန်ထိန်သာလို့ပါ။ ကျုပ်ပြန်တော့ ညဆယ့်တစ်နာရီခန့်ရှိနေပါပြီ။ ကျုပ်သီချင်းလေးတစ်ပုဒ်ကို ညည်းပြီးပြန်လာတာ။ ညောင်ပင်ကြီးကိုလည်း လွန်ရော နောက်က ခြေသံလိုလို ကြားရသဗျ။ မလုံမလဲနဲ့ နောက်ပြန်လှည့်ကြည့်တော့လည်း ဘာမှမမြင်ရဘူး။ စိတ်ထင်လို့ပဲလေဆိုပြီး ဆက်လျှောက်ခဲ့တယ်။ နောက်ကခြေသံကို ထင်ထင်ရှားရှားကြီး ကြားရပြန်ရောဗျို့။ ကျုပ်လည်း မဖြစ်စဖူး ကြက်သီးဖြန်းခနဲထသွားတယ်။ စိတ်ကိုတင်းပြီး ဆတ်ခနဲလှမ်းကြည့်လိုက်တော့. .

လား. . လား. . အံ့ဩစရာမျက်နှာတစ်ခုကို မြင်လိုက်ရပါတော့တယ်။ လရောင်နဲ့ဆိုတော့ ထင်ထင်ရှားရှားကြီးကို မြင်လိုက်ရတာ။ လူတစ်ယောက်မဟုတ်တာတော့ သေချာပါတယ်။ အရွယ်အစားကတော့ ခပ်ငယ်ငယ်ရယ်။ ဆယ့်သုံးလေးနှစ် ခပ်ပိန်ပိန်ကောင်လေးတစ်ယောက်လိုပါပဲ။

အသားအရေကတော့ လူမဟုတ်တာသေချာတယ်။ နီစပ်စပ်နဲ့ ရာဘာရုပ်လိုပါပဲ။ မျက်နှာကလည်း လူလိုလိုဖားလိုလိုမျိုးဗျ။ ပါးစပ်ကြီးကလည်း မျက်နှာနဲ့မလိုက်အောင် ပြဲနေတာပဲ။ မျက်နှာ

နှင့်လည်ပင်းလောက်သာ ထင်ထင်ရှားရှားမြင်ရတာ။ အောက်ပိုင်းကတော့ ပိုးတဝါးဖြစ်နေတယ်။

ကျုပ်လည်း ကြောက်ပေမယ့် မာန်တင်းပြီး ရပ်ကြည့်နေလိုက်တယ်။ သူကလည်း ရပ်လိုက်တယ်ဗျ။ သူနဲ့ကျုပ် ဆယ့်လေးငါးပေပဲကွာလိမ့်မယ်ထင်တယ်။ သူ့မျက်လုံးနှစ်လုံးက နီရဲနေပြီး နဖူးလောက်မှာရောက်နေတယ်။ တကယ့်ကို ဖားတစ်ကောင်ရဲ့ မျက်နှာပါပဲဗျာ။

ကျုပ်ဘာဆက်လုပ်ရမလဲ တွေးမိတယ်။ ထွက်ပြေးဖို့တော့စိတ်မကူးမိဘူး။

သူ့ရှေ့ဆက်တက်လာရင်တော့ နပန်းလုံးသင့်လုံးဖို့ စိတ်ကူးလိုက်မိတယ်။ သူက အကောင်သေးသေးဆိုတော့ ကျုပ် သိပ်မကြောက်လှပါဘူး။ သူ့ကို သရဲတစ္ဆေမဟုတ်ဘူးလို့လည်း သံသယဖြစ်နေမိတယ်။

ကျုပ်ကြားဖူးတာက သရဲတစ္ဆေဆိုတာ အကောင်ကြီးကြီးရယ်။ ကြောက်မယ်ဖွယ်သဏ္ဍာန်မျိုး ပြတတ်ဆိုပဲ။ သူကတော့ ဒီလိုမဟုတ်ဘူးလေ။ ဖားမျက်နှာနဲ့ ခပ်ပိန်ပိန်ကလေးငယ်တစ်ယောက်သာသာမို့ သူ့ကိုမကြောက်မိတာ အမှန်ပဲ။

အံမယ်. . သူက ကျုပ်ကို တွေကြည့်နေတယ်ဗျ။ လှုပ်ရှားမှုလည်းမရှိဘူး။ ရပ်မြဲရပ်လို့။ ကျုပ်ကစိုက်ကြည့်တော့ သူက နောက်ဆုတ်သွားသလိုပဲ။ ဘယ်ရမလဲ. . ။ ကျုပ်ကလည်း ရှေ့တစ်လှမ်း

တက်တာပေါ့။ ဒီကောင် ဘာကောင်လဲဆိုတာ သိချင်တယ်လေ။ နပန်းလုံးသင့် လုံးဖို့လည်း တွေးပြီးသား။

ကျုပ်ရှေ့တက်လေ၊ သူကနောက်ဆုတ်လေနဲ့ မျက်စိအောက်မှာတင် အကောင်ကသေးသေးသွားလိုက်တာ မြင်ကွင်းကကို ပျောက်ရောဆိုပါတော့။ သူရပ်တဲ့နေရာကို သေချာကြည့်တော့ ရောမဖားကြီးတစ်ကောင်ကိုတွေ့ရတယ်။ ဖားကြီးက ကျုပ်ကိုကျောခိုင်းပြီး ညောင်ပင်ကြီးဘက်သွားနေလေရဲ့။

ဒီဖားဟာ ခုနကတည်းက ရှိလားဆိုတာ ကျုပ်လည်း ဇဝေဇဝါဖြစ်ပြီး လှည့်ပြန်ခဲ့တော့တယ်။

အဲဒီညက ကျုပ် တော်တော်နဲ့အိပ်မပျော်ဘူး။ မိုးလင်းခါနီးမှ အိပ်ပျော်သွားတော့တယ်။ အိပ်ပျော်သွားချိန်မှာ အိပ်မက်ထောင်းထောင်းမက်ပါလေရော။

အိပ်မက်ထဲမှာတော့. . သူ. . ။

▸▸◂◂

"ရွှေတင်. . ငါ မင်းကို ခြောက်တာမဟုတ်ပါဘူး။ အကူအညီတောင်းချင်လို့ပါကွာ။ မင်း ငါ့ကို မမှတ်မိဘူးမို့လား။ ငါဟာ မင်းရဲ့သူငယ်ချင်းအေးမောင်လေ။ မနှစ်က လယ်စပ်မှာ ဖားရိုက်ရင်း ပိုးထိလို့သေသွားရတဲ့ အေးမောင်လေ"

အိပ်မက်ထဲမှာ ကျူပ်သူငယ်ချင်းအေးမောင်က မျက်နှာငယ်လေးနဲ့ ပြောနေတယ်။ ပြောရင်းနဲ့ သူ့မျက်နှာဟာ ဖားမျက်နှာကို ပြောင်းသွားတယ်။ နောက်ပြီး ဖားကြီးတစ်ကောင်ဖြစ်သွားတယ်။ ကြည့်နေရင်းပဲ ဖားမျက်နှာနဲ့လူလိုပြန်ဖြစ်လာပြန်တယ်။ နောက်.. အေးမောင်မျက်နှာဖြစ်လာပြီး ဆက်ပြောပြန်တယ်။

"ငါဟာ ဖားတွေကို သဲကြီးမဲကြီးလိုက်ရိုက်နေတုန်း ပိုးထိလိုက်တော့ မျက်လုံးတွေပြာပြီး လယ်ကွင်းစပ်မှာပဲ လဲကျနေခဲ့တယ်။ ဘယ်သူမှမသိကြလို့ ကယ်သူမဲ့ပြီး အဲဒီနေရာမှာပဲ သေခဲ့ရတာ။ သေခါနီး ကိုယ်ရိုက်ထားတဲ့ဖားတွေကို သတိရပြန်မြင်ရင်းက မှောင်အတိကျသွားရတယ်။ သတိရတော့ ငါဟာ ဖားတစ်ကောင်လိုဖြစ်နေပြီး လူနီနီကြီးတွေက ငါ့ကိုလိုက်ရိုက်ကြတယ်။ ဖားအသွင်နဲ့ သူတို့လိုက်အရိုက်ခံရင်းက လူလိုလိုအသွင်ပြောင်းသွားရင် လိုက်ရိုက်တဲ့လူနီနီကြီးတွေ ပျောက်သွားတယ်။

နေ့ဘက်မှာတော့ အရိုက်မခံရဘဲ အေးအေးဆေးဆေးနေလို့ရတယ်။ မင်းဖြတ်ပြန်လေ့ရှိတဲ့ ညောင်ပင်ကြီးမှာ ငါနေရတာ။ ငါ ဘယ်သူ့ကိုမှမခြောက်ပါဘူး။ ခြောက်ဖို့နေနေသာသာ ကိုယ့်ဒုက္ခနဲ့ကိုယ် ဆင်းရဲနေရတာ။ မင်းကိုမြင်တိုင်း ငါအကူအညီတောင်းချင်တယ်။ မင်းက မူးမူးလာတာရယ်၊ မင်းရဲ့ကိုယ်စောင့်နတ်က ခွင့်မပြုတာရယ်ကြောင့် မင်းနားကို ငါမကပ်နိုင်ခဲ့ဘူး။

ကံအားလျော်စွာ ဒီညတော့ မင်းကိုအကူအညီတောင်းဖို့

အခွင့်သာလို့ မင်းနောက်လိုက်လာတာ။ မင်းကငါ့ကို နပန်းလုံးဖို့ စိတ်ကူးနေတာကြောင့် ငါနောက်ဆုတ်ခဲ့ရတာ။

အေးမောင်က ပြောရင်း ဖားပြန်ဖြစ်သွားပြန်တယ်။ ဒီလို နဲ့ ဖားဖြစ်လိုက်၊ လူပုံစံဖြစ်လိုက်နဲ့ သူ့ဘဝအကြောင်း အကုန်အစင် ပြောပြသွားခဲ့တယ်ဗျ။ သူအမိကပြောခဲ့တာကတော့ သူ့အတွက် ရည်မှန်းပြီး ကောင်းမှုပြု၊ ဒါနပြုပြီး အမျှဝေပေးဖို့ပါပဲ။ ဒါဆို သူကျွတ် မယ်တဲ့။ ဒီဘဝဆိုးကြီးက လွတ်မယ်ပေါ့။

ကျုပ်လည်း မနက်မိုးလင်းတာနဲ့ ဘကြီးချစ်ထံသွားပြီး ည ကအဖြစ်အပျက်နဲ့ အိပ်မက်ကို ပြောပြလိုက်တော့. .

"အင်း. . ဒါဆိုရင်တော့ မင်း သူ့အတွက် ကုသိုလ်လုပ်၊ အမျှပေးဝေလိုက်ပါကွယ်။ ခမျာမှာ ဝဋ်ဒုက္ခကြီးမားလွန်းလှပါ တယ်၊ အကုသိုလ်ရဲ့အကျိုးပေးဟာ ကြောက်စရာကောင်းလှပါပေ တယ်"

လို့ ဘကြီးချစ်က ညည်းညည်းညူညူ ပြောပါတော့တယ်။

သူ့အတွက် ရည်စူးတဲ့ကောင်းမှုကုသိုလ်ကိုလည်း ဘကြီး ချစ်ပဲ ဦးဆောင်ပြုလုပ်ပေးပါတယ်။ အလှူ့ရှင်၊ အမျှဝေသူကတော့ ကျုပ်ပဲပေါ့။

ထူးတယ်ဗျို့။ ကျုပ်တို့ရွာဦးကျောင်းက ဆရာတော်ထံ အရုဏ်ဆွမ်းကပ်၊ တရားနာ၊ အမျှဝေပြီးလို့ ကျောင်းမှအပြန် လှေ ကားအဆင်းမှာ တစ်စုံတစ်ရာကို တက်နင်းမိလို့ ကြည့်လိုက်တော့

...ကြီးတစ်ကောင်ရယ်ဗျာ။ ဘယ်အချိန်က လှေကားရင်းမှာ ရောက်...တယ် မသိဘူး။ အရှင်မဟုတ်ဘူး။ အသေကြီးဗျ။ ဖားသေကြီး...ကြည့်ပြီး ဘကြီးချစ်က တိုးတိုးလေးပြောလိုက်ပါတယ်။

"အင်း. . သူကျွတ်သွားရှာပြီ". . တဲ့။

ကျုပ်တော့ ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး။ ...ခဲ့တာဖွေမယုံတဲ့ ကျုပ်ဟာ ဖားတဖွေဖြစ်သွားရရှာတဲ့ သူငယ်ချင်း...အဖြစ်ကြောင့် တအံ့တသြဖြစ်ရပါတော့တယ်။ ကိုယ်တိုင်ကြုံနေ...တော့ မယုံဘူးလို့ ပြောမဖြစ်တော့ဘူးပေါ့။

ပိုထူးဆန်းတာက ဒီလိုဖြစ်ပျက်ပြီးလို့ နှစ်နှစ်ခန့်အကြာမှ ...လက်ထဲကို စက္ကူလေးတစ်ရွက်ရောက်လာခဲ့တယ်။ မုန့်ထုပ်...လိုက်တဲ့ စက္ကူလေးပါ။ အင်္ဂလိပ်စာတွေနဲ့ဆိုတော့ အင်္ဂလိပ်စာ...ပ်တောင်းက စာရွက်ဖြစ်မှာပေါ့။

တိုက်ဆိုင်လိုက်တာဗျာ။ ကျုပ်ကို မုန့်ထုပ်ပေးလိုက်တဲ့စက္ကူ...မှာ ပုံလေးတစ်ပုံပါလာတယ်။ အဲဒီပုံဟာ ဖားတဖွေရဲ့ မျက်နှာ...တိုင်းပါပဲ။ ကျုပ်လည်း ကြောင်ကြည့်နေမိတယ်။ ဖားတဖွေမှ...သယ့်ဖားတဖွေ။ ကြည့်ရင်းကြည့်ရင်း ကြက်သီးများတောင် ထမိ...ခဲ့။

ကျုပ်စွဲလမ်းတာ မဟုတ်ဘူး။ ဖားတဖွေကိစ္စ မေ့နေတာ...ပြီ။ သူ့ကို အမျှဝေပေးပြီးကတည်းက ဘာမှထူးခြားချက်မတွေ့...မြင်ရတော့လို့ မေ့နေခဲ့ပြီပဲလေ။ သူကျွတ်သွားပြီလို့ပဲ နားလည်

သွားခဲ့တာကလား။

နောက်တစ်ချက်က ဒီစာရွက်ထဲက ပုံကို အရင်မြင်ဖူးထား ပြီးမှ ဟားတာဆွေနဲ့ ကြုံရချိန်မှာ ဒီမျက်နှာမျိုး ပေါ်တာဆို။ ဒါ စွဲလ မှုရှိလို့ တွက်ရတယ်။ အခုဟာက ဟားတာဆွေကိုမြင်ဖူးပြီးမှ စာရွက်ထဲ ကပုံကို မြင်ရတာ။

ကျုပ်အတွေးတွေ ချာချာလည်နေတော့တယ်။

ဟားတာဆွေနဲ့ ဒီစာရွက် ဘယ်လိုဆက်စပ်လဲ။ လောက ဟားတာဆွေလိုမျိုးတွေ အခြားမှာကော ရှိသလား။ မြင်ဖူးကြသလား ဘာကြောင့် ဒီစာရွက်နဲ့ဒီပုံ ကျုပ်လက်ထဲရောက်လာရသလဲ။



ကျွန်ုပ်မမျှော်လင့်ဘဲရရှိခဲ့သည့်
ဖြတ်ပိုင်းစာရွက်လေးထဲမှ ဟားတာဆွေဓာတ်ပုံရိုက်

ဘယ်လိုမှ တွေးမမီတာတော့ အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်သူငယ်ချင်းအေးမောင်တစ်ယောက် ဖားတစ္ဆေဘ၀က ကျွတ်သွားပြီမို့ ကျုပ်ကျေနပ်မိတာတော့ အမှန်ပဲလေ။

သူငယ်ချင်းအေးမောင်နဲ့ ဖားတစ္ဆေကိစ္စမေ့လောက်မှ လက်ထဲရောက်လာလို့ ကျုပ်ကြက်သီးဖြန်းဖြန်းထတဲ့အထိ ဖြစ်သွားခဲ့ရတယ်။

လောကမှာ ဖားတစ္ဆေရယ်လို့ တကယ်ရှိနေသလား တွေးမိရတယ်။

ဘာကြောင့် ဒီပုံရှိနေတာလဲ. . ။

ဘာလို့ ဒီပုံကို ဆွဲထားရတာလဲ. . ။

ဘာကြောင့် ကျုပ်လက်ထဲဒီပုံလေးရောက်လာရတာလဲ. . ။

ကျုပ်မှာ အတွေးတွေနဲ့ ချာချာလည်နေရပါရောလား။

ကျုပ်လက်ထဲရောက်လာတဲ့ ဖားတစ္ဆေရဲ့ပုံလွှာလေးကို မျှဝေခံစားနိုင်ဖို့ ဖော်ပြပေးလိုက်ရပါကြောင်းပျာ။ ။

❖

မှုခင်းရောင်စုံမဂ္ဂဇင်း (၂၀၀၁၊ ဇန်နဝါရီလ)

# သွမ်းလောင်းချင်တဲ့ ရုက္ခိုး



## ဆွမ်းလောင်းချင်သော ရုက္ခစိုး

ဘုရားရှင်လက်ထက်ကပင် နတ်ဗြဟ္မာများသည် ဘုရားရဟန္တာတို့အား ဆွမ်းဘောဇဉ်ခဲဖွယ်တို့ကိုလောင်းလှူသော သာဓကများရှိခဲ့၏။ အထူးသဖြင့် သာသနာကို ကြည်ညိုကုန်သော နတ်နဂါးများနှင့် နတ်အသီးသီးတို့သည် ဘုရားရဟန္တာတို့အား ဘောဇဉ်အမျိုးမျိုး လောင်းလှူခဲ့ကြ၏။

တချို့တန်ခိုးနည်းသောနတ်များသည် လောင်းလှူလိုသော်လည်း မစွမ်းနိုင်ကြသဖြင့် အကူအညီကိုရယူကြ၏။ လူသားတစ်ယောက်၏ အကူအညီကိုရယူ၍ သံဃာတော်များအား ကိုယ်တိုင်လောင်းခဲ့သောဖြစ်ရပ်သည်လည်း ရှိခဲ့ဖူး၏။

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်က ဖြစ်ခဲ့ဖူးသော ထို

ဖြစ်ရပ်ဆန်းကို ပြန်ပြောင်းတင်ပြရပါသော်. .

ဒေါ်သန်းသန်းသည် မုဆိုးမဖြစ်၏။ သားသမီးသုံးယောက်နှင့် သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်မှာ အတူနေ၏။ ဆင်းရဲသော်လည်း အိမ်တစ်လုံးတော့ပိုင်ဆိုင်သည်။ အိမ်မှာ သုံးပင်နှစ်ခန်း သွပ်မိုးပျဉ်ကာဖြစ်၏။ ခြံမှာ ကျယ်ဝန်းပြီး သီးပင်၊ စားပင်စုံလှ၏။ မန်ကျည်း၊ သရက်၊ ပိန္နဲ၊ သစ်တို၊ ကံ့ကော်များ စုံထွေလှ၏။ အိမ်ခေါင်းရင်းခြံထောင့်ရှိ ကံ့ကော်ပင်ကြီးမှာ ကြီးမားလှပြီး အရိပ်ကောင်းစွာရ၏။ နှစ်စဉ် ကံ့ကော်ပန်းများပွင့်သဖြင့် ခူးရောင်းကြရ၏။

ဒေါ်သန်းသန်းသည် သန်လျင်ဈေး၌ ငါးခြောက်၊ ငါးခြမ်းရောင်း၏။ သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်။ ဆိုင်လေးမျှသာဖြစ်၏၊ နေ့စဉ် နံနက်စောစောထ ချက်ပြုတ်ပြီး ဈေးထွက်ရသည်။ ညနေဈေးမှပြန်လျှင် ဟင်းချက်စရာဝယ်လာပြီး ကိုယ်တိုင်ဟင်းချက်ရ၏။ ထမင်းကတော့ သမီးကြီးဖြစ်သူက တည်ထားနှင့်၏။

သားသမီးများမှာ ကျောင်းသားများချည်းဖြစ်သောကြောင့် အိမ်မှုကိစ္စများကို ဒေါ်သန်းသန်းသာ လုပ်ရတာများ၏။ ဒေါ်သန်းသန်း၏လုပ်ဆောင်ချက်များတွင် ဝါတွင်းသုံးလလုံး အရှက်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းချက်လောင်းခြင်းဖြစ်၏။ ကိုယ်တိုင်ဆွမ်းထချက်၍ ကိုယ်တိုင်ပင်လောင်းရမှ ကျေနပ်၏။

ဝါတွင်းကာလ ဆွမ်းလောင်းနေဆဲတစ်ရက်တွင် ည၌ ဒေါ်သန်းသန်းအိပ်မက်မက်၏။ အိပ်မက်က ထူးဆန်းနေ၏။ အိပ်မက်

...တွင် ခေါင်းရင်းရှိ ကံ့ကော်ပင်မှ လူကြီးတစ်ဦးဆင်းလာပြီး ဒေါ်...န်းသန်းအား ပြော၏။

"ကျုပ် ဆွမ်းလောင်းချင်တယ်။ ဒါ့ကြောင့် ညီမကြီး...ဆွမ်းအပိုချက်ပြီး လောင်းဖို့အသင့်ပြင်ပေးပါ။ ကျုပ်ကိုယ်တိုင်...လောင်းချင်တာ။ ဒီလိုကူညီတဲ့အတွက် မ,မှာပါ"

ပြောပြီး ပျောက်ကွယ်သွားသဖြင့် ဒေါ်သန်းသန်းလန့်နိုး...ပ်လည်း ဆက်အိပ်ခဲ့၏။ မနက်လင်းတော့ အိပ်မက်ကိုမေ့ပျော့...တော့၏။ ကိုယ့်အိမ်ကိစ္စများဖြင့် ရှုပ်ထွေးနေသဖြင့် လုံးဝသတိ... နောက်တစ်ညမှာလည်း ထိုအတိုင်း မက်ပြန်၏။ စိတ်စွဲလို့ပဲ...ပြီး ဘာသိဘာသာနေလိုက်၏။

သို့သော် တတိယအကြိမ်မှာတော့ အပီအပြင်ကို ထပ်မက်...၏။

"ကျုပ်အတွက် ဆွမ်းချက်ပြီး ခုံလေးနဲ့ အသင့်တင်ထားပေး... နက်ဖြန်မနက် အရုဏ်တက်ဆွမ်းလောင်းရင် ဝင်လောင်းချင်... ဆန်ဝယ်ဖို့ငွေ မနက်ကျ ကံ့ကော်ပင်အောက်မှာ လာယူပါ။ ...သူမှမပြောနဲ့"

ဆိုပြီး ပျောက်သွား၏။ ဒီတစ်ကြိမ်မှာတော့ ဒေါ်သန်းသန်း... မနေဝံ့တော့။ အိပ်မက်ကလည်း သုံးကြိမ်တိတိမက်လေ... စဉ်းစားရတော့၏။ ကံ့ကော်ပင်အောက်မှာ ဆန်ဖိုးရှာယူဆို...ဖြင့် မနက်လင်းသည်နှင့် အသာသွားကြည့်မိ၏။

အုံးပြဲစရာတည်း. .။

ကုံကော်ပင်အောက်၌ တကယ်ပင် ငါးကျပ်တန်လေးတစ် ရွက်တွေ့ရသည်။ ဒေါ်သန်းသန်းသည် အုံးပြဲတုန်လှုပ်စွာပင် အသာ ကောက်ယူလိုက်မိသည်။ ကုံကော်ပင်ကြီးကိုလည်း မော့ကြည့်မိ၏။

ကုံကော်ပင်ကြီးကတော့ ဣန္ဒြေရရ ငြိမ်သက်လျက်ပင်။ ကုံကော်ပင်ကြီးကို မြင်ယောင်မိသည်။ ထိုအခါ ထူးထူးဆန်းဆန်း ကြက်သီးဖြန်းဖြန်းပင် ထမိတော့၏။

အိပ်မက်သုံးကြိမ်မက်ရာ နောက်ဆုံးအိပ်မက်က ပိုပြင်ထင် ရှားလှသည်။ အိပ်မက်ထဲက ပုဂ္ဂိုလ်ကြီးသည် အသက်ငါးဆယ်ခန့်ရှိ ၍ ဖြူဖြူတုတ်တုတ်ကြီးဖြစ်၏။ သျှောင်တစောင်းနှင့် ပင်နီတိုက်ပုံ နှင့်ဖြစ်ပြီး ရှေးမြန်မာလူကြီးများနှင့်တူလှသည်။ ပုဆိုးနီအကွက်ကြီး ကြီးနှင့်ဖြစ်သော်လည်း ဖိနပ်တော့မပါ။ နှုတ်ခမ်းမွေးစစဖြင့် အလွန် ငြိမ်သက်ခန့်ညားလှပေ၏။

"မနက်ဆွမ်းလောင်းလျှင် အရှင်ရုက္ခစိုးမင်းအတွက် ဆွမ်း တစ်အုပ် အသင့်ပြင်ထားပေးပါမည်။ ကိုယ်တိုင်လောင်းလှူနိုင်ပါ သည် အရှင်ရုက္ခစိုးမင်း"

ဒေါ်သန်းသန်းက ကုံကော်ပင်အောက်မှာ လက်အုပ်လေး ချီရင်း တိုးတိုးလေးပြောလိုက်မိ၏။ ထိုအချိန်တွင် ကုံကော်ပင်ထက် မှ ဝုန်းခနဲဆို လှုပ်ယမ်းသွား၏။ မော့ကြည့်လိုက်တော့ ငှက်ကြီး တစ်ကောင် တောင်ပံခတ်လှုပ်ရှားနေခြင်းပင်။ ဇီးကွက်ကြီးဖြစ်နေ

၏။ ဦးကွက်ကြီးက ဒေါ်သန်းသန်းကို ပြုံး၍ကြည့်နေသယောင်။ ဒေါ်သန်းသန်းလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း အပင်အောက်မှ ခွာခဲ့တော့၏။

လုပ်စရာရှိသည်များကို ဆက်လုပ်ရပေဦးမည်။

▸▸ ◂◂

ဒေါ်သန်းသန်း စိတ်တွေစောနေ၏။ မနက်စောစောထ၍ ဆွမ်းချက်ပြီး အားလုံးအသင့်ပြင်ဆင်ထားရသည်။ သံဃာတော်များ ကြွမည့်လမ်းမှာ ခုံလေးတစ်ခုံထား၍ ဆွမ်းအုပ်လေးကို ဖွန်းတပ်ထားလိုက်သည်။

မိမိကတော့ ခုံဘေးမှ ယှဉ်၍ နေရာယူထားသည်။ ယနေ့ ဆွမ်းလောင်းရမှာ ရင်ထဲမှာ တထိတ်ထိတ်ဖြစ်နေ၏။ ဘေးခုံပေါ်က ဆွမ်းအုပ်ကို ဘယ်ကဲ့သို့ယူလောင်းမည်ဆိုတာ သိချင်နေ၏။ အခြားဆွမ်းလောင်းကြမည့်သူများကတော့ အမှတ်တမဲ့ပင်။ ခုံပေါ်မှာ ဆွမ်းအုပ်အပိုတင်ထားတာကိုလည်း ဒေါ်သန်းသန်းတို့အိမ်သားတွေ လော့င်းဖို့ပင် ထင်ကြပေလိမ့်မည်။

"နောင်. . ဝေ. . ဝေ"

လာလေပြီ။ အကြိုထောက်လာသော ဥပါသကာတို့ ကြေးစည်တီးရောက်လာ၏။ လူများလည်း ဆွမ်းခပ်လောင်းဖို့ အသင့်ပြင်

ရင်း သံဃာတော်များကြွလာမည့်လမ်းကို မျှော်ကြ၏။

ဒေါ်သန်းသန်းကတော့ သံဃာတော်များကိုလည်းမျှော်၊ ဘေးခုံက ဆွမ်းအုပ်ကိုလည်း အရိပ်တကြည့်ကြည့်..။

မကြာမီ သံဃာတော်များရှေ့သို့ ရောက်လာသဖြင့် ဆွမ်းလောင်းရတော့၏။ ထိုစဉ်မှာပင် ဒေါ်သန်းသန်းနှာခေါင်းတွင်းသို့ အမွှေးရနံ့များဝင်လာသဖြင့် ဘေးဘီငဲ့ကြည့်မိ၏။

အို..အိပ်မက်ထဲကပုဂ္ဂိုလ်ကြီးပါလား။ တည်တည်တံ့တံ့ ကြီးရပ်၍ ဆွမ်းလောင်းပါပေါ့လား။ ဘယ်အချိန်က ရောက်လာသည်ကိုပင် မသိလိုက်။ ဆွမ်းလောင်းနေသည်မှာတော့ အသေအချာပင်။ ဒေါ်သန်းသန်းခမျာ ဆွမ်းလောင်းရတာပင် ကတုန်ကယင်ဖြစ်နေတော့၏။ ဘေးကပုဂ္ဂိုလ်ကြီးကိုလည်း တိမ်းငဲ့ကြည့်နမိလေ၏။ ထိုပုဂ္ဂိုလ်ကြီးကတော့ အေးဆေးတည်ငြိမ်စွာ ဆွမ်းလောင်းလျက်။

ဒေါ်သန်းသန်းဆွမ်းလောင်းပြီးတော့ ထိုပုဂ္ဂိုလ်ကြီးကလည်း ဆွမ်းဇလုံကိုပြန်ချကာ ဒေါ်သန်းသန်းအား ကျေးဇူးတင်သာမျက်လုံးများဖြင့်ကြည့်ကာ အိမ်ဘက်သို့ပြန်လည်ထွက်ခွာသွားတော့၏။

"ဟဲ့..မသန်း။ ညည်းကို့အိမ် ဧည့်သည်ရောက်နေတာထောင် မသိရပါလား။ ဆွမ်းတွေဘာတွေလောင်းလို့"

ခုံသိမ်းနေသည့် ဒေါ်သန်းသန်းအား အိမ်နီးချင်းအချို့က

ပြောကြခြင်းဖြစ်၏။ ဒေါ်သန်းသန်းကတော့ ဘာမှပြန်မပြော။ အင်း မလှုပ်အဲမလှုပ်သာ နေလိုက်၏။

ဒေါ်သန်းသန်းအိမ်ထဲပြန်ဝင်တော့ ကုံကော်ပင်ကြီးဆီ လှမ်းကြည့်မိသည်။ ကုံကော်ပင်ကြီးကတော့ ငြိမ်သက်စွာရှိနေ၏။ သူဘာမှမသိသလိုပင်။ ဒေါ်သန်းသန်းလည်း အိမ်ထဲပြန်ဝင်လာ ရင်း မှေးခနဲအိပ်ပျော်သွားချိန်၌ အိပ်မက်မက်ပြန်၏။ အိပ်မက်ထဲ မှာ ရုက္ခစိုးကြီးက ဆွမ်းလောင်းရ၍ ဝမ်းမြောက်ကြောင်း၊ မနက်ကျ ဈေးသွားရင်း လမ်းထိပ်ကထီဆိုင်မှာ ထီတစ်စောင်ဝင်ထိုးသွားရန် ပြောကြား၏။

ထီပေါက်လျှင် ဘုန်းကြီးငါးပါးပင့် ဆွမ်းကပ်၍ သင်္ကန်း၊ ထီး၊ ဖိနပ်လောင်းလှူကာ သူ့အားအမျှပေးဝေပါရန် ပြောကြား၏။ ဒီကိစ္စတွေကို ဘယ်သူမှမပြောကြားရန်လည်း မှာကြား၏။ နံနက် သင်းသော် အိပ်မက်ထဲကအတိုင်း ထီတစ်စောင်ကို နှစ်ကျပ်ဖြင့်ထိုး လိုက်၏။ ကုံကော်ပင်အောက်မှရရှိသော ငွေငါးကျပ်မှာ ယခုမှပြတ် သွား၏။

ကံအားလျော်စွာပင် ထိုဆီလက်မှတ်မှ ဒေါ်သန်းသန်း ထီငါးသောင်းဆုပေါက်လေ၏။ ထီပေါက်သည်နှင့် ဘုန်းကြီးငါးပါး ပင့်ကာ ဆွမ်း၊ သင်္ကန်းတို့ ဆက်ကပ်လှူဒါန်းခဲ့လေ၏။ ဆွမ်းလှူဒါန်း ပြီး၍ အမျှဝေသော် ဒေါ်သန်းသန်း၏နားထဲ၌ ထူးခြားသောသာဓု ခေါ်သံကြီးကို ကြားရလေသည်။ ယောကျ်ားကြီးတစ်ယောက်၏

အသံဗျိုးဗြစ်၍ ခေါင်းရင်းရှိ ကုံကော်ပင်ကြီးဆီမှ ကြားရခြင်းဖြစ်သည်။

ဇာတ်လမ်းက ထိုမှာပြီးမသွားပါ။ ဒေါ်သန်းသန်းသည် နောက်ပိုင်းစီးပွားတအားတက်၏။

ထိုအခါ ပတ်ဝန်းကျင်မှ စူးစမ်းမေးမြန်းကြ၏။

မိန်းမတို့အဘာဝ မပြောရ မနေနိုင်သဖြင့် နောက်ဖေးအိမ်မှ ဒေါ်ပုအား ပြောလိုက်မိ၏။

ဒေါ်ပုမှတစ်ဆင့် စကားပြန့်နှံ့သွားပြီး အိမ်နီးချင်းများရောက်လာကာ ကုံကော်ပင်မှာ အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းညှိဆုတောင်းကြလေ၏။ ဒေါ်သန်းသန်းခမျာ တားမြစ်ခြင်းငှာမတတ်သာ၍ ကြည့်နေရတော့၏။ လာရောက်ပူဇော်ဆုတောင်းကြသူများက လျော့မသွားဘဲ ပိုတိုးလာ၏။

တစ်ညတွင် ဒေါ်သန်းသန်းအိပ်မက်မက်ပြန်၏။ အိပ်မက်ထဲမှ ရုက္ခစိုးကြီးမှာ ယခင်ကလိုမဟုတ်တော့ဘဲ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပနေ၏။ အဝတ်အစားများမှာ ဗိုးဖဲကတ္တီပါများဖြစ်နေ၏။ ရုက္ခစိုးကြီးက ဒေါ်သန်းသန်းအားကြည့်၍ ဤသို့ပြောလေ၏။

"ညီမကြီး ကတိမတည်ဘူး။ ကျုပ် အခု ဒီကပြောင်းတော့မယ်။ ဘုရား၊ တရား၊ သံဃာဂုဏ်ကျေးဇူးကို မမေ့မလျော့ဘဲ နေရစ်ပါ"

ဟု ဆိုကာ ပျောက်ကွယ်သွားလေ၏။ အိပ်ရာမှနိုးသော်





ဒေါ်သန်းသန်းဝမ်းနည်းနေမိ၏။ သူ့အမှားအတွက် နောင်တလည်းရနေမိ၏။

သို့သော် နှောင်းနောင်တပင်ဖြစ်ချေ၏။ တစ်လခန့်ကြာသော် ကုံကော်ပင်ကြီးသည် လေမတိုက်ဘဲ ပြိုလဲသွားတော့၏။

ထို့နောက်ပိုင်းတွင်မူ ဒေါ်သန်းသန်းတစ်ယောက် ဘာအိပ်မက်မှ မမက်တော့ပါချေ။ ။

❖

နေလကမ္ဘာ့ရုက္ခာနယ် (အမှတ်-၇၂၊ ၂၀၀၄-ဩဂုတ်လ)

ဒေါ်သန်းသန်းဝမ်းနည်းနေမိ၏။ သူ့အများအတွက် နောင်တလည်း ရနေမိ၏။

သို့သော် နှောင်းနောင်တပင်ဖြစ်ချေ၏။ တစ်လခန့်ကြာသော် ကံ့ကော်ပင်ကြီးသည် လေမတိုက်ဘဲ ပြိုလဲသွားတော့၏။

ထို့နောက်ပိုင်းတွင်မူ ဒေါ်သန်းသန်းတစ်ယောက် ဘာအိပ်မက်မှ မမက်တော့ပါချေ။ ။

❖

နေလကမ္ဘာ့ရှာနယ် (အမှတ်-၄၂ ၂၀၀၄-ဩဂုတ်လ)




# ချစ်သူ့ဝိညာဉ်

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်မှ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကို ကျွန်ုပ်ယနေ့တိုင် မမေ့နိုင်ဘဲရှိလေ၏။ ထိုစဉ်က ကျွန်ုပ်မှာ လူပျိုပေါက်မျှဖြစ်၍ ဗဟုသုတနည်းလှသည့်အားလျော်စွာ ပရလောကအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဘာမျှမသိခဲ့ချေ။ အယုံအကြည်လည်းမရှိလှသဖြင့် စိတ်ဝင်စားမှုမရှိခဲ့ချေ။

ထိုအချိန်က ကျွန်ုပ်တွင် မောင်တင်ဦးဆိုသော ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးရှိခဲ့၏။ ထိုစဉ်က သူသည် ပရလောကနှင့် ဆက်နွှယ်နေခဲ့သည်ကို ကျွန်ုပ်တို့က ခပ်ပေါ့ပေါ့ပင်နေခဲ့ကြ၏။

မောင်တင်ဦးသည် ထိုစဉ်ကတည်းက ပရလောကမှ သူ့ချစ်သူအကြောင်းကို ကျွန်ုပ်အား ပြောပြလေ့ရှိရာ ကျွန်ုပ်မှ မယုံ

# ချစ်သူဝိညာဉ်

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်မှ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကို ကျွန်ုပ်ယနေ့တိုင် မမေ့နိုင်ဘဲရှိလေ၏။ ထိုစဉ်က ကျွန်ုပ်မှာ လူပျိုပေါက်မျှဖြစ်၍ ဗဟုသုတနည်းလှသည့်အားလျော်စွာ ပရလောကအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဘာမျှမသိခဲ့ချေ။ အယုံအကြည်လည်းမရှိလှသဖြင့် စိတ်ဝင်စားမှုမရှိခဲ့ချေ။

ထိုအချိန်က ကျွန်ုပ်တွင် မောင်တင်ဦးဆိုသော ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးရှိခဲ့၏။ ထိုစဉ်က သူသည် ပရလောကနှင့်ဆက်နွယ်နေခဲ့သည်ကို ကျွန်ုပ်တို့က ခပ်ပေါ့ပေါ့ပင်နေခဲ့ကြ၏။

မောင်တင်ဦးသည် ထိုစဉ်ကတည်းက ပရလောကမှ သူ့ချစ်သူအကြောင်းကို ကျွန်ုပ်အား ပြောပြလေ့ရှိရာ ကျွန်ုပ်မှ မယုံ

ကြည့်တဲ့ ဖြတ်ရယ်ဖြုံခဲ့ဖူးလေ၏။

လောကတွင် ရေတိမ်နစ်သည်ဟူသော စကားတစ်ရပ်ရှိခဲ့လေရာ ထိုစကားသည် မောင်တင်ဦးအတွက် အမှန်ပင်ဖြစ်နေလေတော့၏။

အကြောင်းမူကား မောင်တင်ဦးသည် တကယ်ပင် ပေါင်ခံနွံသာနက်သောရေအိုင်၌ နစ်၍သေဆုံးခဲ့ရသောကြောင့်တည်း။

မောင်တင်ဦးသေဆုံးရခြင်းသည် ပရလောကနှင့် ဆက်နွယ်မှုရှိမရှိ။

ပရလောကမှ သူချစ်သူဆိုသူနှင့် ပတ်သက်မှုရှိမရှိ ဆိုသည်ကိုမူ ထိုစဉ်က ကျွန်ုပ်ကောင်းကောင်းမတွေးမိခဲ့ချေ။

▸▸◂◂

"မောင်နိုင်ရေ. . လာကွာ။ သွားကြရအောင်"

အိမ်ရှေ့မှ မောင်တင်ဦးလာခေါ်သဖြင့် ကျွန်တော်ထွက်လိုက်သွားသည်။ ကျွန်တော်တို့နှစ်ဦးသည် အိမ်နှင့်ခပ်လှမ်းလှမ်းရှိ စေတီတိုက်တုန်းဘုရားသို့ ညနေစောင်းတိုင်း သွားနေကျ။ ဟိုရောက်လျှင် ထိုင်၍စကားပြောကြသည်။ တစ်ခါတစ်ရံ သူငယ်ချင်းများစုံလျှင် ညနက်သည်အထိ ကစားကြသည်။

ကစားပုံမှာ ဘုရားကိုပတ်၍ သေနတ်ပစ်တမ်းကစားကြ





သည်။ နှစ်စုခွဲ၍ ပုန်းကြပြီး ရှာဖွေ၍ ဦးအောင်မြင်သူက လက်ညှိုးနှင့်ချိန်ကာ ပါးစပ်မှ 'ဒိုင်း' ဆိုပစ်ပြီး တစ်ဆက်တည်း ဘယ်သူမှန်သွားပြီဟုလည်း အော်ရသေး၏။ ဒါတောင် တစ်ဖက်မှ "မမှန်ဘူးကွ။ ငါငုံ့ရှောင်လိုက်တယ်"ဟုငြင်းလျှင် အပြန်အလှန်ငြင်းခုံကြရင်းနှင့် အတော်လေးပျော်ဖို့ကောင်းလှသည်။

သည်လိုကစားရာ၌ ထူးခြားသည်မှာ မောင်တင်ဦးပါသည့်ဘက် အမြဲနိုင်ကြ၏။ မောင်တင်ဦးက တော်တော်အပုန်းကောင်းသည်။ သူ့ကိုရှာဖွေ၍ မမြင်ရတတ်ဘဲ သူကပင် ဘွားခနဲပေါ်လာပြီး 'ဒိုင်း' ခနဲပစ်ချတတ်လေရာ ငြင်းချိန်မရဘဲ အရှုံးပေးကြရတော့သည်။

ကြာတော့ မောင်တင်ဦးကို အားလုံးက ဘေးထုတ်ထားကြတော့သည်။ သူမပါရ၍လည်း မောင်တင်ဦးက အပြုံးမပျက်။ ဘုရားဘေး ကုန်းစောင်းနားရှိ ညောင်ပင်အောက်မှာ သွားထိုင်သည်။ သူငယ်ချင်းများ ကစားသည်ကို ကြည့်နေတတ်သည်။

ထူးခြားသည်မှာ ညောင်ပင်အောက်ရောက်လျှင် မောင်တင်ဦး အမြဲပြုံးနေ၏။ တစ်ယောက်ယောက်နှင့် စကားပြောနေသလိုလို၊ တစ်ယောက်ယောက်က ပြောနေတာကို ပြုံးနားထောင်နေသလိုပင်။

သို့သော်. .

ကျွန်တော်တို့ ဂရုတစိုက် မလုပ်ကြ။ မောင်တင်ဦးအား

သည်။ နှစ်စုခွဲ၍ ပုန်းကြပြီး ရှာဖွေ၍ ဦးအောင်မြင်သူက လက်ညှိုး နှင့်ချိန်ကာ ပါးစပ်မှ 'ဒိုင်း' ဆိုပစ်ပြီး တစ်ဆက်တည်း ဘယ်သူမှန် သွားပြီဟုလည်း အော်ရသေး၏။ ဒါတောင် တစ်ဖက်မှ "မမှန်ဘူး ကွ။ ငါငုံ့ရှောင်လိုက်တယ်"ဟုငြင်းလျှင် အပြန်အလှန်ငြင်းခုံကြရင်း နှင့် အတော်လေးပျော်ဖို့ကောင်းလှသည်။

သည်လိုကစားရာ၌ ထူးခြားသည်မှာ မောင်တင်ဦးပါသည့် ဘက် အမြဲနိုင်ကြ၏။ မောင်တင်ဦးက တော်တော်အပုန်းကောင်း သည်။ သူ့ကိုရှာဖွေ၍ မမြင်ရတတ်ဘဲ သူကပင် ဘွားခနဲပေါ်လာ ပြီး 'ဒိုင်း' ခနဲပစ်ချတတ်လေရာ ငြင်းချိန်မရဘဲ အရှုံးပေးကြရတော့ သည်။

ကြာတော့ မောင်တင်ဦးကို အားလုံးက ဘေးထုတ်ထားကြ တော့သည်။ သူမပါရ၍လည်း မောင်တင်ဦးက အပြုံးမပျက်။ ဘုရား အား ကုန်းစောင်းနားရှိ ညောင်ပင်အောက်မှာ သွားထိုင်သည်။ သူငယ်ချင်းများ ကစားသည်ကို ကြည့်နေတတ်သည်။

ထူးခြားသည်မှာ ညောင်ပင်အောက်ရောက်လျှင် မောင် တင်ဦး အမြဲပြုံးနေ၏။ တစ်ယောက်ယောက်နှင့် စကားပြောနေ သလိုလို၊ တစ်ယောက်ယောက်က ပြောနေတာကို ပြုံးနားထောင်နေ သလိုပင်။

သို့သော် . .

ကျွန်တော်တို့ ဂရုတစိုက် မလုပ်ကြ။ မောင်တင်ဦးအား

အူကြောင်ကြောင်ကောင်ဟု သတ်မှတ်ထားကြသည်။ မောင်တင်ဦးကလည်း ဘယ်သူ့ကိုမျှ ဂရုမစိုက်ပါ။ သူ့ဘာသာ တစ်ယောက်တည်း နေရတာကို ပိုကြိုက်ပုံရ၏။ သူ့အခင်မင်ဆုံးမှာ ကျွန်တော်ဖြစ်၍ ကျွန်တော့်ကိုသာ သွားလေရာအမြဲခေါ်၍ တိုင်ပင်စရာရှိ တိုင်ပင်လေ့ရှိသည်။

တစ်နေ့တွင် မောင်တင်ဦးသည် ကျွန်တော့်အား ထူးထူးဆန်းဆန်းစကားများကို ပြောလေ၏။ ပထမသော် ကျွန်တော်က သူနောက်ပြောနေသည်ထင်၏။ နောက်ပိုင်းမှာ သူအတည်ပေါက်ပြောနေမှန်း သိရတော့သည်။

“မောင်နိုင်ရေ. . မင်းကို ငါပြောစရာရှိတယ်ကွ။ ဘယ်သူ့မှတော့ လျှောက်မပြောပါနဲ့။ မင်းကို အခင်မင်ဆုံး သူငယ်ချင်းမို့ ပြောရတာ”

ဟု အစချီလျက် အောက်ပါအတိုင်းဆက်ပြောလေတော့၏။

“တို့စားနေတဲ့ စာတိုက်ကုန်းဘုရားဘေးက ညောင်ပင်ကို မင်းသိတယ်မို့လား။ အေး. . အဲဒီမှာ ထူးခြားချက်ရှိတယ်ကွ။ မင်းတို့စောင့်နေတဲ့တစ်ညက မင်းမလာခင် ငါတစ်ယောက်တည်း ထိုင်နေတုန်း အဲဒီညောင်ပင်နားက မိန်းမချောလေးတစ်ယောက် ထွက်လာတယ်ကွ။ ငါ့နားလာထိုင် စကားပြောတာ အကြာကြီးပဲ။ အရမ်းချောတယ်ကွ။ တစ်ကိုယ်လုံးလည်း မွှေးကြိုင်နေတာပဲ။ ထူးဆန်းတာက သူဝတ်ထားတာ ရှေးဆန်ပြီး ပိုးထည်တွေချည်းပဲကွ။





သူပြောတာတွေကလည်း အများကြီးပဲကွ။ ငါလည်း သိပ်မမှတ်မိတော့ဘူး။ ငါမှတ်မိတာကတော့ ငါနဲ့သူနဲ့က ဟိုဘဝက ချစ်သူတဲ့။ ငါ့ကို သူအမြဲစောင့်ရှောက်နေခဲ့တာတဲ့။ တစ်နေ့ သူ့ဆီကို ပြန်လာဖို့ပြောတယ်။ ပြန်လာဖို့လည်း တောင်းပန်တယ်။ ငါက မလာချင်ဘူးပြင်းတော့ သူက မျက်နှာငယ်လေးနဲ့ ဒါဆိုလည်း သူရှိရာကို ညနေတိုင်းလာတွေ့ပါလို့ မှာတော့တယ်”

မောင်တင်ဦးက စကားကိုဆက်မပြောသေးဘဲ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်က “ဆက်ပြောလေကွာ။ မင်းက ဘာပြန်ပြောလိုက်လဲ” ဟု မေးလေရာ ဆက်ပြောလေ၏။

“အင်း. . ဒါတော့ဖြစ်ပါတယ်လို့ ကတိပေးလိုက်တယ်။ ဒါ့ကြောင့် မင်းကိုခေါ်ပြီး ငါညနေတိုင်းလာနေတာပေါ့”

“လာတိုင်း တွေ့လား”

“တွေ့တာပေါ့ကွာ။ မင်းပါနေရင် သူအနားမလာဘူး။ ညောင်ပင်အောက်ကနေ လက်ယပ်ခေါ်တယ်။ ဒါ့ကြောင့် ငါ မင်းတို့ အကြောင်းတစ်ခုခုပြပြီး ညောင်ပင်အောက်ကို သွားနေတာပေါ့။ မင်းတို့ကစားနေတဲ့အချိန်မှာ ငါမပါရရင် အကြိုက်ပဲလေ။ အဲဒီကျ သူနဲ့ငါ စကားတွေအကြာကြီးပြောကြရတယ်။ ငါပြောရတာ နည်းတယ်။ သူပြောတာတွေပဲ ငါနားထောင်နေရတာ။ မင်းတို့နဲ့ကစားတဲ့အခါလည်း မင်းတို့ငါ့ကိုမမြင်အောင် သူက ငါ့ဘက်ကဝိုင်းတူကူညီထားပေးတယ်ကွ။ ဒါ့ကြောင့် ငါအမြဲနိုင်တာ”

သူပြောတာတွေကလည်း အများကြီးပဲကွ။ ငါလည်း သိပ်မမှတ်မိတော့ဘူး။ ငါမှတ်မိတာကတော့ ငါနဲ့သူနဲ့က ဟိုဘဝက ချစ်သူတဲ့။ ငါ့ကို သူအမြဲစောင့်ရှောက်နေခဲ့တာတဲ့။ တစ်နေ့ သူ့ဆီကို ပြန်လာဖို့ ပြောတယ်။ ပြန်လာဖို့လည်း တောင်းပန်တယ်။ ငါက မလာချင်ဘူးဖြင်းတော့ သူက မျက်နှာငယ်လေးနဲ့ ဒါဆိုလည်း သူရှိရာကို ညနေတိုင်းလာတွေ့ပါလို့ မှာတော့တယ်"

မောင်တင်ဦးက စကားကိုဆက်မပြောသေးဘဲ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်က "ဆက်ပြောလေကွာ။ မင်းက ဘာပြန်ပြောလိုက်လဲ" ဟု မေးလေရာ ဆက်ပြောလေ၏။

"အင်း. . ဒါတော့ဖြစ်ပါတယ်လို့ ကတိပေးလိုက်တယ်။ ဒါ့ကြောင့် မင်းကိုခေါ်ပြီး ငါညနေတိုင်းလာနေတာပေါ့"

"လာတိုင်း တွေ့လား"

"တွေ့တာပေါ့ကွာ။ မင်းပါနေရင် သူအနားမလာဘူး။ ညောင်ပင်အောက်ကနေ လက်ယပ်ခေါ်တယ်။ ဒါ့ကြောင့် ငါ မင်းတို့ အကြောင်းတစ်ခုခုပြပြီး ညောင်ပင်အောက်ကို သွားနေတာပေါ့။ မင်းတို့ကစားနေတဲ့အချိန်မှာ ငါမပါရရင် အကြိုက်ပဲလေ။ အဲဒီကျသူနဲ့ငါ စကားတွေအကြာကြီးပြောကြရတယ်။ ငါပြောရတာ နည်းတယ်။ သူပြောတာတွေပဲ ငါနားထောင်နေရတာ။ မင်းတို့နဲ့ကစားတဲ့အခါလည်း မင်းတို့ငါ့ကိုမမြင်အောင် သူက ငါ့ဘက်ကဝိုင်းတူအွယ်ထားပေးတယ်ကွ။ ဒါ့ကြောင့် ငါအမြဲနိုင်တာ"

မောင်တင်ဦးပြောသည်များကို အံ့ဩမိသော်လည်း လူငယ်တို့ဘာဝ ခပ်ပေါ့ပေါ့ပင်နေခဲ့၏။ နောက်ပိုင်းတွင် မောင်တင်ဦးကလည်း ကျွန်တော်တို့နှင့် ဝင်မကစားတော့ချေ။ ကျွန်တော်တို့ကစားလျှင် ညောင်ပင်အောက် ညောင်မြစ်ပေါ် ထိုင်လျက်သာ ကြည့်နေတတ်သည်။ သူထိုင်ပုံကား သူ့ဘေးမှာ တစ်စုံတစ်ယောက် ရှိသေးသလိုမျိုး အပြုံးရယ်နေတတ်ပြီး တတွတ်တွတ်နှင့်လည်း ပြောဆိုနေတတ်သည်။

သူ့အပြုအမူများကိုမြင်မိကြသော်လည်း အူကြောင်ကြောင်တောင်ဆိုပြီး သိပ်အရေးမလုပ်ကြ။ ဒါကိုကပင် သူ့အတွက် ပိုဆိုးစေရန်ဖြစ်တော့သည်။

မောင်တင်ဦးကား နေပိုမြင့်လေအရူးရင့်လေဆိုသလို ဖြစ်လာတော့၏။ သူငယ်ချင်းများ ကစားသည်ဖြစ်စေ၊ မကစားသည်ဖြစ်စေ စာတိုက်တုန်းဘုရားသို့ မသွားရလျှင် မနေနိုင်။ နေ့စဉ်ညနေ စောင်းတိုင်းသွားသည်။ သွားတိုင်းလည်း ကျွန်တော့်ကိုတော့ခေါ်သည်။

သခုလည်း သူခေါ်၍ ကျွန်တော်လိုက်ခဲ့ရပြန်သည်။ ဘုရားရှေ့မှာ ကစားကွင်းအကျယ်ကြီးရှိ၏။ ထိုကွင်းကြီးထဲမှာ အုတ်ခုံကြီးရှိသည်။ ထိုအုတ်ခုံကြီးပေါ် ထိုင်ရင်း ညနက်သည်အထိ စကားပြောကြသည်။ စကားပြောသည်ဆိုသော်လည်း မောင်တင်ဦးမျက်စိများက ဘုရားအနီး ညောင်ပင်ကြီးဆီမှာ။ သူပြောသည်များကလည်း





ညောင်ပင်အောက်မှာ မိန်းမချောလေးတစ်ယောက်ရှိကြောင်း၊ ရှုပ်ရှင်မင်းသမီးတင်တင်ညိုနှင့်တူကြောင်း၊ သူ့ကို သူတို့နေသည့်နေရာသို့ အလည်ခေါ်နေကြောင်း စသည်စသည် စုံထွေလှ၏။

ကျွန်တော့်မှာ ငှားထောင်နေရသော်လည်း အူကြောင်ကြောင်နှင့် ဘာတွေပြောနေမှန်းမသိဆိုပြီး အလေးအနက်မထားမိခဲ့ချေ။ မသိမသာ မြှောက်ထိုးပင့်ကော် လုပ်ပေးနေမိသည်။

"မင်းကိုခေါ်ရင် လိုက်သွားပေါ့ကွာ။ အပြန်ကျတော့ ရွှေမန်ကျည်းတောင့်လေးဘာလေး တောင်းခဲ့ပေါ့"

ကျွန်တော်နောက်ပြောလိုက်ခြင်းဖြစ်သော်လည်း မောင်တင်ဦးက တကယ်မှတ်သွားသည်။

"အေး. . နောက်တစ်ခါကျ ငါလိုက်လည်မယ်လို့ ပြောလိုက်မယ်"

"မင်းလိုက်လည်ရင် ငါ့ဖို့ ရွှေမန်ကျည်းတောင်တော့ မမေ့နဲ့နော်"

ကျွန်တော်ထပ်နောက်မိသည်မှန်သော်လည်း တကယ်ဖြစ်လာသောအခါ ခေါင်းနားပန်းကြီးမိတော့သည်။

မောင်တင်ဦးတကယ်လိုက်သွားခဲ့သည်။ သက်သေပြစရာ ဇစ်စည်းလေးတစ်ခုပါလာသည်။ သူပြောသည်များကို ကြားရသောအခါ ကျွန်တော်ကျောချမ်းမိလေတော့၏။

▶▶◀◀

ညောင်ပင်အောက်မှာ မိန်းမချောလေးတစ်ယောက်ရှိကြောင်း၊ ရုပ်ရှင်မင်းသမီးတင်တင်ညိုနှင့်တူကြောင်း သူ့ကို သူတို့နေသည့်နေရာသို့ အလည်ခေါ်နေကြောင်း စသည်စသည် စုံထွေလှ၏။

ကျွန်တော့်မှာ ငုံ့ထောင်နေရသော်လည်း အူကြောင်ကြောင်နှင့် ဘာတွေပြောနေမှန်းမသိဆိုပြီး အလေးအနက်မထားမိခဲ့ချေ။ မသိမသာ မြှောက်ထိုးပင့်ကော် လုပ်ပေးနေမိသည်။

"မင်းကိုခေါ်ရင် လိုက်သွားပေါ့ကွာ။ အပြန်ကျတော့ ရွှေမန်ကျည်းတောင့်လေးဘာလေး တောင်းခဲ့ပေါ့"

ကျွန်တော်နောက်ပြောလိုက်ခြင်းဖြစ်သော်လည်း မောင်တင်ဦးက တကယ်မှတ်သွားသည်။

"အေး . . နောက်တစ်ခါကျ ငါလိုက်လည်မယ်လို့ ပြောလိုက်မယ်"

"မင်းလိုက်လည်ရင် ငါ့ဖို့ ရွှေမန်ကျည်းတောင်တော့ မမေ့နဲ့နော်"

ကျွန်တော်ထပ်နောက်မိသည်မှန်သော်လည်း တကယ်ဖြစ်လာသောအခါ ခေါင်းနားပန်းကြီးမိတော့သည်။

မောင်တင်ဦးတကယ်လိုက်သွားခဲ့သည်။ သက်သေပြစရာ စွည်းလေးတစ်ခုပါလာသည်။ သူပြောသည်များကို ကြားရသောအခါ ကျွန်တော်ကျောချမ်းမိလေတော့၏။

▶▶◀◀

"ငါ့ကို သူတို့ဆီ အလည်လိုက်ဖို့ခေါ်နေတာ မင်းကလည်း လိုက်သွားဆိုတော့ သူကို ငါလိုက်မယ်လို့ ကတိပြုလိုက်တယ်။ သူက လိုက်မယ့်နေ့ မင်းကိုခေါ် မလာနဲ့ဆိုလို့ ငါတစ်ယောက်တည်းသွားခဲ့တာကွ"

"မင်းတော်တော်သတ္တိကောင်းနေပါလားတင်ဦး။ ကြည့်လည်းလုပ်ဦး"

"ငါ့အတွက်မပူနဲ့ သူငယ်ချင်း။ သူက ငါ့ချစ်သူလေ၊ ငါ့ကို သိပ်ချစ်လို့ ငါ့အကျိုးယုတ်အောင် လုပ်မှာမဟုတ်ဘူး"

"အေးလေ. . ထားပါတော့။ မင်း သူတို့နေတဲ့ဆီရောက်တော့ ဘာတွေဖြစ်လဲ၊ ဘာတွေထူးလဲ"

"ထူးတာတော့ အရမ်းပဲကွ။ အဝင်ဝက ကျောက်ဖျာကြီး ပိတ်ထားတာကွ၊ ငါ့လက်ကို သူကဆွဲပြီး တံခါးရှေ့မှာရပ်တာနဲ့ ကျောက်ဖျာကြီးက အလိုလိုပွင့်သွားတယ်။ တို့နှစ်ယောက် ဂူထဲဝင်လိုက်ပြီးတာနဲ့ ကျောက်ဖျာတံခါးက ပြန်ပိတ်သွားတယ်။ အထဲရောက်တော့ ရုပ်ဆိုးဆိုးနဲ့ လူဘီလူးတွေလိုရုပ်တုတွေ အများကြီးပဲ။ ရုပ်တုတွေဆိုပေမယ့် သက်ရှိတွေ ငြိမ်ငြိမ်ကလေးရပ်နေတဲ့အတိုင်းပဲ။ သူက ငါ့ကို အခန်းတစ်ခုထဲခေါ်သွားတယ်။ ရွှေပိန်းချထားတဲ့ သလွန်တစ်ခုကို လက်ညှိုးထိုးပြပြီး အဲဒါငါ့ရဲ့သလွန်ပဲလို့ ပြောတယ်"

"မင်းမကြောက်ဘူးလား"





"ဟင့်အင်း. . မကြောက်ပါဘူး။ ဂူထဲမှာ ရုပ်တုတွေကလွဲလို့ လူသူအရိပ်အယောင်တော့ မမြင်ရဘူးကွ။ သူနဲ့ငါနဲ့ နှစ်ဦးတည်း။ ဒါပေမယ့် ငါတို့ကို တစ်စုံတစ်ယောက်က ချောင်းကြည့်နေတယ်လို့တော့ ငါထင်တယ်"

"မင်းဟာ ကြောက်စရာကြီး"

"ငါကတော့ ကြောက်ရကောင်းမှန်း မသိတာ အမှန်ပဲ။ ခန်းမဆောင်တစ်ခုထဲမှာတော့ ဘုရားဆင်းတုတော်တစ်ဆူကိုးကွယ်ထားတယ်။ အမွှေးနံ့သာတွေ ထွန်းညှိပူဇော်ထားတာတော့ လတ်လတ်ဆတ်ဆတ်ပဲကွ။ သူနဲ့ငါ ဘုရားရှေ့မှာထိုင်၊ ဘုရားကန်တော့ပြီးတော့ သူက ငါ့ကို ဘာတွေဆုတောင်းလဲ မောင်မောင်လို့ မေးတယ်ကွ"

"မင်းက ဘယ်လိုပြန်ပြောလိုက်လဲ"

"ချစ်သောသူနှင့် ပေါင်းရပါစေသားရယ်လို့ ဆုတောင်းတယ်လို့ ပြောလိုက်တော့ သူ့မျက်နှာလေး ဝင်းသွားတာပဲ။ အခန်းထောင့် ကျောက်စားပွဲပေါ်က ရွှေသေတ္တာလေးကိုဖွင့်ပြီး ရွှေလက်စွပ်လေးတစ်ကွင်းထုတ်ပြီး ငါ့လက်မှာ စွပ်ပေးတယ်။ မောင်မောင်အတွက် လက်ဆောင်တဲ့လေ"

မောင်တင်ဦးက ပြောရင်း ဘယ်လက်လက်သူကြွယ်မှာ စွပ်ထားသည့် လက်စွပ်လေးကို ပြသလေသည်။ ကျွန်တော် အံ့အားသင့်စွာ ကြည့်နေမိပါ၏။ သူ့လက်မှာ တကယ် ရွှေလက်စွပ်လေး

"ဟင့်အင်း. . မကြောက်ပါဘူး။ ဂူထဲမှာ ရုပ်တုတွေကလွဲလို့ လူသူအရိပ်အယောင်တော့ မမြင်ရဘူးကွ။ သူနဲ့ငါနဲ့ နှစ်ဦးတည်း။ ဒါပေမယ့် ငါတို့ကို တစ်စုံတစ်ယောက်က ချောင်းကြည့်နေတယ်လို့တော့ ငါထင်တယ်"

"မင်းဟာ ကြောက်စရာကြီး"

"ငါကတော့ ကြောက်ရကောင်းမှန်း မသိတာ အမှန်ပဲ။ ခန်းမဆောင်တစ်ခုထဲမှာတော့ ဘုရားဆင်းတုတော်တစ်ဆူကိုးကွယ်ထားတယ်။ အမွှေးနံ့သာတွေ ထွန်းညှိပူဇော်ထားတာတော့ လတ်လတ်ဆတ်ဆတ်ပဲကွ။ သူနဲ့ငါ ဘုရားရှေ့မှာထိုင်၊ ဘုရားကန်တော့ပြီးတော့ သူက ငါ့ကို ဘာတွေဆုတောင်းလဲ မောင်မောင်လို့ မေးတယ်ကွ"

"မင်းက ဘယ်လိုပြန်ပြောလိုက်လဲ"

"ချစ်သောသူနှင့် ပေါင်းရပါစေသားရယ်လို့ ဆုတောင်းတယ်လို့ ပြောလိုက်တော့ သူမျက်နှာလေး ဝင်းသွားတာပဲ။ အခန်းထောင့် ကျောက်စားပွဲပေါ်က ရွှေသေတ္တာလေးကိုဖွင့်ပြီး ရွှေလက်စွပ်လေးတစ်ကွင်းထုတ်ပြီး ငါ့လက်မှာ စွပ်ပေးတယ်။ မောင်မောင်အတွက် လက်ဆောင်တဲ့လေ"

မောင်တင်ဦးက ပြောရင်း ဘယ်လက်လက်သူကြွယ်မှာ စွပ်ထားသည့် လက်စွပ်လေးကို ပြသလေသည်။ ကျွန်တော် အံ့အားသင့်စွာ ကြည့်နေမိပါ၏။ သူ့လက်မှာ တကယ် ရွှေလက်စွပ်လေး

တစ်တွင်း၊ အလယ်မှာ နီနီရဲရဲကျောက်နီလေးတစ်ပွင့် မြှုပ်ထားသည်။

ကျွန်တော်သည် မောင်တင်ဦးပြောသမျှ နားထောင်ရင်း ဖြတ်သီးမွေးညင်းထမိလေသေး၏။ မောင်တင်ဦးက ဒီအကြောင်းတွေကို ဘယ်သူ့မျှမပြောရန် ကတိတောင်းထားသဖြင့် ဘယ်သူ့ကိုမျှ မပြောဖြစ်ခဲ့။

မပြောဖြစ်ဆိုသော်လည်း ပြောချင်နေသည်မှာတော့အမှန်ပင်၊ တစ်နေ့တွင် မောင်တင်ဦးမရှိခိုက် သူ့အိမ်ရောက်သွားစဉ် သူ့အမေအား ပြောပြမိလေတော့၏။

▸▸ ◂◂

ကျွန်တော်ပြောပြီးသည့်နောက် သူ့မိဘများသည် မောင်တင်ဦးအား ပယောဂဆရာများနှင့် ကုသလေတော့၏။ ထိုဘုရားအနီးသို့လည်း သွားခွင့်မပြုတော့ချေ။ အထူးသဖြင့် ညောင်ပင်ကြီးနားသို့ လုံးဝမသွားရန် တားမြစ်ထားလေ၏။

မောင်တင်ဦးသည် ကျွန်တော့်အား ပြောရပါမည်လားဟု စိတ်ဆိုးနေချေ၏။ အစပိုင်းတွင် စိတ်ဆိုးပြီး တစ်နှစ်ခန့်ထိ စကားမပြောသော်လည်း နောက်ကြာလာသောအခါ စကားပြန်ပြောလေသည်။ ထိုအချိန်၌ သူသည် အတော်တည်ငြိမ်နေပြီဖြစ်၏။ အသက်



လည်း နှစ်ဆယ်ပြည့်တော့မည်ဖြစ်ရာ နှစ်ဆယ်ပြည့်က သူ့အား ဒုလ္လဘရှင်ဟန်းဝတ်ပေးမည်ဟု သိရ၏။

သူလည်ပင်း၌လည်း ငွေပြားပါသော လက်ဖွဲ့ကြိုးလေး အမြဲချည်ထားသည်ကို တွေ့ရ၏။ သူရထားသော လက်စွပ်လေးကို သူ့မိဘများမှ သိမ်းထားသည်ဟု သိရ၏။

မောင်တင်ဦးသည် ဘုရားရှိ ညောင်ပင်သို့ မသွားရသည့်နောက် စိတ်ထိခိုက်နေဟန်ရှိ၏။ လူလည်း ပိန်သွား၏။ ထူးခြားသည်မှာ ဘုရားအနီးမှ ညောင်ပင်ကြီးသည်လည်း တစ်စတစ်စ ခြောက်သွေ့လာပြီး လုံးဝသေသွားလေတော့၏။ ညောင်ပင်ကြီးသေသွားသည်ကိုကြည့်ရင်း မောင်တင်ဦးက ဆွေးဆွေးမြည့်မြည့်ပြောလေသည်။

“သူတို့ပြောင်းသွားပြီ၊ သူတို့နေရာကို လူတွေသိသွားလို့တဲ့၊ အခု သူတို့က သရက်ပင်မောင်နှမနောက်နားမှာတဲ့၊ ငါ့ကိုလည်း လာလည်ဖို့ခေါ်တယ်၊ ဒီလို အိပ်မက်ပေးတာ နှစ်ခါရှိပြီ၊ ငါသွားချင်တယ်ကွာ၊ ငါ့သူကို သနားတယ်၊ အိပ်မက်ထဲမှာ သူ့မျက်နှာလေးက သနားစရာပါကွာ”

ကျွန်တော်က မသွားဖို့ တားမြစ်ရလေတော့၏။ သူပြောသည့် သရက်ပင်မောင်နှမသည် သင်္ချိုင်းဂေါက်ကွင်းနားမှာရှိပြီး အလွန်နာမည်ကြီးလှ၏။ (ယခု ထိုသရက်ပင်မောင်နှမ သေသွားပါပြီ) ညနေစောင်းလောက်ဆို ထိုအပင်နားမှ မည်သူမျှမဖြတ်ရဲ

လည်း နှစ်ဆယ်ပြည့်တော့မည်ဖြစ်ရာ နှစ်ဆယ်ပြည့်က သူ့အား ဒုလ္လဘရဟန်းဝတ်ပေးမည်ဟု သိရ၏။

သူလည်ပင်း၌လည်း ငွေပြားပါသော လက်ဖွဲ့ကြိုးလေး အမြဲချည်ထားသည်ကို တွေ့ရ၏။ သူရထားသော လက်စွပ်လေးကို သူ့မိဘများမှ သိမ်းထားသည်ဟု သိရ၏။

မောင်တင်ဦးသည် ဘုရားရှိ ညောင်ပင်သို့ မသွားရသည့်နောက် စိတ်ထိခိုက်နေဟန်ရှိ၏။ လူလည်း ပိန်သွား၏။ ထူးခြားသည်မှာ ဘုရားအနီးမှ ညောင်ပင်ကြီးသည်လည်း တစ်စတစ်စ ခြောက်သွေ့လာပြီး လုံးဝသေသွားလေတော့၏။ ညောင်ပင်ကြီးသေသွားသည်ကိုကြည့်ရင်း မောင်တင်ဦးက ဆွေးဆွေးမြည့်မြည့်ပြောလေသည်။

"သူတို့ပြောင်းသွားပြီ။ သူတို့နေရာကို လူတွေသိသွားလို့တဲ့။ အခု သူတို့က သရက်ပင်မောင်နှမနောက်နားမှာတဲ့။ ငါ့ကိုလည်း လာလည်ဖို့ခေါ်တယ်။ ဒီလို အိပ်မက်ပေးတာ နှစ်ခါရှိပြီ။ ငါသွားချင်တယ်ကွာ။ ငါသူ့ကို သနားတယ်။ အိပ်မက်ထဲမှာ သူ့မျက်နှာလေးက သနားစရာပါကွာ"

ကျွန်တော်က မသွားဖို့ တားမြစ်ရလေတော့၏။ သူပြောသည့် သရက်ပင်မောင်နှမသည် သန်လျင်ဂေါက်ကွင်းနားမှာရှိပြီး အလွန်နာမည်ကြီးလှ၏။ (ယခု ထိုသရက်ပင်မောင်နှမ သေသွားပါပြီ) ညနေစောင်းလောက်ဆို ထိုအပင်နားမှ မည်သူမျှမဖြတ်ရဲ

လောက်အောင် နာမည်ကြီးလှသည်။

နောက်ပိုင်းတွင် မောင်တင်ဦးသည် ကျွန်တော့်အား ထို အကြောင်းများနှင့်ပတ်သက်၍ ဘာမျှ မပြောတော့ချေ။ ကျွန်တော်လည်း မေ့မေ့လျော့လျော့နေခဲ့လေ၏။

တစ်နေ့၌မူ မောင်တင်ဦး၏သတင်းဆိုးကြီးတစ်ခုကို ကြားရလေတော့၏။ မောင်တင်ဦး သန်လျင်ဂေါက်ကွင်းနား ကျောက်ဆေးရုံဘေးရှိ ချောက်အတွင်း ရေအိုင်ကလေး၌ ရေနစ်သေနေပါသတဲ့။

ကျွန်တော် အပြေးအလွှားသွားကြည့်တော့ အလောင်းက ဆေးရုံရောက်နေပြီ။ ကျောက်ဆေးရုံဆိုသည်မှာ ဆေးရုံကြီးနှင့် ခပ်လှမ်းလှမ်းမှာရှိသည်။ သရက်ပင်မောင်နှမနှင့်လည်း သိပ်မဝေးလှ။ သူရေနစ်သည့်ချောက်တွင်း၌ ရေက ပေါင်ထိပင်မရှိချင်။

ဤကဲ့သို့သော ရေတိမ်တိမ်၌ မောင်တင်ဦး မည်ကဲ့သို့ရေနစ်သေသနည်း။ ရေတိမ်နစ်ခဲ့ရသည်ကတော့ အမှန်ပင်။ ဖြစ်ပုံက ထိုနေ့တွင် မောင်တင်ဦး အိမ်မှပျောက်၍ ညနေပိုင်းရှာကြသည်။ သန်လျင်ကျောက်ဆေးရုံဘေးက ရေအိုင်မှာ ရေနစ်သေနေသည့် သတင်းကြား၍ ပြေးလွှားကြည့်ကြတော့ မောင်တင်ဦးဖြစ်နေ၏။

သူ့ကို မြင်လိုက်သူများက ငါးဆင်းဖမ်းသည်ထင်၍ အမှတ်တမဲ့နေလိုက်ကြကြောင်း ပြောပြသည်။ အန္တရာယ်ဖြစ်လောက်သည့် ရေအနက်မဟုတ်၍လည်း ပိုအလေးမထားမိကြပါတဲ့။





သူဆင်းသွားပြီး နှစ်နာရီခန့်ကြာမှ ဖြတ်သွားသူတစ်ဦးက မြင်၍ ဆင်းဆယ်ကြခြင်းဖြစ်ကြောင်း သိရသည်။ ဆင်းဆယ်တော့ အသက်မပါတော့။ ထူးခြားသည်မှာ လည်ပင်းမှ လက်ဖွဲ့ကြိုးလေးလည်း အစအနပျောက်သွားခြင်းဖြစ်သည်။

ထိုထက်ထူးဆန်းသည်မှာ သူသေဆုံးချိန်၌ သူ့အသက်မှာ နှစ်ဆယ်တင်းတင်းပြည့်နေပြီဖြစ်သလို သူ့ထံမှသိမ်းထားသော ရွှေလက်စွပ်လေးမှာလည်း ပျောက်ခြင်းမလှ ပျောက်နေခြင်းပင် ဖြစ်တော့သတည်း။

▶▶◀◀

ထိုစဉ်က ဖြစ်ပျက်ခဲ့သမျှတို့ကို ကျွန်ုပ် အထပ်ထပ်ပြန်ပြောင်းစဉ်းစားမိ၏။

မောင်တင်ဦး သေဆုံးရခြင်းသည် ပရလောကနှင့် ဆက်နွယ်မှုရှိမရှိ. . ။

ပရလောကမှ ချစ်သူသည် အမှန်တကယ်ရှိမရှိဆိုသည်ကိုတား. .

ကျွန်ုပ်သည် ယခုတိုင် အဖြေရှာပါသော်လည်း အဖြေတောင်းစွာမရသေးဟုသာ ဝန်ခံရမည် ဖြစ်ပါလေတော့၏။

❖

သူဆင်းသွားပြီး နှစ်နာရီခန့်ကြာမှ ဖြတ်သွားသူတစ်ဦးက မြင်၍ ဆင်းဆယ်ကြခြင်းဖြစ်ကြောင်း သိရသည်။ ဆင်းဆယ်တော့ အသက်မပါတော့။ ထူးခြားသည်မှာ လည်ပင်းမှ လက်ဖွဲ့ကြိုးလေးလည်း အစအနပျောက်သွားခြင်းဖြစ်သည်။

ထိုထက်ထူးဆန်းသည်မှာ သူသေဆုံးချိန်၌ သူ့အသက်မှာ နှစ်ဆယ်တင်းတင်းပြည့်နေပြီဖြစ်သလို သူ့ထံမှသိမ်းထားသော ရွှေလက်စွပ်လေးမှာလည်း ပျောက်ခြင်းမလှ ပျောက်နေခြင်းပင် ဖြစ်တော့သတည်း။

▸▸◂◂


ထိုစဉ်က ဖြစ်ပျက်ခဲ့သမျှတို့ကို ကျွန်ုပ် အထပ်ထပ်ပြန်ပြောင်းစဉ်းစားမိ၏။

မောင်တင်ဦး သေဆုံးရခြင်းသည် ပရလောကနှင့် ဆက်နွယ်မှုရှိမရှိ. . ။

ပရလောကမှ ချစ်သူသည် အမှန်တကယ်ရှိမရှိဆိုသည်ကိုတား. .

ကျွန်ုပ်သည် ယခုတိုင် အဖြေရှာပါသော်လည်း အဖြေကောင်းစွာမရသေးဟုသာ ဝန်ခံရမည် ဖြစ်ပါလေတော့၏။ ။

❖




## အို့မြွေကလေးအား

"ဆိုစမ်းပါဦး. . ခင်ဗျားဘာတွေဖြစ်နေတယ်ဆိုတာ"

ဒေါက်တာဦးနိုင်ဝင်းက ဦးရွှေတင်အား စေ့စေ့ကြည့်မေးလိုက်၏။ ဦးနိုင်ဝင်းကား ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်၏။ ဦးရွှေတင်မှာ သူ၏လူနာတစ်ယောက်ဖြစ်သည်။

လွန်ခဲ့သော တစ်လခန့်ကမှစ၍ သူ့ဆေးခန်းသို့ ရောက်လာရသူဖြစ်သည်။ သူ့အား ပဏာမစစ်ဆေးကုသမှုများ ပြုလုပ်ပေးပြီးဖြစ်သော်လည်း ရောဂါမသက်သာဟုဆိုကာ ထပ်မံရောက်လာခြင်းဖြစ်၏။

ဦးရွှေတင်က ဒေါက်တာဦးနိုင်ဝင်းအား အားကိုးတကြီးကြည့်ရင်း ပြောပြရှာသည်။

# ညှို့မြေကလုံးမား

"ဆိုစမ်းပါဦး. . ခင်ဗျားဘာတွေဖြစ်နေတယ်ဆိုတာ"

ဒေါက်တာဦးနိုင်ဝင်းက ဦးရွှေတင်အား စေ့စေ့ကြည့်မေးလိုက်၏။ ဦးနိုင်ဝင်းကား ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်၏။ ဦးရွှေတင်မှာ သူ၏လူနာတစ်ယောက်ဖြစ်သည်။

လွန်ခဲ့သော တစ်လခန့်ကမှစ၍ သူ့ဆေးခန်းသို့ ရောက်လာရသူဖြစ်သည်။ သူ့အား ပဏာမစစ်ဆေးကုသမှုများ ပြုလုပ်ပေးပြီးဖြစ်သော်လည်း ရောဂါမသက်သာဟုဆိုကာ ထပ်မံရောက်လာခြင်းဖြစ်၏။

ဦးရွှေတင်က ဒေါက်တာဦးနိုင်ဝင်းအား အားကိုးတကြီးကြည့်ရင်း ပြောပြရှာသည်။

"ကျွန်တော် ညည လုံးဝအိပ်မပျော်ဘူးဆရာ။ အိပ်ပျော်ခယ်ကြရင် ချက်စီထဲမှာ မြွေတစ်ကောင်ကို မြင်တော့တာပဲဆရာ။ မြွေဟောက်ကြီးတစ်ကောင်ရဲ့ဦးခေါင်းကို မြင်နေရတယ်။ မြွေကြီးက ကျွန်တော့်ကို စူးစိုက်ကြည့်နေတာများ ကျောချမ်းစရာကောင်းလှပါတယ်ဆရာ"

ဦးရွှေတင်မှာ ပြောရင်း ကြောက်လန့်နေဟန်ပင်ရှိ၏။ ဝင်ဝန်းနွမ်းနယ်ဟန်လည်း ပြနေသည်။ ဒေါက်တာနိုင်ဝင်းက ခေါင်းတညိတ်ညိတ်နားထောင်ရင်း. .

"ဆက်ပြောပါဦး ဦးရွှေတင်"

ဟု ပြောလေ၏။ ဦးရွှေတင်က တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ဆက်ပြောလေ၏။

"အခုနောက်ပိုင်း ပိုဆိုးလာတယ်ဆရာ။ ညအိပ်မှ မဟုတ်တော့ဘူး။ နေ့ခင်းနေ့လယ် အလုပ်လုပ်နေရင်းက တစ်စုံတစ်ရာစဉ်းစားလို့ မျက်စေ့လေးမှိတ်မိလိုက်တာနဲ့ မြွေခေါင်းကြီးက ပေါ်လာတော့တာပဲဆရာ။ ခဏလေးမှိတ်ရင် ခဏလေး၊ ကြာကြာမှိတ်ထားရင် ကြာကြာမြင်နေရတယ်ဆရာ"

ဒေါက်တာဦးနိုင်ဝင်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဦးရွှေတင်အား မေးခွန်းများထုတ်လေတော့၏။

"ဦးရွှေတင်ပြောတဲ့အထဲမှာ မြွေဟောက်လို့ ပါတယ်နော်"

"ဟုတ်ကဲ့ဆရာ"





"ဘာ့ကြောင့်မြစ်လို့ မြွေဟောက်လို့ တပ်အပ်ပြောနိုင်ရတာလဲ။ ပါးပျဉ်းထောင်လျက် မြင်လို့လား"

"ပါးပျဉ်းထောင်လျက် မြင်တာတော့ မဟုတ်ဘူးဆရာ။ သာမန်ပုံစံ ဦးခေါင်းပဲ မြင်ရတာပါ။ နက်ကျောတျောနဲ့ဖြစ်သလို မြွေဟောက်တစ်ကောင်ပဲဆိုတာ ရင်ထဲအလိုလိုသိနေတယ်ဆရာ"

"ဟုတ်ပါပြီလေ။ ခင်ဗျားမှာ မြွေတစ်ကောင်ကောင်နဲ့ ပတ်သက်ခဲ့ဖူးတဲ့အကြောင်းအရာတွေများ ရှိခဲ့ဖူးလား။ စဉ်းစားဖြေဗျာ"

"အား. . ရှိဖူးတယ်ဆရာ။ ရှိခဲ့ဖူးတယ်"

ဦးရွှေတင်က တစ်စုံတစ်ရာကို မှတ်မိသလို ချက်ချင်းမင်ဖြေ၏။ ဦးရွှေတင်၏အဖြေကြောင့် ဒေါက်တာနိုင်ဝင်းမျက်လုံးများဝင်းလက်သွားသည်။ အဖြေတစ်ရပ်ကို ရရှိတော့မည်မို့ ဦးရွှေတင်အား စေ့စေ့ကြည့်ရင်း. .

"ကိုင်း. . ခင်ဗျားရဲ့ မြွေတစ်ကောင်နဲ့ ပတ်သက်ခဲ့တဲ့ အကြောင်းအရာအားလုံး အစကနေအဆုံး ကျွန်တော့်ကို ပြောပြစမ်းဗျာ"

ဟု ပြောလိုက်ရာ ဦးရွှေတင်က. .

"ပြောပါ့မယ်ဆရာ။ ဒီလိုပါ" ဟု အစချီလျက် အောက်ပါဖြစ်ရပ်များကို ပြောပြလေတော့၏။

▶▶◀◀

"ဘာ့ဖြစ်လို့ မြွေဟောက်လို့ တပ်အပ်ပြောနိုင်ရတာလဲ။ ပါးပျဉ်းထောင်လျက် မြင်လို့လား"

"ပါးပျဉ်းထောင်လျက် မြင်တာတော့ မဟုတ်ဘူးဆရာ။ သာမန်ပုံစံ ဦးခေါင်းပဲ မြင်ရတာပါ။ နက်ကျောကျောနဲ့ဖြစ်သလို မြွေဟောက်တစ်ကောင်ပဲဆိုတာ ရင်ထဲအလိုလိုသိနေတယ်ဆရာ"

"ဟုတ်ပါပြီလေ။ ခင်ဗျားမှာ မြွေတစ်ကောင်ကောင်နဲ့ ပတ်သက်ခဲ့ဖူးတဲ့အကြောင်းအရာတွေများ ရှိခဲ့ဖူးလား။ စဉ်းစားဖြေဗျာ"

"အား. . ရှိဖူးတယ်ဆရာ။ ရှိခဲ့ဖူးတယ်"

ဦးရွှေတင်က တစ်စုံတစ်ရာကို မှတ်မိသလို ချက်ချင်းပင်ဖြေ၏။ ဦးရွှေတင်၏အဖြေကြောင့် ဒေါက်တာနိုင်ဝင်းမျက်လုံးများဝင်းလက်သွားသည်။ အဖြေတစ်ရပ်ကို ရရှိတော့မည်မို့ ဦးရွှေတင်အား စေ့စေ့ကြည့်ရင်း. .

"ကိုင်း. . ခင်ဗျားရဲ့ မြွေတစ်ကောင်နဲ့ ပတ်သက်ခဲ့တဲ့အကြောင်းအရာအားလုံး အစကနေအဆုံး ကျွန်တော့်ကို ပြောပြစမ်းဗျာ"

ဟု ပြောလိုက်ရာ ဦးရွှေတင်က. .

"ပြောပါ့မယ်ဆရာ။ ဒီလိုပါ" ဟု အစချီလျက် အောက်ပါဖြစ်ရပ်များကို ပြောပြလေတော့၏။

▶▶◀◀

"တိုက်ကြီးက အကြီးကြီးပဲနော်။ ဈေးဆန်ပေမယ့် ထုထည် တောင့်တယ်။ မြင့်လိုက်မယ်ဆို မဆိုးပါဘူး။ ခြံကြီးကလည်း အကျယ် ကြီး"

"စုတ်တယ်နော်။ ခြံထဲမှာလည်း သီးပင်စားပင်တွေနဲ့ သက်တော့ကြိုက်တယ်။ ဝယ်ပြီး မြင်နေလိုက်ရရင် ကောင်းမယ် ထင်တယ်"

"ကဲ. . ဒါဆိုလည်း ဝယ်လိုက်ကြတာပေါ့"

ဦးရွှေတင်နှင့် ဒေါ်သက်သက်တို့ ဇနီးမောင်နှံနှစ်ယောက် မှာ ဝယ်မည့်နှစ်ထပ်တိုက်ကြီးအား လှည့်ပတ်ကြည့်ရင်း တိုင်ပင်နေ ကြ၏။ အကြိုက်ချင်းလည်း တူကြပြီမို့ ငွေချေဝယ်ယူဖို့ပဲ ရှိတော့ သည်။

တိုက်ကြီးက သူတို့ကြိုက်မည်ဆိုလည်းကြိုက်ချင်စရာ။ ဈေး ဆန်သော်လည်း တည်ဆောက်ပုံခိုင်ခံ့၏။ ခြံကြီးကလည်း ကျယ်လှ ပြီး ဝိန္ဒဲ၊ သရက်၊ မရမ်း၊ မာလကာပင်များ၊ ပိတောက်ပင်ကြီးများ ဖြင့် စုံလှသည်။ နေရာကလည်း ရန်ကုန်မြို့နှင့်မဝေး။ ရန်ကုန်တစ် ဖက်ကမ်း သန်လျင်မြို့တွင်းမှာ တည်ရှိနေသည်။

ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းမှာ ဦးရွှေတင်၏မိဘများနှင့် ညီမများပါ နေကြသဖြင့် ကျဉ်းကျပ်နေသည်။ ယခု တိုက်ကြီးဝယ် လိုက်ပြီးလျှင် မြင်ဆင်၍ ဦးရွှေတင်တို့ဇနီးမောင်နှံ နေကြမည်ပေါ့။

သို့နှင့် တိုက်ကြီးကို ဈေးနှုန်းညှိ၍ ဝယ်လိုက်ကြသည်။





ဝယ်ပြီး အားချင်းပင် ပြင်ဆင်ကြလေ၏။ သည်မှာတင် ပြဿနာစလေ၏။

ပြဿနာက နောက်ဖေးခန်းဘက်မှ စသည်။

တိုက်၏နောက်ဘက် အောက်ထပ်၌ ခင်းထားသော ပျဉ် ဟောင်းများကိုခွာပစ်ကြသည်။ ထိုစဉ် မြွေတစ်ကောင်ကို တွေ့လိုက် ကြသည်။

"အမယ်လေး. . မြွေကြီးဗျ"

အလုပ်သမားလေးတစ်ယောက်က လန့်အော်သည်။ မြွေ ကြီးကား ကြီးမားလှဘိသည်။ လူကြီးတစ်ယောက်၏ လက်ကောက် ဝတ်ခန့်ရှိသည်။ နက်မှောင်မည်းပြောင်နေသည်။

"ဟောကောင်. . ဘယ်မှာလဲမြွေ"

"ဟို. . ဟို. . ဟိုဘက်ထဲ ဝင်သွားပြီ"

မြွေစတွေ့သည့်ကလေးက ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။ သို့နှင့် အလုပ်သမားများက အတိထား၍ ပျဉ်များကို ဆက်ခွာသည်။ ပျဉ်အချို့ကို ထပ်ခွာပြီးတော့ မြွေကြီးကို တွေ့လိုက် ကြရသည်။

"ဟာ. . ဟိုမှာ. . ဟိုမှာ. . ဟိုဘက်သွားပြီ"

မြွေကြီးက လွန်စွာမြန်လှသည်။ အလုပ်သမားများ ကြည့် နေစဉ်မှာပင် ပျောက်သွားပြန်သည်။ ရှာ၍မရတော့။ အလုပ်သမား များက သတိကြီးစွာထားပြီး ပျဉ်များကိုခွာသည်။ မြွေကား မတွေ့ရ

ဝယ်ပြီး အားချင်းပင် ပြင်ဆင်ကြလေ၏။ သည်မှာတင် ပြဿနာစလေ၏။

ပြဿနာက နောက်ဖေးခန်းဘက်မှ စသည်။

တိုက်၏နောက်ဘက် အောက်ထပ်၌ ခင်းထားသော ပျဉ်ပြောင်းများကိုခွာပစ်ကြသည်။ ထိုစဉ် မြွေတစ်ကောင်ကို တွေ့လိုက်ကြသည်။

"အမယ်လေး . . မြွေကြီးဗျ"

အလုပ်သမားလေးတစ်ယောက်က လန့်အော်သည်။ မြွေကြီးကား ကြီးမားလှဘိသည်။ လူကြီးတစ်ယောက်၏ လက်ကောက်ဝတ်ခန့်ရှိသည်။ နက်မှောင်မည်းပြောင်နေသည်။

"ဟော့ကောင်. . ဘယ်မှာလဲမြွေ"

"ဟို. . ဟို. . ဟိုဘက်ထဲ ဝင်သွားပြီ"

မြွေစတွေ့သည့်ကလေးက ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။ သို့နှင့် အလုပ်သမားများက သတိထား၍ ပျဉ်များကို ဆက်ခွာသည်။ ပျဉ်တချို့ကို ထပ်ခွာပြီးတော့ မြွေကြီးကို တွေ့လိုက်ကြရသည်။

"ဟာ. . ဟိုမှာ. . ဟိုမှာ. . ဟိုဘက်သွားပြီ"

မြွေကြီးက လွန်စွာမြန်လှသည်။ အလုပ်သမားများ ကြည့်နေစဉ်မှာပင် ပျောက်သွားပြန်သည်။ ရှာ၍မရတော့။ အလုပ်သမားများက သတိကြီးစွာထားပြီး ပျဉ်များကိုခွာသည်။ မြွေကား မတွေ့ရ

တော့ပါချေ။

မြွေကိုတွေ့စဉ်က ဦးရွှေတင် မရှိချေ။ ထို့ကြောင့် ဦးရွှေတင်တတော့ မြွေကိုမမြင်လိုက်ရ။ အိမ်ပြင်ဆင်သည့် အလုပ်သမားများသာ မြင်ခြင်းဖြစ်သည်။

ဦးရွှေတင် မကျေနပ်။

မြွေကိုတွေ့လျက်နှင့် လွှတ်သွားရသည်ကို မကျေနပ်ချေ။ မြွေကို အပြတ်မရှင်းပစ်ရကောင်းလားဟု တက်တခေါက်ခေါက်ဖြစ်နေသည်။

"တောက်. . မြွေကိုတွေ့ရက်နဲ့ မရှင်းပစ်နိုင်ကြဘူးလို့။ မြွေဟာ အန္တရာယ်ကောင်ကွ။ နောက်တစ်ခါထပ်တွေ့ရင် မလွှတ်စေနဲ့။ သတ်ပစ်လိုက်။ အန္တရာယ်များလှတယ်"

နောက်တစ်ခါတွေ့ပါက သတ်ပစ်ဖို့ မှာကြားနေသည်။

ဒေါ်သက်သက်ကတော့ ဦးရွှေတင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ မြွေကို သတ်ရန်မလိုလား။ သူ့ဘာသာသူ နေပါစေ။ ကိုယ့်ဘာသာကိုယ်နေ၍ မေတ္တာပို့ပေးနေမည်ဆိုက အန္တရာယ်မရှိနိုင်ဟု ဆိုသည်။

"မလုပ်ပါနဲ့ရှင်။ မြွေကိုမေတ္တာပို့ပေးမယ်၊ ခန္ဓာ့သုတ်တော်ကို ရွတ်ပေးမယ်ဆို အန္တရာယ်မဖြစ်နိုင်ပါဘူး"

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမဲ့ အခုဟာက အိမ်ထဲမှာတွေ့ ကိုယ်နဲ့ပက်ပင်းမတိုးဘူးလို့ ပြောရမလား"





"အိမ်ထဲမှာတော့ မရှိလောက်ပါဘူး။ အခုအိမ်ပြင်ပြီးပြီပဲ။ တွေ့မှ မတွေ့တော့တာဘဲဟာ။ ရှိတောင်ရှိသေးရဲ့လား မသိဘူး"

"အေးလေ. . မတွေ့သေးလို့ပေါ့။ တွေ့ရင်တော့ မလွှယ်ဘူးမှတ်"

ဦးရွှေတင် စွတ်တရွတ်ပင်။ တွေ့လျှင်တော့ အသေသတ်ညွှသဘောရှိသည်။ ဒေါ်သက်သက် ဖျောင်းဖျတာကို လက်မခံ။ မြွေကို အန္တရာယ်ကောင်ဟုသာ သူရှုမြင်နေ၏။

သို့သော်. .

သူတို့ဇနီးမောင်နှံ ပြဿနာဆက်မဖြစ်ကြချေ။ မြွေကို မတွေ့ကြရသောကြောင့်ဖြစ်လေ၏။

မြွေကလည်း သိ၍လားတော့မသိ။ လုံးဝ အရိပ်အယောင်ပင် မမြင်ရတော့ပါချေ။

▶▶◀◀

နေ့တစ်ည. .

အတော်လေးအိုက်လှသည်။ ဦးရွှေတင်လည်း ချွေးတလုံးလုံးနှင့်မို့ ခြံထဲဆင်း၊ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေသည်။ နေ့ညနေမှာတော့ ဦးရွှေတင် ညဦးပိုင်းမှ ညအတော်နက်သည်ထိ ခြံထဲထိုင်ဖြစ်သည်။

"အိမ်ထဲမှာတော့ မရှိလောက်ပါဘူး။ အခုအိမ်ပြင်ပြီးပြီပဲ။ တွေ့မှ မတွေ့တော့တာဘဲဟာ။ ရှိတောင်ရှိသေးရဲ့လား မသိဘူး"

"အေးလေ. . မတွေ့သေးလို့ပေါ့။ တွေ့ရင်တော့ မလွယ်ဘူးမှတ်"

ဦးရွှေတင် စွတ်တရွတ်ပင်။ တွေ့လျှင်တော့ အသေသတ်ချည့်သဘောရှိသည်။ ဒေါ်သက်သက် ဖျောင်းဖျတာကို လက်မခံ။ မြွေကို အန္တရာယ်ကောင်ဟုသာ သူရှုမြင်နေ၏။

သို့သော်. .

သူတို့ဇနီးမောင်နှံ ပြဿနာဆက်မဖြစ်ကြချေ။ မြွေကို တွေ့ကြရသောကြောင့်ဖြစ်လေ၏။

မြွေကလည်း သိ၍လားတော့မသိ။ လုံးဝ အရိပ်အယောင်ပင် မမြင်ရတော့ပါချေ။

▸▸◂◂

နေ့တစ်ည. .

အတော်လေးအိုက်လှသည်။ ဦးရွှေတင်လည်း ချွေးတလုံးလုံးနှင့်မို့ ခြံထဲဆင်း၊ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေသည်။ နွေည များမှာတော့ ဦးရွှေတင် ညဦးပိုင်းမှ ညအတော်နက်သည်ထိ ခြံထဲ ထိုင်ဖြစ်သည်။

ထိုညတ လသာနေ၏။

လရောင်သည် သစ်ပင်သစ်ခက်များကြားမှ ဖြာကျနေ၏။ နာရီက ည (၁၀) နာရီခွဲခန့်ရှိနေပြီး ဦးရွှေတင်ဆက်လက်ထိုင်ရင်း စီးကရက်ဖွာနေသည်။

ဒေါ်သက်သက်ကတော့ အိပ်ရာထဲရောက်နေပြီ။ ဒေါ်သက်သက်ကား စောစောအိပ်လေ့ရှိ၏။ ဦးရွှေတင်က ညနက်မှသာ အိပ်လေ့ရှိသည်။

ဦးရွှေတင်ကား စီးကရက်ကိုဖွာရင်း ကောင်းကင်က ကြယ်လေးများကို ကြည့်နေမိသည်။ ပြီးတော့ မျက်လုံးကို ခေတ္တမှိတ်ရင်း အတွေးနယ်ချဲ့နေမိသည်။

လက်ထဲမှ စီးကရက်ကုန်လုပြီဖြစ်၍ မီးသတ်လိုက်သည်။ မျက်စိဖွင့်၍ စီးကရက်ကို မြေပြင်မှာထိုးချေဖို့ပြင်ခိုက် ဦးရွှေတင် မှင်တက်သွားသည်။

ဟုတ်သည်။

သူ့ကုလားထိုင်နှင့်မလှမ်းမကမ်းမှာ မြွေကြီးတစ်ကောင်...

သူထိုင်နေရာဘေးမှဖြတ်၍ သွားနေခြင်းဖြစ်သည်။ အကွာအဝေးမှာ ခြောက်ပေခန့်ပဲကွာလိမ့်မည်။

မြွေက အတော်ကြီးသည်။ ဦးရွှေတင်လည်း ပက်လက်ကုလားထိုင်ပေါ်က မထရဲ။ လှုပ်လည်းမလှုပ်ရဲ။ ငြိမ်၍ကြည့်နေမိသည်။ မြွေကြီးသည် သူ့ကိုကျော်ဖြတ်၍ ခြံပြင်သို့ထွက်ဖို့ ဦးတည်





နေခြင်းပါ။

မြွေကြီးကိုမနှစ်မြို့သည်မှာမှန်သော်လည်း ထရိုက်ဖို့တော့ မဝံ့ရဲ။ လက်နက်တစ်စုံတစ်ရာကလည်း သူ့အနားမှာ အသင့်မရှိ။ ရှိဦးတော့...။ ဦးရွှေတင် မြွေကိုမရိုက်ရဲပါ။

ကိစ္စမရှိ။ မြွေသွားရာလမ်းကြောင်းကို သူသိရပြီ။ မြွေသည် ဒီဘက်ခြံနှင့်ဟိုဘက်ခြံ ကူးနေမြဲဖြစ်ပုံရ၏။ သွားပါစေဦးတော့။ နောက်ညတွေလည်း သူသွားလိမ့်ဦးမည်။

ထင်သည့်အတိုင်းပင် နောက်ညတွေမှာလည်း နှစ်ကြိမ်ခန့် ထပ်တွေ့သည်။ သူထွက်တတ်သည့်အချိန်ကိုလည်း မှတ်သားထားပြီးပြီ။ ည (၁၀) နာရီမှ (၁၁) နာရီအတွင်း သူထွက်လေ့ရှိသည်မဟုတ်လား။

ဦးရွှေတင်မှတ်သားထားမိသည်ကား မြွေကြီးသည် အချိန်မှန်ထွက်၍ သွားနေကျလမ်းကြောင်းအတိုင်း သွားလေ့ရှိကာ တစ်ဖက်ခြံသို့ ဝင်သွားတတ်ခြင်းပင်။

မြွေကြီးက ညစဉ်ထွက်သည်တော့မဟုတ်။ ဘာပဲဖြစ်ဖြစ် ထွက်လေ့ရှိသည်မို့ သူ့ကိုစောင့်သတ်ဖို့ မခဲယဉ်းတော့ပြီ။ သတ်မည့်နည်းကိုလည်း ရေးဆွဲထားလိုက်သည်။

မြွေကိုသတ်တာတော့ ဟုတ်ပါပြီ။ မြွေသတ်သည်ကို ဒေါ်သက်သက်သိ၍မဖြစ်။ ဒေါ်သက်သက်မရှိခိုက် သတ်မှဖြစ်မည်။

ဒေါ်သက်သက်က ရံဖန်ရံခါ ပဲခူးရှိသူ့မိဘများထံ သွား

နေခြင်းပါ။

မြွေကြီးကိုမနှစ်မြို့သည်မှာမှန်သော်လည်း ထရိုက်ဖို့တော့ မဝံ့ရဲ။ လက်နက်တစ်စုံတစ်ရာကလည်း သူ့အနားမှာ အသင့်မရှိ။ ရှိဦးတော့. . ။ ဦးရွှေတင် မြွေကိုမရိုက်ရဲပါ။

ကိစ္စမရှိ။ မြွေသွားရာလမ်းကြောင်းကို သူသိရပြီ။ မြွေသည် ဒီဘက်ခြံနှင့်ဟိုဘက်ခြံ ကူးနေမြဲဖြစ်ပုံရ၏။ သွားပါစေဦးတော့။ နောက်ညတွေလည်း သူသွားလိမ့်ဦးမည်။

ထင်သည့်အတိုင်းပင် နောက်ညတွေမှာလည်း နှစ်ကြိမ်ခန့် ထပ်တွေ့သည်။ သူထွက်တတ်သည့်အချိန်ကိုလည်း မှတ်သားထားပြီးပြီ။ ည(၁၀)နာရီမှ(၁၁)နာရီအတွင်း သူထွက်လေ့ရှိသည်မဟုတ်လား။

ဦးရွှေတင်မှတ်သားထားမိသည်ကား မြွေကြီးသည် အချိန်မှန်ထွက်၍ သွားနေကျလမ်းကြောင်းအတိုင်း သွားလေ့ရှိကာ တစ်ဖက်ခြံသို့ ဝင်သွားတတ်ခြင်းပင်။

မြွေကြီးက ညစဉ်ထွက်သည်တော့မဟုတ်။ ဘာပဲဖြစ်ဖြစ် ထွက်လေ့ရှိသည်မို့ သူ့ကိုစောင့်သတ်ဖို့ မခဲယဉ်းတော့ပြီ။ သတ်မည့်နည်းကိုလည်း ရေးဆွဲထားလိုက်သည်။

မြွေကိုသတ်တာတော့ ဟုတ်ပါပြီ။ မြွေသတ်သည်ကို ဒေါ်သက်သက်သိ၍မဖြစ်။ ဒေါ်သက်သက်မရှိခိုက် သတ်မှဖြစ်မည်။

ဒေါ်သက်သက်က ရုံဖန်ရံခါ ပဲခူးရှိသူ့မိဘများထံ သွား

တတ်သည်။ သွားလျှင်လည်း နှစ်ရက်သုံးရက်နေတတ်သည်။ ထို အချိန်မျိုး၌ သူ့စီမံကိန်းကို အကောင်အထည်ဖော်ရပေလိမ့်မည်။

သိပ်တော့မစောင့်လိုက်ရ။ ဒေါ်သက်သက် ပဲခူးကိုသွားဖို့ အကြောင်းပေါ်လာသည်။ ပဲခူးရှိမိဘများထံမှ ကိစ္စတစ်ခုကြောင့် ဖုန်းဆက်ခေါ်ခြင်းဖြစ်၏။

"အစ်ကိုရေ. . ။ သက် ပဲခူးသွားလိုက်ဦးမယ်"

ဟန်ကျလေပြီ။ ဒေါ်ရွှေသက် ပဲခူးသွားတော့မည်။ ဦးရွှေ တင်ကလည်း ကျေကျေနပ်နပ်ကြီးပင် လွှတ်လိုက်သည်။ အေးအေး ဆေးဆေးနေချင်နေဖို့ပင် မှာလိုက်သေးသည်။

ဒေါ်သက်သက်ခရီးထွက်သွားသည်နှင့် ဦးရွှေတင်လုပ်ငန်း စတော့သည်။ သူ့တပည့်ဖြစ်သူဖိုးအေးကို ခေါ်လိုက်သည်။ ဖိုးအေး က သူနှင့်တစ်လမ်းတည်းမှာနေသည်။ လေးငါးအိမ်သာခြား၏။

သူ့စီမံကိန်းကို ဖိုးအေးအားပြောပြလိုက်၏။ ဖိုးအေး တာဝန်ယူသည်။ ဒေါ်သက်သက်ခရီးသွားသည့်ညမှစ၍ ဖိုးအေး လာစောင့်၏။

သို့သော်. .

ထိုညက မြွေကြီးထွက်မလာပါ။ သူတို့အကြံကို သိနေလေ လားထင့်။

ကိစ္စမရှိ. . ။

နောက်ညတွေ ရှိသေးသည်ပဲ။ သင်း ရက်ကြာကြာတော့



ဘဲတော့ နေမည်မထင်။

ထင်သည့်အတိုင်းပင်. . ။

ဒုတိယညမှာတော့ မြွေကြီးထွက်လာပါသည်။ အသင့် စောင့်နေသည့်ဖိုးအေးက လက်ရဲဇက်ရဲရှိလှသည်။ မြွေကလည်း သတ္တိကောင်းလှ၏။ ရန်သူကိုပြန်ပေါက်ဖို့ ပါးပျဉ်းကြီးထောင်၍ စောင့်နေသည်။ လရောင်နှင့်မို့ မြွေကြီးကို ရှင်းရှင်းကြီးမြင်နေရ၏။ ဦးရွှေတင်ကတော့ ဖိုးအေးနောက်နားမှာ တုတ်ကြီးတစ်ချောင်းနှင့်၊ ရှေ့တော့မထွက်ရဲ။

သူတို့ကိုရှုရဲစွာကြည့်၍ အသင့်စောင့်နေသော မြွေဟောက် ကြီး၏ပါးပျဉ်းခွက်ထဲသို့ ဖိုးအေးက လောက်လေးခွဖြင့် လှမ်းပစ် လိုက်သည်။

'ဖုတ်' ခနဲဆို ပါးပျဉ်းတည့်တည့်ထိမှန်ပြီး မြွေကြီးလန်ကျ သွား၏။ ထိုအချိန်မှာ ခေါင်းကိုချိန်၍ တစ်ချက်ထပ်ပစ်သည်။ ပွဲ သိမ်းအဖြစ် အုတ်နီခဲကြီးဖြင့် ခေါင်းကိုထုချလိုက်သေးသည်။

ပွဲသိမ်းသွားချေပြီ။

ဦးခေါင်းကြေမွနေသော မြွေကြီး၏ကိုယ်လုံးကတော့ တွန့် လိမ်လူးလှိမ့်ရှုနေဆဲ။

သည်မြွေကြီးအား ညတွင်းချင်းပင် မြေမြှုပ်ပစ်လိုက်ကြ ၏။ ဦးရွှေတင်၏ခြံနောက်ဘက် မန်ကျည်းပင်ကြီးအောက်မှာပဲ ဖိုးအေးက ကျင်းတူးကာ မြှုပ်နှံပေးလေ၏။

ဘဲတော့ နေမည်မထင်။

ထင်သည့်အတိုင်းပင်. . .။

ဒုတိယည်မှာတော့ မြွေကြီးထွက်လာပါသည်။ အသင့်စောင့်နေသည့်ဖိုးအေးက လက်ရဲဇက်ရဲရှိလှသည်။ မြွေကလည်း သတ္တိကောင်းလှ၏။ ရန်သူကိုပြန်ပေါက်ဖို့ ပါးပျဉ်းကြီးထောင်၍ စောင့်နေသည်။ လရောင်နှင့်မို့ မြွေကြီးကို ရှင်းရှင်းကြီးမြင်နေရ၏။ ဦးရွှေတင်ကတော့ ဖိုးအေးနောက်နားမှာ တုတ်ကြီးတစ်ချောင်းနှင့်။ ရှေ့တော့မထွက်ရဲ။

သူတို့ကိုဖူးရဲရဲစွာကြည့်၍ အသင့်စောင့်နေသော မြွေဟောက်ကြီး၏ပါးပျဉ်းခွက်ထဲသို့ ဖိုးအေးက လောက်လေးခွဖြင့် လှမ်းပစ်လိုက်သည်။

'ဖုတ်' ခနဲဆို ပါးပျဉ်းတည့်တည့်ထိမှန်ပြီး မြွေကြီးလန်ကျသွား၏။ ထိုအချိန်မှာ ခေါင်းကိုချိန်၍ တစ်ချက်ထပ်ပစ်သည်။ ပွဲသိမ်းအဖြစ် အုတ်နီခဲကြီးဖြင့် ခေါင်းကိုထုချလိုက်သေးသည်။

ပွဲသိမ်းသွားချေပြီ။

ဦးခေါင်းကြေမွနေသော မြွေကြီး၏ကိုယ်လုံးကတော့ တွန့်လိမ်လှုပ်ရှားနေဆဲ။

သည်မြွေကြီးအား ညတွင်းချင်းပင် မြေမြှုပ်ပစ်လိုက်ကြ၏။ ဦးရွှေတင်၏ခြံနောက်ဘက် မန်ကျည်းပင်ကြီးအောက်မှာပဲ ဖိုးအေးက ကျင်းတူးကာ မြှုပ်နှံပေးလေ၏။

ထိုညက ဖိုးအေးသည် ဦးရွှေတင်၏အိမ်မှာပဲ အောင်ပွဲခံ အရက်သောက်ရင်း အိပ်စက်ခဲ့လေ၏။

ဦးရွှေတင်ကတော့ တစ်ညလုံးအိပ်မပျော်။ မြွေနှင့်ဖိုးအေး တို့လုပ်ရှားမှုအပေါ် ပြန်မြင်နေမိသည်။ မျက်စိကြောင်ကာ အိပ်မရဘဲ မိုးလင်းခဲ့ရ၏။

ဘာပဲဖြစ်ဖြစ်. .

သူရှင်းပစ်ချင်နေသည့်မြွေကြီးကို ရှင်းလိုက်နိုင်ပြီမို့ ဦးရွှေတင်ကျေနပ်နေမိတော့သည်သာ။

▶▶ ◀◀

"ဖိုးအေးဆုံးပြီ"

"ဘာ. ."

"ဟုတ်တယ်. .။ ဖိုးအေး မြွေကိုက်ခံရလို့ ဆေးရုံပို့တာ အသက်မမီဘဲ လမ်းမှာတင်ဆုံးသွားတာ"

"ဘုရား. . ဘုရား. ."

ကြားရသည့်သတင်းဆိုးကြီးကြောင့် ဦးရွှေတင်ဘုရားတမိသည်။

သာမန်အားဖြင့် သတင်းထူးမဟုတ်ပေမင့် ဦးရွှေတင် အတွက်ဆာတော့ သတင်းထူးကြီးဖြစ်နေပြီ။ ကိုယ့်အကြောင်းသာ





ကိုယ်သိကြသည်ပဲ။

မြွေဟောက်ကြီးကိုသတ်ပစ်ခဲ့သည်မှာ တစ်လသောက်ပဲ ရှိဦးမည်။ ဆရာတပည့်နှစ်ယောက် မြွေကြီးကိုသတ်ပြီး နောက်ရက်များတွင် ဦးရွှေတင်တစ်ယောက် အိပ်မက်ဆိုးများ မက်နေခဲ့သည်လေ။

အိပ်မက်ဆိုသော်လည်း ပြည့်ပြည့်စုံစုံကြီးမက်သည်တော့မဟုတ်။ မြွေကြီး၏ စူးရှသောမျက်လုံးနှစ်လုံးနှင့် ဦးခေါင်းကိုသာ မြင်မြင်နေခြင်းဖြစ်သည်။

အိပ်မက်ထဲမှာတင် မြင်ရခြင်းမဟုတ်။ နေ့ခင်းကြောင်တောင် မှေးရင်း၊ ငိုက်ရင်းလည်း ကွက်ခနဲဆို မြွေဦးခေါင်းကြီးက ပေါ်လာတတ်သည်။

မြွေကြီး၏ပုံရိပ်များကို မြင်ရဖန်များတော့ ကြောက်လာမိသည်။ မြွေကြီး၏ဦးခေါင်းကို မြင်မိသည်နှင့် ဦးရွှေတင်မှာ ချွေးစေးများကျလာလေတော့၏။

ထိုအကြောင်းများကို အစကတော့ ဒေါ်သက်သက်မသိသေး၊ နောက်တော့ ဦးရွှေတင်၏မူမမှန်မှုကြောင့် မေးမြန်းစူးစမ်းရာမှ သိသွားသည်။ ဒေါ်သက်သက်က. .

"ရှင်တို့ဆရာတပည့်နှစ်ယောက်တော့ ဒုက္ခဖြစ်တော့မယ်"

ဟု ညည်းညူသည်။ သေသွားသည့်မြွေကြီးကို ရည်စူး၍ ဆွမ်းသွတ်ပို့ အမျှဝေ၊ တောင်းပန်မှုများ ပြုလုပ်သည်။ ဒေါ်သက်သက်

ကိုယ်သိကြသည်ပဲ။

မြွေဟောက်ကြီးကိုသတ်ပစ်ခဲ့သည်မှာ တစ်လလောက်ပဲ ရှိဦးမည်။ ဆရာတပည့်နှစ်ယောက် မြွေကြီးကိုသတ်ပြီး နောက်ရက်များတွင် ဦးရွှေတင်တစ်ယောက် အိပ်မက်ဆိုးများ မက်နေခဲ့သည်လေ။

အိပ်မက်ဆိုသော်လည်း ပြည့်ပြည့်စုံစုံကြီးမက်သည်တော့ မဟုတ်။ မြွေကြီး၏ စူးရှသောမျက်လုံးနှစ်လုံးနှင့် ဦးခေါင်းကိုသာ မြင်မြင်နေခြင်းဖြစ်သည်။

အိပ်မက်ထဲမှာတင် မြင်ရခြင်းမဟုတ်။ နေ့ခင်းကြောင်တောင် မှေးရင်း၊ ငိုက်ရင်းလည်း ကွက်ခနဲဆို မြွေဦးခေါင်းကြီးက ပေါ်လာတတ်သည်။

မြွေကြီး၏ပုံရိပ်များကို မြင်ရဖန်များတော့ ကြောက်လာမိသည်။ မြွေကြီး၏ဦးခေါင်းကို မြင်မိသည်နှင့် ဦးရွှေတင်မှာ ချွေးစေးများကျလာလေတော့၏။

ထိုအကြောင်းများကို အစကတော့ ဒေါ်သက်သက်မသိသေး။ နောက်တော့ ဦးရွှေတင်၏မူမမှန်မှုကြောင့် မေးမြန်းစူးစမ်းရာမှ သိသွားသည်။ ဒေါ်သက်သက်က. .

"ရှင်တို့ဆရာတပည့်နှစ်ယောက်တော့ ဒုက္ခဖြစ်တော့မယ်"

ဟု ညည်းညူသည်။ သေသွားသည့်မြွေကြီးကို ရည်စူး၍ ဆွမ်းသွတ်ပို့ အမျှဝေ၊ တောင်းပန်မှုများ ပြုလုပ်သည်။ ဒေါ်သက်သက်

လုပ်တာမှ ဦးရွှေတင်ပိုကြောက်သွားတော့သည်။

သည်လိုအချိန်မှာ ဖိုးအေးတစ်ယောက် မြွေကိုက်ခံရပြီး သေတယ်ဆိုတော့ ဦးရွှေတင်ခမျာ နေစရာမရှိတော့။ မျက်စိထဲမှာလည်း မြွေကြီးကိုသာ မြင်မြင်နေတော့သည်။

သို့နှင့် . .

ဦးရွှေတင်သည် ကြောက်လန့်ချောက်ချားခြင်းများနှင့် အိပ်မပျော်သောညများစွာကို ဖြတ်သန်းရင်းမှ . .

ဒေါက်တာဦးနိုင်ဝင်းထံသို့ ရောက်ခဲ့ရခြင်းဖြစ်တော့၏။

▶▶ ◀◀

"ဟင်း . . "

ဦးရွှေတင်ပြောပြသည်များကို နားထောင်ရင်း ဒေါက်တာဦးနိုင်ဝင်း သက်ပြင်းချမိ၏။ ဦးရွှေတင်၏ရောဂါဇစ်မြစ်ကိုလည်း ကောင်းကောင်းသဘောပေါက်သွားပြီဖြစ်သည်။ ဦးရွှေတင်သည် ဟစ်တီးရီးယားခေါ် စိတ်ကစဉ့်ကလျားရောဂါလက္ခဏာများ ပြနေခြင်းပင်။

သင့်တော်သောဆေးများပေး၍ စိတ်အနားယူခိုင်းလိုက်လျှင်တော့ ကောင်းသွားမည်ဟု ဒေါက်တာဦးနိုင်ဝင်းတွေးမိ… တခြားစိတ်ဝင်စားစရာ အာရုံတစ်ခုဆီသို့ စူးစိုက်သွားလျှင်လည်း…

သည်ရောဂါ ပျောက်နိုင်သည်။

"သည်လိုလုပ်ပါ ဦးရွှေတင်။ ခင်ဗျားရဲ့ရောဂါက သိပ်ကြီးကြီးကျယ်ကျယ်၊ ထွေထွေထူးထူးကြီး မဟုတ်ပါဘူး။ စွဲလမ်းစိတ်၊ စိုးရိမ်စိတ်ကြောင့် ဖြစ်တာဆိုတော့ စိတ်လွှတ်ကိုယ်လွှတ်အနားယူလိုက်ပါ။ နှစ်ပတ်လောက် အေးအေးဆေးဆေးနားလိုက်ပါ။ ဘုရားဖူးခရီးလေးဘာလေး ထွက်လိုက်ပေါ့ဗျာ"

"နားပါမယ်ဆရာ။ ဘုရားဖူးထွက်ဆို ကျွန်တော့်ဇနီးနဲ့အတူ ပဲခူးလိုက်သွားပြီး ဘုရားစုံဖူးမယ်ဆရာ။ ပုတီးလေးဘာလေး စိပ်ပေါ့"

"သိပ်ကောင်းတာပေါ့ဗျာ။ ကိုယ်၊ စိတ် နှစ်ပါးကို အေးချမ်းစွာအနားပေးလိုက်မယ်ဆို တော်ရုံရောဂါတွေ ပျောက်ကင်းသွားတတ်ပါတယ်"

"စိတ်ချပါဆရာ။ ကျွန်တော်ကလည်း အနားယူချင်နေတာကြာပါပြီ။ ဒီရက်အတွင်းမှာပဲ ကျွန်တော်ပဲခူးလိုက်သွားပါတော့မယ်"

"ကောင်းပါပြီ. . ။ ခင်ဗျားအတွက် ကျွန်တော် သောက်ဆေး နှစ်ပတ်စာပေးလိုက်မယ်။ ဆေးလည်း မှန်မှန်သောက်ပေါ့"

ဒေါက်တာဦးနိုင်ဝင်းက လိုအပ်သောဆေးများပေး၍ ဦးရွှေတင်အား ပြန်လွှတ်လိုက်သည်။ သူ့အား နှုတ်ဆက်၍ ပြန်သွားသော ဦးရွှေတင်အား နောက်ဆုံးတွေ့ရခြင်းဖြစ်လိမ့်မည်ဟု ဒေါက်တာဦးနိုင်ဝင်းထင်မထားခဲ့သည်မှာတော့ အမှန်ပင်။

အဘယ်ကြောင့်ဆိုသော်. .

ဒေါက်တာဦးနိုင်ဝင်းထံမှပြန်သွားသော ဦးရွှေတင်သည် ရောဂါစကနှင့်မတူဘဲ လန်းဆန်းတက်ကြွဟန်များရှိနေသည်ကို သတိထားမိလေသောကြောင့်ဖြစ်၏။

သို့သော်. .

▸▸◂◂

ဒေါက်တာဦးနိုင်ဝင်း၏ အကြံပေးချက်အရ ဦးရွှေတင် အနားယူသည်။ ဇနီးသည်နှင့်အတူ ပဲခူးလိုက်သွားသည်။ ပဲခူးရှိအိမ်က ရွှေမော်ဓောဘုရားနှင့်နီးသဖြင့် ဟန်ကျလှသည်။ ဘုရားပေါ်တက် ပုတီးစိပ်သည်။ အေးအေးဆေးဆေးထိုင်သည်။ ခရေပင်များအောက်မှာထိုင်၍ ရွှေမော်ဓောစေတီတော်ကြီးကို ကြည်ညိုရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါဘိ။

ပဲခူးမြို့က ဘုရားစုံလှသည်။ ရှေးဟောင်းဘုရားချည်း (၃၄)ဆူရှိသည်။ ရှေးက မင်းနေပြည်တော်ဖြစ်ခဲ့သဖြင့် ရှေးအတိတ်မှ ရန့်ပုံရိပ်များ လွှမ်းခြုံထားဆဲဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်နေရာမှာ ရှေးမူမပျက် တူးဖော်ပြုပြင်တည်ဆောက်လျက်ရှိသည်။ ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်နေရာသည်ကား ရွှေမော်

ဓာတုရားကြီးနှင့် နီး၏။ နန်းတော်မှပင် ရွှေမော်ဓာတုရားကြီးကို ကြည်ညိုသပ္ပာယ်လှစွာ ဖူးမြော်နိုင်သည်။

ဦးရွှေတင်တစ်ယောက် ပဲခူးတွင်လှည့်လည်၍ ဘုရားစုံဖူးရင်း အတော်လေးလန်းဆန်းနေသည်။ ထူးလည်းထူးသည်။ ထိုကာလများအတွင်း မြွေကြီးနှင့်ပတ်သက်၍ အိပ်မက်လည်းမမက်။ အာရုံထဲလည်းပေါ်မလာ။ မြွေကြီး၏ပုံရိပ် ပျောက်နေသည်။

သို့ပါငြားလည်း. .

ပဲခူးမှပြန်သည်နှင့် ပြဿနာကစတော့သည်။ ပဲခူးမှာ နှစ်ပတ်နေခဲ့သည်။ တော်တော်လေး ကျန်းမာရွှင်လန်းခဲ့ပါသည်။

သန်လျင်အိမ်သို့ ပြန်ရောက်သည်နှင့် အိမ်စောင့်ထားခဲ့သူ မောင်ညိုက ဆီး၍သတင်းပေးသည်။

"ဆရာ. . ဆရာတို့မရှိတုန်း အိမ်ပေါ်ကို မြွေကြီးတစ်ကောင်ဝင်လာလို့ မနည်းမောင်းထုတ်လိုက်ရတယ်"

"ဘာ. ."

ဦးရွှေတင်အကြီးအကျယ်တုန်လှုပ်သွား၏။ ကြည်လင်နေသောစိတ်များ ချက်ချင်းနောက်ကျိသွားတော့သည်။

ဒေါ်သက်သက်ခမျာလည်း တအံ့တဩ။

ရေ ကျောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို ဖြစ်နေပြီ ဟုတ်လား။

နောက်ပြီး တခြားကိစ္စဆို ထားပါဦးတော့။ သခုက မြွေ

ပြသသနာ။

သတ်လိုက်မိသောမြွေကလည်း သေပြီ။ နောက်တစ်ကောင်က ဘယ်ကရောက်လာသနည်း။ အကောင်အရွယ်အစားချင်းကလည်း လုံးတူဒေါက်တူ။

"မင်း. . မင်း. . အဲဒီမြွေကို ဘာလို့သတ်မပစ်လိုက်တာလဲ ဟင်"

ဦးရွှေတင်က ကြောက်စိတ်၊ ဒေါသစိတ်များရောထွေးစွာ ပြောလိုက်သဖြင့် ဒေါ်သက်သက်က. .

"အို. . ဘာလို့သတ်ရမှာလဲရှင်။ မဟုတ်တာ. .။ ပထမတစ်ကောင်သတ်မိလို့ မှားခဲ့ပြီပဲဥစ္စာ"

ဟု ပြည်တွန်လေသဖြင့် ဦးရွှေတင်ဘာမှဆက်မပြောတော့။ နောက်ထပ်လည်း ဆက်မပြောဖြစ်ကြတော့ပေ။ မြွေတွေ့သည်ဟု ကြားရုံမှတစ်ပါး ဘာမှလည်းထူးထူးခြားခြားမဖြစ်သောကြောင့် မေ့လျော့နေမိ၏။

တစ်နေ့. .

အိမ်ကြီးမှာ ဦးရွှေတင်တစ်ဦးတည်းကျန်ရစ်၏။ ဒေါ်သက်သက်က ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်သွားဖွင့်၏။ ရွှေဆိုင်က ဦးရွှေတင်၏ညီမများ အများဆုံးဖွင့်ပေးသည်။ အများဆုံးထိုင်သည်။ ဆိုင်သို့သွားလျှင်လည်း ဦးရွှေတင်တို့ လင်မယားနှစ်ဦးလုံး သွားနေကျဖြစ်သည်။ ထိုနေ့က ကောင်းကောင်းနေမကောင်းသဖြင့် ဦးရွှေတင်နေ

ခဲ့ခြင်းဖြစ်၏။

ဒေါ်သက်သက်ကတော့ စောစောပြန်လာခဲ့မည်ဟု မှာသွားသည်။

တကယ်လည်း ဒေါ်သက်သက် စောစောပြန်သွားရရှာသည်။

နေ့ခင်းလောက်တွင် ရွှေဆိုင်သို့ ဖုန်းဝင်လာ၏။ ဒေါ်သက်သက်က ဖုန်းကောက်ကိုင်၍ နားထောင်လိုက်တော့ ဦးရွှေတင်၏ ကြောက်လန့်တကြားအော်သံကြီး ပေါ်လာသည်။

"ငါ. . ငါ့ကို. . မြွေ. . မြွေ. . ကိုက်. . "

ဟူသာ ကြားလိုက်ရပြီး ဖုန်းကျသွားသည်။ ဖုန်းချလိုက်သံ မဟုတ်။ ရုတ်တရက် ပြုတ်သွားခြင်းဖြစ်သည်။ လွတ်ကျသွားခြင်းမျိုးဖြစ်သည်။ ဖုန်းထဲမှ လေတိုးသံနှင့် ညည်းတွားသံများ ကြားနေရသည်။

ဒေါ်သက်သက် ချက်ချင်းပင် အိမ်သို့ကားနှင့်ပြေးရတော့သည်။

အိမ်ရောက်တော့ မြင်ကွင်းက မရှုရက်စရာ။ တံခါးဖွင့်ပေးသည့်သူပင်မရှိ၍ ဒေါ်သက်သက်က သော့ပိုဖြင့် သံဘာဂျာတံခါးက သော့ခလောက်ကိုဖွင့်၍ ဝင်ရခြင်းဖြစ်သည်။

မြင်ရသည့်မြင်ကွင်းကြောင့် ဒေါ်သက်သက်ထိတ်လန့်တုန်လှုပ်သွားသည်။

ကြည့်ပါဦး. . ။

ဦးရွှေတင်သည် ဧည့်ခန်းက ဖုန်းတင်ထားသည့်ခုံဘေးမှာ လဲကျနေ၏။ ဖုန်းကတော့ တွဲလောင်းကျနေသည်။

ဦးရွှေတင်သည် ဖုန်းဆက်စဉ်က "ငါ့ကိုမြွေကိုက်" ဟု ဆိုခဲ့သည်။ အနားမှာတော့ ကျပ်လုံးခန့်ကြိုးတစ်ခွေနှင့် နှစ်တစ်လက်မ တုတ်တိုတစ်ချောင်းကို တွေ့ရ၏။

ဒေါ်သက်သက်က ဦးရွှေတင်အား တစ်စုံတစ်ယောက်က များ ရိုက်သတ်လေသလားဟုတွေးကာ သက်ဆိုင်ရာသို့ အကြောင်းကြားလိုက်တော့သည်။

သက်ဆိုင်ရာမှ တာဝန်ရှိသူများ ရောက်ရှိလာသည်။ စုံစမ်းစစ်ဆေး၍ အားပေးစကားပြောကြသည်။

ဒုရဲအုပ်ခင်မောင်လွင်ကတော့ အလောင်းကို သေချာစစ်ဆေး၍ သဲလွန်စများ လှေ့လာရှာဖွေသည်။ ခေတ်ပုံမှတ်တမ်းများ တင်၍ စစ်ချက်များယူသည်။ ရဲလုပ်ငန်းအကုန်လုပ်ပြီး အလောင်းကို ဆေးရုံပို့သည်။ ဆရာဝန်၏ဆေးစစ်ချက်ကို ယူရပေဦးမည်။

ဒေါ်သက်သက်ခမျာမှာတော့ ဖြေမဆည်နိုင်ဘဲ ငို၍မဆုံးရှိတော့သည်။ သူ့ယောကျ်ားအား မြွေကိုက်တာလား၊ လူရိုက်တာလားဟု ကွဲကွဲပြားပြားမသိရသေးသဖြင့် ယူကျုံးမရဖြစ်နေရှာသည်။

ဒုရဲအုပ်ခင်မောင်လွင်ကတော့ လူရိုက်တာမဟုတ်မှန်း သိနေသည်။

လူက ရိုက်တော့ရိုက်ခဲ့၏။

ရိုက်သည့်သူကား သေသူဦးရွှေတင်ကိုယ်တိုင်ပင် ဖြစ်နေသည်လေ။

အကြောင်းမူ. .

ဦးရွှေတင်အနားမှာ တွေ့ရသည့် နှစ်တစ်လက်မတုတ်သည် ကြိုးခွေအစပိုင်းတစ်ထွာခန့်ကို ပြားကြေနေအောင် ရိုက်ထားသဖြင့် တုတ်ဖျားမှာလည်း ကြိုးစလေးများရှိနေသည်။

ပြီး. . တုတ်အရင်းပိုင်းရှိ ရေနံချေးလိုအမည်းများက ဦးရွှေတင်၏ညာလက်မှာ ပေနေသည်။ ဦးရွှေတင်ကလည်း ညာသန်သူတစ်ဦးဟု သိရသည်။

ဒေါ်သက်သက်အား သေချာစစ်ကြောမေးမြန်းတော့လည်း ဦးရွှေတင်၏ စိတ်ကစဥ့်ကလျားရောဂါအခြေအနေကို သိလိုက်ရသည်။

ပို၍သေချာသည်မှာ ဦးရွှေတင်၏ကုပ်ပိုးလောက်တွင် သွေးစို့နေသော မြွေစွယ်ရာနှစ်ပေါက်ကို တွေ့ထားမိခြင်းပင်။

လောလောဆယ်မှာတော့ ဒေါ်သက်သက်အား ဘာမှမပြောခဲ့သေး။ ဆေးစာရတော့မှပဲ ပြောတော့မည်ဟု နေလိုက်၏။ သူ့ခမျာမှာလည်း သောကဖိစီးနေရသည်မဟုတ်လား။

ထင်သည့်အတိုင်းပင် ဆေးစာမှာက အဆိပ်ရှိသောသတ္တဝါအကိုက်ခံရ၍ သေဆုံးကြောင်း ဖော်ပြထားသည်။ တခြားသံသယ

ဖြစ်စရာအချက်အလက်များ မတွေ့ရ။

တတ်နိုင်သလောက် စုံစမ်းစစ်ကြောကြည့်သေးသည်။ သံသယဖြစ်စရာ ဘာအချက်အလက်မှမမြင်။

သို့ဆိုလျှင်. .

ဦးရွှေတင်သေဆုံးရခြင်းကို သေမှုသေခင်းမှတစ်ပါး အခြားရာဇဝတ်ကြောင်းဖြင့် ဖွင့်ရန် အကြောင်းမရှိ။

ဒေါ်သက်သက်ကိုတော့ နားဝင်အောင်ရှင်းပြရပေဦးမည်။

သို့ဆိုပါစေ. . ။

သည်အမှုတွင် ဒုရဲအုပ်ခင်မောင်လွင်ကိုယ်တိုင် မရှင်းလင်းသည့်အချက်များ ရှိနေခဲ့သည်။

သေသူဦးရွှေတင်သည် အဘယ့်ကြောင့် ကြိုးခွေကို တုတ်နှင့်ရိုက်ခဲ့သနည်း။

မြွေသည် အဘယ်ပုံ နောက်ကျောမှပေါက်ခဲ့သနည်း။

ဦးရွှေတင်သတ်ခဲ့သည့် မြွေကပင် ညို့ချက်ပြင်းပြင်း[illegible] ကလဲ့စားချေခဲ့ခြင်းလော။

သည်အယူအဆကို လေးနက်စွာ ယူဆတွေးတော[illegible] အကြောင်းတစ်ရပ်ကလည်း ဖန်တီးလာသေးသည်။

ဦးရွှေတင်ရက်လည်သည့်နေ့ကဖြစ်သည်။ ရက်လည်[illegible] ကျေးသို့ရောက်လာသည့် ဒုရဲအုပ်ခင်မောင်လွင်တစ်ယောက် [illegible] လုံးပြူးသွားစေမည့် မြင်ကွင်းတစ်ရပ်က ဖန်တီးလာသည်။

မထင်မှတ်ထားသည့်နေရာမှာ မထင်မှတ်ထားသည့်မြင်ကွင်းကို မြင်ရခြင်းပင်ဖြစ်သည်။

မြွေကြီးတစ်ကောင်ရယ်ပေါ့. .။

ဒေါ်သက်သက်တို့ ပြောပြောနေသည့် မြွေဟောက်ကြီးအရွယ် မြွေကြီးတစ်ကောင်က တစ်ဖက်ခြံစည်းရိုးပုဏ္ဏရိက်ပင်များကြားမှ ဦးရွှေတင်တို့အိမ်ကြီးဆီသို့ ကြည့်နေခြင်းပင်။

သည်မြွေကြီးကို အမှတ်တမဲ့ ဘယ်သူမှမမြင်။ ဒုရဲအုပ်ခင်မောင်လွင်သာလျှင် တိုက်တိုက်ဆိုင်ဆိုင် မြင်မိခြင်းပါ။

ထိုမြွေကြီးကို မြင်ရပုံမှာ နည်းနည်းထူးနေသလိုလို။

မြွေကြီးကိုကြည့်နေရင်းမှ သတိဝင်လှုပ်ရှားလိုက်တော့ မြွေကြီးက လှစ်ခနဲလှည့်ပြေးသည်။

တစ်ဖက်ခြံထဲ ပြန်လှည့်ပြေးခြင်းပင်။

မြွေကြီးလှည့်ပြေးသည်ကိုကြည့်ရင်း ဒုရဲအုပ်ခင်မောင်လွင်တစ်ယောက် ခေါင်းကိုအသာယမ်း၍ ကျန်ရစ်သည်။ မြွေကြီးသည်အား ဤခြံဤအမှုနှင့် ဆက်စပ်ကောင်းဆက်စပ်နေပါလိမ့်မည်။

သို့တစေ. .

သည်မြွေကြီးအား လူသတ်တရားခံပါဟု ဖမ်းဆီးအရေးယူ၍ ဘယ်လိုမှမဖြစ်နိုင်သည်ပဲ မဟုတ်ပါလား။

▶▶◀◀

ဦးရွှေတင်ရက်လည်သည့်နေ့ကပင် ညမှာ ဒေါ်သက်သက် အိပ်မက်မက်လေ၏။

အိပ်မက်ထဲတွင် ဦးရွှေတင်သည် ရေချိုးခန်းထဲ၌ မြွေကြီး တစ်ကောင်ကို ရိုက်သတ်နေ၏။

ဦးရွှေတင် ရှေ့မှာမဲရိုက်နေစဉ် နောက်ဘက်မှ မြွေတစ် ကောင်က ဦးရွှေတင်အား ပေါက်ထည့်လိုက်သည်။

သူရိုက်ထားသည့် မြွေကြီးရှေ့မှာ မှဆိုးဒူးထောက်ထိုင် လျက် ငုံ့ကြည့်နေသည့် ဦးရွှေတင်အား နောက်မြွေကြီးတစ်ကောင် က ပေါက်လိုက်သည်မှာ ကုပ်ပိုးကိုဖြစ်သည်။

ဦးရွှေတင်သေဆုံးစဉ်က မြွေစွယ်ရာတွေ့ရသည့်နေရာကို ပဲဖြစ်သည်။

ကုပ်ပိုးကိုကိုင်ရင်း လဲကျသွားသည့် ဦးရွှေတင်ထံ ဒေါ် သက်သက်ပြေးသွားတော့. .

မြွေကြီးပျောက်သွားသည်။

ဦးရွှေတင်ရိုက်ထားသည့်မြွေကြီးကလည်း ကြိုးခွေကြီးဖြစ် နေသည်။

ဒေါ်သက်သက်ဆွဲထူချိန်မှာ ဦးရွှေတင်စကားမေးမရတော့။

"ဒေါင်. . ဒေါင်. . "

နာရီပြန်နှစ်ချက်တီးသံကြောင့် ဒေါ်သက်သက် အိပ်မက် မှ လန့်နိုးသည်။

ဒေါ်သက်သက် ရင်များတုန်နေသည်၊ ချွေးများနစ်နေသည်။

ငုတ်တုတ်ထထိုင်ရင်း မျက်ရည်များကျလာသည်။

"အဖြစ်ဆိုးလှချည်လား အစ်ကိုရယ်" ဟု တိုးတိုးလေးညည်းမိသည်။

ဒေါ်သက်သက်၏ အိပ်မက်အကြောင်းကိုသာ ဒုရဲအုပ်ခင်မောင်လွင် သိရှိုးမည်ဆိုလျှင်တော့. . ။ ။


ပန်းကြိုက်တဲ့
မိန်းကလေး

# ပန်းကြိုက်တဲ့မိန်းကလေး

ကျောင်းဆရာကြီးဦးမြသောင်းသည် အလုပ်မှအငြိမ်းစား ယူပြီးနောက် ဘာသာရေးလုပ်ငန်းများကိုသာ ဖောက်ချလုပ်နေလေ၏။

ဆရာကြီးသည်ကျောင်းဆရာဘဝဖြင့် နယ်စုံရောက်ခဲ့ဖူး သည်ဖြစ်ရာ ဗဟုသုတလည်းစုံလှ၏။ ဘဝအတွေ့အကြုံတွေလည်း များလှ၏။ ဆရာကြီးဦးမြသောင်း၏ ဘဝအတွေ့အကြုံများအနက် ပန်းအိမ်သည်သောာတပည့်မလေးတစ်ယောက်၏ ဖြစ်ရပ်မှာ ရင်နင့် ဖွယ်လည်းကောင်း၍ သံဝေဂယူဖွယ်လည်း ကောင်းလှ၏။

တစ်နေ့တွင် ဆရာကြီးသည် ကျွန်ုပ်ထံသို့ အလည်အပတ် ရောက်ရှိလာရင်း ကျွန်ုပ်အား ပန်းအိမ်နှင့်ပတ်သက်သော အကြောင်း

အရာများကို ပြောပြလေ၏။

ကျွန်ုပ်သည် စာရေးဆရာတစ်ယောက်ဖြစ်သည်ကိုသိသော ဆရာကြီးက ကျွန်ုပ်အား မကြာခဏဆိုသလို သူတွေ့ကြုံခဲ့ဖူးသည့် ဖြစ်ရပ်ဆန်းများကို ပြောပြလေ့ရှိ၏။ ကျွန်ုပ်သည်လည်း ဆရာကြီး၏ တပည့်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသောကြောင့်လည်း ဖြစ်ပေ၏။

ဆရာကြီးဦးမြသောင်းသည် ကျွန်ုပ်ချည့်ခံသောကော်ဖီကို သောက်ရင်း အောက်ပါဖြစ်ရပ်ဆန်းတစ်ရပ်ကို ပြောပြလေတော့၏။

▸▸ ◂◂

"ဟဲ့ . . ပန်းအိ။ ငါ့တပည့် စာမေးပွဲအောင်တယ်မဟုတ်လား"

"အောင်ပါတယ်ဆရာကြီး"

"အေး . . ကောင်းတယ်။ ဘာများလုပ်မယ် ရည်ရွယ်ထားသေးလဲ"

"ပန်းအိလား . . ။ ဆရာကြီးတို့လိုပဲ ကျောင်းဆရာမကြီးလုပ်မှာပေါ့"

"အေး . . အေး . . ကောင်းတယ်။ ကျောင်းဆရာမလုပ်ရင်တော့ အခုလို ပန်းတွေအများကြီး ပန်မထားရဘူးနော်။ တပည့်တွေရှေ့မှာ ကိုယ်က စံပြနေပြရမှာ"

"ပန်းကတော့ မပန်လို့မဖြစ်ဘူး။ သမီးပန်းကြိုက်တာ ဆရာကြီးလည်း သိသားနဲ့"

"ကဲ. . ကဲ. . ပန်စေဗျာ. . ပန်စေ"

ဆရာကြီးက တပည့်လေးပန်းအိအား ပြုံးရယ်ရင်းပြောလိုက်၏။ သူတပည့်ပန်းအိသည် ပန်းကြိုက်သူလေးဖြစ်၏။ အမြဲတမ်းခေါင်းမှာ ပန်းတွေဝေနေအောင် ပန်ထားလေ့ရှိ၏။ သူ့စားပွဲ၊ သူ့လွယ်အိတ်မှာလည်း ပန်းက အမြဲရှိနေတတ်သေး၏။

ဤကဲ့သို့ ပန်းကြိုက်လှသောတပည့်မလေးနှင့် နောက်ပိုင်းဆရာကြီးမဆုံဖြစ်တော့ပါချေ။ ဆရာကြီးလည်း နယ်ပြောင်း၍ တာဝန်များထမ်းဆောင်နေခဲ့ရ၏။ ပန်းအိလည်း ဆရာအတတ်သင်သိပ္ပံတက်နေကြောင်းသာ သိရ၏။

နောက်ပိုင်း လုံးဝကို မဆုံဖြစ်ကြတော့ပါချေ။ ကံကြမ္မာအလှည့်အပြောင်းကား ဆန်းကြယ်လှပေ၏။

မဆုံဖြစ်ကြသော ဆရာတပည့်နှစ်ဦး ပြန်ဆုံကြပုံကား ရင်နင့်ဖွယ်ကောင်းလှဘိတော့၏။

သည်အကြောင်းကို ပြန်ပြောင်းတွေးမိတိုင်း ဆရာကြီးစိတ်မကောင်းဖြစ်ရလေ၏။

မယုံကြည်နိုင်ဖွယ် ပြန်လည်ဆုံတွေ့ခဲ့ရပုံကား. . ။

▶▶◀◀

ဆရာကြီးဦးမြသောင်းသည် ကျောင်းဆရာဘဝမှ အငြိမ်းစားယူခဲ့ပြီးနောက်ပိုင်း ရွှေတောင်မြို့ရှိ သားဖြစ်သူထံတွင် နေထိုင်ခဲ့လေ၏။ ဘာသာရေးလုပ်ငန်းများလုပ်ရင်း အဓိဋ္ဌာန်ဂန္ဓာရီခရီးများကိုလည်း လှည့်လည်ခဲ့လေ၏။

တစ်ချိန်တွင် ဆရာကြီးသည် ပုပ္ပားတောင်သို့ အဓိဋ္ဌာန်ဂန္ဓာရီခရီးလှည့်ခဲ့ရင်း မမျှော်လင့်ဘဲ သူတပည့်ဟောင်းပန်းအိနှင့်ဆုံဖြစ်ကြလေ၏။

"ဆရာကြီး . . ဆရာကြီး . . "

နောက်မှ ခပ်အုပ်အုပ်ခေါ်သံကြောင့် ဆရာကြီးခြေလှမ်းများ တန့်သွားသည်။ သည်ခရီး၊ သည်နေရာ၊ သည်အချိန်တွင် မိမိအားခေါ်မည့်သူမရှိသဖြင့် ဆရာကြီးအံ့အားသင့်သွားသည်။

ဆရာကြီးဦးမြသောင်းရောက်နေသည့်နေရာကား ပုပ္ပားတောင်ကလပ်အနီးမှာ ဖြစ်၏။ ဆရာကြီးသည် ပုပ္ပားတောင်သို့ အဓိဋ္ဌာန်ဝင်ရန် ရောက်ရှိနေခြင်းဖြစ်သည်။

ယနေ့နံနက် အရုဏ်တက်တွင် မိမိတည်းရာကျောင်းမှ စောစောထ၍ တောင်ကလပ်သို့အသွား လမ်းခရီး၌ မိမိအားခေါ်သည့်အသံကို ကြားရခြင်းဖြစ်၏။

အချိန်က ဝေလီဝေလင်း . .

မြင်ကွင်းက မသဲကွဲ . .

ခေါ်သံကြားရာသို့ လှည့်ကြည့်လိုက်တော့ မသဲမကွဲမြင်ရ

သည့်မြင်ကွင်းမှာ မိန်းမပျိုလေးနှစ်ယောက်။

မိမိထံသို့တရွေ့ရွေ့လျှောက်လှမ်းလာနေကြသည်။ နီးကပ်လာတော့ ပုံသဏ္ဌာန်က ပီပြင်လာသည်။

ငယ်ရွယ်နုနယ်၊ လှပပြေပြစ်သော မိန်းမပျိုလေးများတည်း။

ပထမတော့ ဘုရားဖူးမိန်းကလေးများဟု ထင်မိသေးသည်။

နောက်မှ မိမိအားသိနေသဖြင့် သူစိမ်းမိန်းကလေးများ မဟုတ်ဟု တွေးမိပြန်၏။ တွေးနေခိုက်မှာပင် မိန်းကလေးနှစ်ဦးက မိမိအနီးသို့ ရောက်လာကြလေပြီ။

မပီထင်ရှား ဝိုးတဝါးအရုဏ်သစ်၏ အလင်းရောင်အောက်မှ သူတို့မျက်နှာများကို ဆရာကြီးသေချာကြည့်မိသည်။

"ဟင်. . ပန်းအိ။ တပည့်. ."

"ဟုတ်ပါတယ် ဆရာကြီးရယ်။ ဆရာကြီးလာမှာသိလို့ ပန်းအိ ပန်းတွေခူးပြီး စောင့်နေတာပါ"

ပန်းအိဆိုသူလေးက အသံသာလေးဖြင့် ပြောသည်။ သူ့မနောက်ပါးက မိန်းကလေးကိုတော့ ဆရာကြီးမသိ။ ထိုမိန်းကလေးတလည်း ခေါင်းလေးငုံ့လို့ ရပ်နေသည်။

ထူးခြားသည်ကား. .

နှစ်ယောက်စလုံးလက်ထဲမှာ ပန်းတွေကိုယ်စီနှင့်။ ပန်းမျိုးက စုံလင်၍ အရောင်အသွေးစုံလှသည်။ ပန်းရနံ့များ လှိုင်နေသည်။

"ထူးထူးခြားခြား ငါ့တပည့်ဘုရားဖူးလာတာလား။ ပန်းတွေများလှချည့်လား"

မေးမယ့်သာမေးနေရသည်။ ပြောမယ့်သာပြောရ၏။ ဆရာကြီးရင်ထဲမှာ တစ်စုံတစ်ရာကို သိနေသလိုပင်။ တစ်ခုခုတော့မှားနေပြီဆိုတာလည်း သိလိုက်၏။

သည်အချိန်၊ သည်နေရာမှာ သည်ပုံစံနှင့် တွေ့ကြုံရသည်မှာ သာမန်မဟုတ်ဟု တွေးမိသည်။

"ဒီပန်းတွေကို ဆရာကြီးယူသွားပါနော်။ တောင်ကလပ်ပေါ်မှာ ဘုရားတင်လှူပေးပါနော်။ ပန်းအစုံနည်းနည်းစီကိုတော့ ဆရာကြီးယူသွားပြီး သမီးအမေထံ သွားပို့ပေးပါနော်။ သမီးနဲ့တွေ့ခဲ့ကြောင်း၊ ပျော်ရွှင်စွာရှိနေကြောင်းလည်း ပြောပေးပါနော်။ သမီးကို ကူညီပါနော် ဆရာကြီးရယ်"

ရော်. . ခက်ပြီ။ ကလေးမပြောပြောဆိုဆို ပုဆစ်တုပ်၍ ထိုင်ကန်တော့သည်။ သူနှင့်အတူပါသည့် မိန်းကလေးကလည်း ထိုင်ကန်တော့ရှာသည်။

ပြီးတော့. .

ပန်းများကို ဆရာကြီး၏လက်ထဲသို့ထည့်ပေးလေတော့၏။

"ညည်းဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကိုပြောစမ်းပန်းအိ"

ကလေးမ ဘာမှမပြော။ မျက်ရည်ဝဲ့သော မျက်လုံးများဖြင့် ဆရာကြီးကိုတွေကြည့်သည်။

"ဟဲ့. . ပြောလေ။ သမီးဘာဖြစ်နေလဲ"

ထိုအခါမှ စိုးထိတ်သံလေးဖြင့် ပြောရှာ၏။

"ပန်းအိပ်ဟာ အရင်ပန်းအိမဟုတ်တော့ပါဘူး ဆရာကြီးရယ်။ ဆရာကြီးတို့နဲ့ ဘဝခြားခဲ့ပါပြီ။ ဒီအကြောင်းတွေ သမီးမပြောပါရစေနဲ့တော့။ သမီးနဲ့တွေ့ခဲ့ကြောင်း၊ ပျော်ရွှင်စွာရှိနေကြောင်းသာ ပြောပေးပါနော်။ သမီး ဒီဘဝမှာ ပျော်တယ်။ ပန်းတွေစုံတဲ့ ပန်းဥယျာဉ်ထဲမှာ သမီး အဖော်တွေနဲ့ ပန်းခူးလိုက်၊ ကစားလိုက်နဲ့ ပျော်တယ်။ ဆရာကြီးပန်းတွေလှူပြီးရင် သမီးကို အမျှမဝေပါနဲ့။ သမီးသာခုမခေါ်ချင်သေးဘူး။ ဒီဘဝမှာ ပန်းတွေနဲ့ ပျော်ပျော်ပါးပါးနေချင်သေးတယ်ဆရာ"

"ဘာရယ်. ."

ဆရာကြီးနှုတ်ဖျားမှ အာမေဋိတ်သံလေး ထွက်သွား၏။ မိန်းကလေး ဆက်ပြောလေသည်။

"ဟုတ်ပါတယ်ဆရာ။ သမီးလူ့ဘဝမှာကတည်းက ပန်းသိပ်ကြိုက်တာ ဆရာကြီးသိပါတယ်။ အခု ပုပ္ပားရောက်တော့လည်း ပန်းတွေနဲ့ သာယာလှလို့ သမီးနေချင်တဲ့ဆန္ဒ ဖြစ်မိတဲ့အတိုင်း နေနေရပါပြီ။ ဒီဘဝက မခွဲချင်သေးလို့ သမီးရဲ့မိဘတွေ အမျှဝေတာကိုတောင် သမီးသာခုမခေါ်ခဲ့ပါဘူး"

ဆရာကြီး ဘာပြောရမှန်းမသိ။ ပါးစပ်အဟောင်းသားဖြစ်နေပြီ။ ဆရာကြီး ဘာမှမပြောခင် ပန်းအိဆိုသူလေးကလည်း ဆက်

ပြောရှာသည်။

"သမီးကို ကူညီပါနော်။ သမီးနဲ့တွေ့ခဲ့တာ ဆက်ဆက်ပြော ပေးပါနော်။ အဲဒီတော့မှပဲ သမီးရဲ့အကြောင်းတွေကို မေးကြည့်ပါ တော့ ဆရာကြီးရယ်"

ပန်းအိက ပြောပြောဆိုဆို လက်အုပ်လေးချီရင်း နောက် ဆုတ်နောက်ဆုတ်နှင့်ထွက်သွားသည်။ သူနှင့်အတူပါသည့် ကောင်မ လေးကလည်း လက်အုပ်လေးချီလို့. . ။

ဆရာကြီးတွေကြည့်နေမိသည်။ သူတို့ကိုတစ်လှည့်၊ လက် ထဲကပန်းများကိုတစ်လှည့် ကြည့်မိသည်။

ပန်းများကိုကြည့်ရင်းမှ သူတို့ကို ပြန်ကြည့်တော့ မရှိကြ တော့ပြီ။ ဘေးဘီဝဲယာကြည့်ပါသော်လည်း အရိပ်အယောင်မျှမမြင် ရတော့။

ဆရာကြီးလည်း သက်ပြင်းချ၍ တောင်ကလပ်သို့ လှမ်း မျှော်ကြည့်ရင်း လေးတွဲ့စွာလျှောက်လှမ်းမိတော့သည်။

လက်ထဲမှ ပန်းများကို ဘုရားလှူ၍ ပန်းတချို့ ယူထားရ ဦးမည်။

ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်အတွက် အဖြေထုတ်ရဦး မည်မဟုတ်လား။

▸▸◂◂

ပုပ္ပားမှပြန်သည်နှင့် ပန်းအိ၏မိဘများဆီသို့ ဦးစွာသွားမိသည်။ ခရီးက သိပ်ဝေးလှသည်မဟုတ်။ ပန်းအိမိဘများက ပြည်မြို့မှာတင် နေကြသည်။

ဆရာကြီးဦးမြသောင်းပေးသောပန်းများနှင့် ပြောပြသည့်စကားများကို ကြားကြတော့ မယုံနိုင်သလိုဖြစ်နေကြသည်။

သူ့မိသားစုပြောပြချက်အရ ပန်းအိသည် ဆရာဖြစ်သင်တန်းအပြီး ပုပ္ပားသို့ဘုရားဖူးသွားရင်း ကားအက်ဆီးဒင့်ဖြစ်၍ သေခဲ့ရကြောင်း သိရသည်။

ပန်းအိသည် ပုပ္ပားရောက်တော့ ဘေးကဆရာမလေးများအား သူသိပ်ပျော်ကြောင်း ပန်းစုံပေါသည့်ပုပ္ပားမှာ နေခဲ့ချင်ကြောင်း ပြောသေးသည်ဆို၏။

စကားနောက်တရားပါဆိုသလိုပင် သူတို့စီးလာသောကားမှာ တောင်ကမ်းပါးနှင့် တိုက်မိသည်။ မတိမ်းမှောက်သော်လည်း ဏ်ဆိုးလှစွာ ပန်းအိဒဏ်ရာပြင်းထန်စွာရရှိသွားသည်။ သတိမရတော့။

ပန်းအိအား သက်ဆိုင်ရာမှ ကူညီမှုများဖြင့် ရန်ကုန်သို့ လေယာဉ်ဖြင့် တင်ပို့ကုသစေသည်။

သို့သော်. .

ပန်းအိ ကံမကောင်းပါ။

သူချစ်လှသော ပန်းများပွေ့ပိုက်ပျော်ပျော်ပန်ရင်း လူ

လောကကြီးကို ကျော်ခိုင်းသွားခဲ့သည်။

သည်နေရာတွင် ထူးဆန်းသည်ကား ပန်းအိသည် ဘုရားဖူးခရီးသွားခါနီး သူ့မိခင်နှင့် အိမ်သားများကို စကားတစ်ခွန်းပြောသွားခြင်းဝင်။

"သမီး ပုပ္ပါးကိုဘုရားဖူးသွားရမှာ သိပ်ပျော်တာပဲ။ အပြန်ကျရင် လေယာဉ်ပျံနဲ့ပြန်လာမယ်။ ကြည့်နေ"

ပန်းအိ တကယ်ပြောသွားသည့် စကားများပါတဲ့။

ပန်းအိ တကယ်လည်း လေယာဉ်ပျံနှင့်ပြန်လာခဲ့ရပါသည်။

ဒါပေမဲ့. . ။ ။

❖

# ရုက္ခစိုးမ,တဲ့မောင်ကျောက်ဒိုး



လူမစွမ်း နတ်မ,ဟူသော စကားသည် ရှိ၏။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား ကြည်ညိုဆည်းကပ်ကိုးကွယ်သဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းခဲ့ရသည့် ဘုရားပေါ်သာဓကများစွာသည်လည်း ရှိ၏။

ရတနာမြတ်သုံးပါးကို မမေ့မလျော့ ရွတ်ပွားနေသည့်အကျိုးကြောင့် ဘီလူးများက ကျေးတောသားသူငယ်လေးအား ဘုရင့်ပွဲတော်အုပ်ကို ယူကျွေးရသည့်သာဓကများလည်း ရှိ၏။

ဤ ရုက္ခစိုးမတဲ့ပေါင်ကျောက်ဒိုးတွင် . . .

# ရုက္ခစိုး မ,ထဲ မောင်ကျောက်ဒိုး

မောင်ကျောက်ဒိုးသည် နွားကျောင်းသားလေးဖြစ်၏။ အသက်အားဖြင့်နှစ်ဆယ်ကျော်သာရှိသေးသည့် လူပျိုပေါက်အရွယ်လေးလည်းဖြစ်၏။ အေးဆေးပြီး သဘောလည်းကောင်းလှသဖြင့် တစ်ရွာလုံးက ချစ်ခင်ကြပေသည်။

မောင်ကျောက်ဒိုးတို့ရွာသည် ချောက်မြို့တစ်ဖက်ကမ်းသာချောင်းနံဘေးမှာ တည်ရှိ၏။ အိမ်ခြေတစ်ရာခန့်သာရှိသောရွာငယ်လေးမျှသာဖြစ်သည်။ ရွာအမည်က ကြွေပန်းကန်ရွာတဲ့။ ရွာအမည်လေးဆန်းသလို ရွာသူရွာသားများက ရိုးသားကြသည်။

တစ်နေ့တွင် မောင်ကျောက်ဒိုးသည် ထူးဆန်းအံ့မခန်းဖြစ်ချုံတစ်ရပ်နှင့် ကြုံရလေ၏။

ထိုဖြစ်ရပ်ကြောင့် မောင်ကျောက်ဒိုးအား တစ်ရွာလုံးက

ပို၍လေးစားခင်မင်ကြလေ၏။ မောင်ကျောက်ဒိုးနှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့သောဖြစ်ရပ်လေးမှာလည်း ကြွေပန်းကန်ရွာတွင်မက ရွာနီးချုပ်စပ်ရွာများ၌ပါ ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေလေတော့၏။

မောင်ကျောက်ဒိုးအား ရွာပြင်ရှိ ညောင်ပင်ကြီးမှ ရုက္ခစိုးကြီးက ကူညီစောင့်ရှောက်ရုံမက မ,လိုက်သည်ဟုဆိုလျှင် ယုံကြည်ဖို့တော့ခက်လိမ့်မည်။ တစ်ချိန်က ကြွေပန်းကန်ရွာမှာ ဖြစ်ခဲ့ဖူးသည်ကတော့ အမှန်ပင်. . ။

▶▶ ◀◀

“ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးထိပ်ထား၍ ဤစားဦးစားဖျားအား ဤညောင်ပင်၌ရှိသော ရုက္ခစိုးကြီးအား လှူဒါန်းပါ၏”

ဤကား မောင်ကျောက်ဒိုးလုပ်နေကျ ဒါနမှုဖြစ်လေ၏။ သူ့ခမျာ ထမင်းထုပ်လေးဖြည့်၍ မစားခင်မှာ ဤသို့ပသရသည်မှာ ပုံမှန်လုပ်ငန်းဖြစ်နေ၏။ ညောင်ပင်ကြီးမှာ ရွာပြင်မှာရှိပြီး နာမည်ကြီးလှ၏။

နာမည်ကြီးသည်မှာ ခြောက်လှန့်၍မဟုတ်။ ဝတ်ဖြူစင်ကြယ်နှင့် ရုက္ခစိုးကြီးတစ်ပါး ညောင်ပင်မှာရှိသည်ဟု လူကြီးသူ

များက ပြောပြ၍ဖြစ်၏။ ရွာသားအချို့မှာ ထိုညောင်ပင်၌ ဝတ်ဖြူ စင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ဖူးကြောင်း ပြောကြလေ၏။ ညောင်ပင်၌ နတ်ကွန်းလေးနှင့်တကွ ပူဇော်ထားကြလေ၏။

မောင်ကျောက်ဒိုးသည် နွားကျောင်းတိုင်း ထိုညောင်ပင် ကြီးအောက်မှာသာ နား၏။ ထမင်းလည်း စား၏။ စားတိုင်းလည်း ထိုညောင်ပင်၌ရှိသည်ဆိုသော ရုက္ခစိုးကြီးကိုရည်မှန်း၍ ပသလေ၏။

စားပြီး၍ တစ်ရေးတစ်မောအိပ်တော့လည်း ညောင်ပင် အောက်မှာ ညောင်မြစ်ကို ခေါင်းအုံး၍ အိပ်လေ့ရှိ၏။ မောင် ကျောက်ဒိုးသည် ဘုရားတရားကြည်ညိုသူဖြစ်လေရာ အားလျှင် ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုနေတတ်၏။

"ဟဲ့. . မောင်ကျောက်ဒိုး။ ဂုဏ်တော်ကိုးပါးကို မမေ့ မလျော့ရွတ်ပွား။ ကြားလား. . ။ မင်း အကျိုးများလိမ့်မကွဲ့."

ရွာဦးကျောင်းဆရာတော်က မောင်ကျောက်ဒိုးအား ဤသို့ သွန်သင်ဩဝါဒပေး၏။ ဆရာတော်သည် လိမ္မာရေးခြားရှိသော မောင်ကျောက်ဒိုးအား ချစ်ခင်၏။

သရဏဂုံသုံးပါးနှင့်တကွ ဘုရားဂုဏ်တော်ကိုးပါးကို အာဂုံ ဆောင်နိုင်ရန် သင်ပေး၏။ နှာန်ကရိုဏ်းကျကျ ရွတ်ဖတ်စေ၏။ နေ့တိုင်းလည်း ရွတ်နိုင်း၏။

မောင်ကျောက်ဒိုးကလည်း ဆရာကောင်းတပည့်ပီပီ မနက် ညနေသင်းသည်နှင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် မိဘ၊

ဆရာသမားတို့အား ကန်တော့၏။ ထို့နောက် ဂုဏ်တော်ကိုးပါးကို ပွားများလေ၏။

ဂုဏ်တော်ရွတ်ပွားသည်မှာ နေ့စဉ်ပင်ဖြစ်၏။ နွားကျောင်း နေ့စဉ်လည်း ဂုဏ်တော်ကိုရွတ်ပွားနေလေ့ရှိ၏။ နွားကျောင်းသား တို့သဘာဝ လောက်လေးခွကိုင်သော်လည်း ငှက်များကိုမပစ်ချေ။ ခွေးများ၊ နွားများကို ခြောက်လှန့်ရုံသာ သုံးလေ့ရှိ၏။

နွားကျောင်းသားလေးမောင်ကျောက်ဒိုးကား အရွယ်နှင့် မမျှလိမ္မာရေးခြားရှိလှသဖြင့် တစ်ရွာလုံးကချစ်ကြသည်မှာ မဆန်း။

ဆန်းသည်မှာကား လူစိမ်းတစ်ဦးက သူ့ကို အထူးချစ်ခင် ကူညီမစလိုက်ခြင်းပင်တည်း။

မောင်ကျောက်ဒိုးသည် လူစိမ်းနှစ်ဦးနှင့် တစ်နေ့တည်း ဆုံလိုက်ရ၏။

ပထမတစ်ဦးက သူ့ကိုဒုက္ခပေး၏။

ဒုတိယလူစိမ်းက သူ့ကိုဝင်ကူညီ၏။

ဖြစ်ရပုံမှာကား. .

တစ်နေ့သော် မောင်ကျောက်ဒိုးအတွက် အကုသိုလ်ဖြစ် ဆိုးကြီးဝင်လေ၏။ ဝင်လာသောဂြိုဟ်ဆိုးကြောင့်ပင် မောင်ကျောက် ဒိုးမှာ အကျိုးကျေးဇူးဖြစ်ရပြန်၏။

ထိုနေ့က မောင်ကျောက်ဒိုးသည် နံနက်စာထမင်းစားပြီး ညောင်ပင်ကြီးအောက်မှာ မှေးခနဲ အိပ်ပျော်သွားလေ၏။ ဘယ်

လောက်ထိ အိပ်ပျော်သွားသည်မသိ။

"ဟော့ကောင်. . ထစမ်း"

ဟု တစ်ဦးတစ်ယောက်က အမိန့်သံနှင့်နှိုးမှ နိုးလေ၏။ မောင်ကျောက်ဒိုးအား နှိုးသူမှာ အသက်သုံးဆယ်ခန့်ရှိ မျက်နှာစိမ်း တစ်ယောက်ဖြစ်ပြီး ကောင်းကောင်းနှိုးခြင်းမဟုတ်။ မောင်ကျောက် ဒိုး၏ရင်ဘတ်ကို တုတ်ဖြင့်ဆောက်၍ နှိုးခြင်းဖြစ်၏။

မောင်ကျောက်ဒိုးနိုးတော့ သူ့ရင်ဘတ်မှာထောက်သည့် တုတ်ကို လက်နှင့်ဆုပ်ကိုင်၍ ဖယ်ချလိုက်ရာ လူစိမ်းက "အံမာ. ." ဟုပြောရင်း တိုးဖိထားလေ၏။ မောင်ကျောက်ဒိုးလည်း လူစိမ်းအား တောင်းပန်လေတော့၏။

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်။ ကျွန်တော်ဟာ နွားကျောင်း သားပါ။ အစ်ကိုခိုင်းစရာရှိရင် ခိုင်းပါ။ ဘာလုပ်ပေးရမလဲဟင်"

"ငါခိုင်းတာ မင်းလုပ်ပေးရမယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ပါခင်ဗျ"

"အေး. . ။ ဒါဆို ဒီတုတ်နဲ့ ငါ့ကိုရိုက်ပေး"

"ဗျာ"

မောင်ကျောက်ဒိုး အံ့အားသင့်သွား၏။ လူစိမ်းက တုတ်ကို သူ့လက်ထဲထည့်ပေးလိုက်မှုမက သူ့အားရိုက်ရန်ပါ ပြောနေလေ၏။ မောင်ကျောက်ဒိုးက နားမလည်စွာဖြင့် လူစိမ်းကိုကြည့်လေသည်။ လက်ထဲမှာလည်း တုတ်ကြီးက ကိုင်လျက်သား။

"ဟေ့ကောင်. . ထ. . ။ ရိုက်စမ်း. . ငါ့ခေါင်းကို"

မောင်ကျောက်ဒိုး တုတ်ကိုင်လျက် ယောင်ယမ်းထလိုက်ရသည်။ ပါးစပ်မှလည်း. . .

"ကျွန်. . ကျွန်တော်. . မရိုက်ရဲပါဘူးခင်ဗျ"

ဟု ပြောရင်း နောက်ဆုတ်နောက်ဆုတ်လုပ်နေတော့၏။ လူစိမ်းက စိတ်မရှည်ဟန်ဖြင့်. .

"မင်းမရိုက်ရင် မင်းကို ငါရိုက်မယ်"

ဟုပြောရင်း တုတ်လည်းလှမ်းယူမည်ပြုရာ မောင်ကျောက်ဒိုးလည်း. .

"မလုပ်ပါနဲ့ခင်ဗျ။ ရိုက်. . ရိုက်ပါ့မယ်"

ဟု ပြောရင်း မျက်စေ့စုံမှိတ်၍ လူစိမ်း၏ဦးခေါင်းသို့ချိန်ကာ တအားလွှဲရိုက်ချလိုက်လေတော့၏။

"အား. ."

အားခနဲအော်သံမှာ လူစိမ်းမဟုတ်။ မောင်ကျောက်ဒိုးပင်ဖြစ်နေတော့၏။ တအားလွှဲရိုက်ချလိုက်သည့် မောင်ကျောက်ဒိုးခမျာ လူစိမ်း၏လက်ချက်ဖြင့် နှစ်ပတ်မျှလိမ့်သွားလေတော့၏။ မောင်ကျောက်ဒိုးမှာ ချက်ချင်းမထနိုင်သေးဘဲ လူစိမ်းအား မော့ကြည့်ရာ. .

"ဟေ့ကောင်. . ထ. . ရိုက်ဦး။ ဘာမှလည်းမဟုတ်သေးဘူး"

ဟု ပြောလေရာ မောင်ကျောက်ဒိုးလည်း ရိုက်ရပြန်လေ

၏။ မောင်ကျောက်ဒိုးမည်သို့ရိုက်ရိုက် လူစိမ်းအားမထိ။ ထိတော့လည်းမကွဲ။ ဘာမှဖြစ်ပုံမရ။ လူစိမ်းကား သိုင်းပညာကျွမ်းကျင်လှ၏။

စင်စစ် လူစိမ်းမှာ တခြားရွာမှဖြစ်၍ သိုင်းသင်လာပြီးသူ့ရွာအပြန် မောင်ကျောက်ဒိုးအားတွေ့သဖြင့် ကျီစယ်ခြင်းဖြစ်လေ၏။ အရက်ကလေးကလည်း သောက်ထား၍ ထွေထွေလေးဖြစ်နေ၊ သိုင်းတတ်စမို့ မြောက်ကြွကြွလည်းဖြစ်နေခိုက် ကံဆိုးလှစွာ မောင်ကျောက်ဒိုးနှင့် တိုးရခြင်းဖြစ်လေတော့၏။

ဆင်ကျီစားရာ ဆိတ်မခံသာဆိုသလို မောင်ကျောက်ဒိုးမှာမောဟိုက်နေပြီဖြစ်၏။ ချွေးများလည်း ရွှဲနစ်လျက်ရှိပြီး လူမှာလည်းစဆတ်ဆတ်တုန်နေလေပြီ။ အားကိုးအားထားရမလားဟု ဘေးဘီသို့ကြည့်သော်လည်း လူရိပ်မမြင်ရ၍ မောင်ကျောက်ဒိုး အားငယ်သွားမိသည်။ လူစိမ်းက. .

"ဟေ့ကောင်. . ဘာကြည့်နေတာလဲ။ မင်းရွာကလူတွေကြည့်နေတာလား။ သွားခေါ်ခဲ့လေကွာ။ ချောင်းမန်ကျီးက ကျားကြီးတဲ့ကွ. . မှတ်ထား။ မင်းတို့ရွာသားတွေလောက်တော့ ငါ တုတ်တစ်ချောင်းလောက်နဲ့ မွှေပစ်လို့ရတယ်။ ကဲ. . ရိုက်ဦးကွ။ ဒီတစ်ပွဲလောက်ဆို တော်ပါပြီ"

လူစိမ်းက ရိုက်ရန်ပြောနေသော်လည်း မောင်ကျောက်ဒိုးမှာ ရိုက်ရန်ခွန်အားမရှိတော့ပါ။ တုတ်ကိုကိုင်၍ လူစိမ်းအား မမှိတ်မသုန်ကြည့်နေရင်း စိတ်ထဲမှနေ၍ ညောင်ပင်စောင့်ရုက္ခစိုးကြီးအား

အခက်အခဲမှ ကူညီပါရန် တောင်းပန်နေတော့၏။ ဘုရားဂုဏ်တော်များကိုလည်း ရွတ်ပွားနေလေတော့၏။

"ဟေ့ကောင်လေး . . ဘာငိုင်နေတာလဲ။ ရိုက်လေကွာ။ ငါ့ မရိုက်ရင် မင်းကိုငါရိုက်မှာနော်"

လူစိမ်းက ပြောရင်း စပ်ဖြဲဖြဲနှင့် ရှေ့တိုးလာ၏။ မောင်ကျောက်ဒိုးအား ရန်လုပ်ရန် ဟန်ရေးပြလာ၏။ မောင်ကျောက်ဒိုးလည်း မရိုက်မဖြစ်ရိုက်ရဦးမည်မို့ တုတ်ကိုဆ၍ ချောင်းနေတော့၏။

"ဟေ့ကောင် . . ရိုက်လေကွာ"

"ရိုက်တယ်ကွာ"

"ခွပ်"

မောင်ကျောက်ဒိုး မှင်တက်သွား၏။ လူစိမ်းခမျာလည်း ကြောင်သွား၏။ မောင်ကျောက်ဒိုးကိုတစ်လှည့် တုတ်ကိုတစ်လှည့် တွေကြည့်နေ၏။ မောင်ကျောက်ဒိုးရိုက်ချက်မှ သူရှောင်နေသည့်ကြားက ဘယ်လိုထိသွားသည်ကို သူနားမလည်နိုင်ဖြစ်နေ၏။

မောင်ကျောက်ဒိုးကိုကြည့်တော့ ပြုံးစစနှင့်။ နောက်တစ်ကြိမ်ရိုက်ဖို့ တုတ်ကိုဆနေ၏။

"မဖြစ်စလောက် ပညာလေးနဲ့ လက်မမထောင်ချင်နဲ့။ ကဲ . . ဒီလောက်အရိုက်ခံချင်တာ ထပ်ရိုက်မယ်။ ရှောင်ပေတော့"

ပြောပြောဆိုဆိုနှင့် ရိုက်ချလိုက်ပြန်ရာ ကျောကုန်းအား 'ဗုန်း' ခနဲဆို ထိပြန်၏။ တုတ်ချက်များက သုံးလေးချက်ဆင့်သွား

သေး၏။ လူစိမ်းခမျာ မျက်လုံးအပိုင်းသား။ မောင်ကျောက်ဒိုးက တော့ ပြုံးတုံ့တုံ့။ လက်ထဲမှတုတ်ကို လူစိမ်းလက်ထဲပြန်ပေးရင်း . .

"ကဲ. . သိုင်းဆရာကြီးက တစ်လှည့်ရိုက်ဦး"

ဟု ဆိုကာ ခေါင်းထိုးပေးလေ၏။ လူစိမ်းလည်း ကျားနာခဲ ခဲရန် တုတ်ကိုမြှောက်၍ ပြေးရိုက်ချလေတော့၏။

တုတ်ရိုက်ချက်လွဲသွားပြီးသကာလ မောင်ကျောက်ဒိုးက ညာဘက်လက်ဖဝါးဖြင့် လူစိမ်းရင်ဘတ်ကို ဆောင့်တွန်းလိုက်ရာ လူစိမ်းခမျာ 'အင့်' ခနဲအော်နိုင်၍ ဖင်ထိုင်ကျလေ၏။

ခုနက မောင်ကျောက်ဒိုးမဟုတ်တော့ဘဲ လှုပ်ရှားမှုအသွင် ရော၊ အသံပါပြောင်းသွားသည့် မောင်ကျောက်ဒိုးကိုကြည့်ရင်း လူ စိမ်းသည် ဖင်တရွတ်ဆွဲပြီးသကာလ ထပြေးလေတော့၏။

ညောင်ပင်အောက်မှ မောင်ကျောက်ဒိုး၏ ရယ်လိုက်သံ တား ဟိန်းထွက်သွားလေတော့သတည်း။

"ဟား. . ဟား. . ဟား"

▶▶ ◀◀

"တောက်. . အသေရိုက်လိုက်ဖို့ ကောင်းတာ"

မောင်ကျောက်ဒိုးက ဖြစ်ကြောင်းကုန်စင်ကို ရှာဒ္ဒပြောပြ ရာ အားလုံးက တက်တခေါက်ခေါက်ဖြစ်နေကြ၏။

"ချောင်းမန်ကျည်းက ဦးရွှေတင်သား ကျားကြီးဆိုတဲ့ကောင် မိဘချမ်းသာတဲ့အရှိန်လေးလည်းရှိ၊ သိုင်းသင်ထားတာလည်း ပူပူနွေးနွေးဆိုတော့ မာန်တက်နေတာ"

"တော်သေးတာပေါ့။ မောင်ကျောက်ဒိုးကို ညောင်ပင်က ရုက္ခစိုးကြီး ကယ်လိုက်တာနေမှာ"

တစ်ယောက်တစ်ပေါက် အမျိုးမျိုးထင်ကြေးပေးနေကြသည်မှာ ညအတော်နက်သည့်တိုင်ဖြစ်၏။ မောင်ကျောက်ဒိုးလည်း မိမိကိုယ်မိမိ ဘာဖြစ်သွားမှန်းမသိဘဲ သတိရတော့မှ လူစိမ်းထွက်ပြေးတာမြင်ရ၍ အံ့ဩနေရခြင်းဖြစ်၏။ ရုက္ခစိုးကြီးကူညီလိုက်ပြီဆိုတာတော့ သိနေ၏။

ထိုည၌ပင် မောင်ကျောက်ဒိုးအား ညောင်ပင်မှရုက္ခစိုးကြီးက အိပ်မက်ပေးလေ၏။ အိပ်မက်ထဲတွင်. .

"ဘုရားဂုဏ်တော်ပွားများတဲ့အပြင် အဘိုးကိုလည်း အမြဲပသနေတာမို့ မင်းကိုအဘိုးကူညီလိုက်တာ။ လက်စနဲ့ မင်းကို အဘိုးမှဦးမယ်။ မနက်ဖြန်ကို နွားကျောင်းမထွက်နဲ့။ အိမ်မှာ ဂုဏ်တော်ပုတီးစိပ်ရင်း စောင့်နေ။ မင်းကို လာတောင်းပန်လိမ့်မယ်။ သူ့ဒဏ်ရာတွေကို 'ဖွဟဲ့. . ပျောက်စေ' ဆိုပြီး မင်းလက်နဲ့သပ်ပေးလိုက်။ မင်းအတွက် နွားတစ်ကောင်နဲ့ငွေတစ်ရာထားပြီး တောင်းပန်သွားလိမ့်မယ်"

ဟု ပြောပြီး ပျောက်ကွယ်သွားလေ၏။

မနက်မိုးလင်းတော့ မောင်ကျောက်ဒိုးက လူကြီးများအား အိပ်မက်အကြောင်းပြောပြလေ၏။ ရွာဦးကျောင်းဆရာတော်ထံသို့လည်း သွားရောက်လျှောက်ထား၏။

ဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း. .

"အင်း. . လူမစွမ်း နတ်မ,ဆိုတာ ဒါပဲ။ အကြောင်းမဲ့မ, တာတော့ မဟုတ်ပေဘူးကွယ့်။ မောင်ကျောက်ဒိုးရဲ့ လေးစားသမှုနဲ့ ပူဇော်တတ်မှုကြောင့် ချစ်ခင်လို့လည်းဖြစ်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ဂုဏ်တော်များကို မမေ့မလျော့ရွတ်ဖွားနေတာမို့ လည်းဖြစ်တယ်။ ဘုရား၊ တရားကြည်ညိုတဲ့သူကို နတ်တွေ၊ သိကြား၊ ဗြဟ္မာတွေက ဒီလိုပဲစောင့်ရှောက်တတ်ပါတယ်။ ဘုရား၊ တရားနဲ့ ဂုဏ်တော်ကိုသာ မမေ့စေကြနဲ့ကွယ့်"

"တင်ပါ့ဘုရား"

ဆရာတော်က မောင်ကျောက်ဒိုးအား စံထား၍ တစ်ရွာသုံးကို ရည်ညွှန်းပြောကြားနေခြင်းဖြစ်၏။ ရွာသားများကလည်း သိနားလည်လှစွာဖြင့် အာမခံချက်ပေးကြလေ၏။

ဆရာတော်ကပင် မောင်ကျောက်ဒိုး၏ကိစ္စကို အစီအစဉ်ဆွဲပေး၏။

"အင်း. . ရုက္ခစိုးကြီးအိပ်မက်ပေးသလိုပဲ သူတို့လာတောင်းခံကြပါလိမ့်မယ်။ ဘုရားတရားကြည်ညိုတဲ့သူ၊ ဆည်းကပ်ကိုးကွယ်နေတဲ့သူကို သူတော်ကောင်းတွေ၊ နတ်ကောင်းတွေက စောင့်ရှောက်

တတ်ပါတယ်"

"မှန်ပါ့ဘုရား..။ လက်တွေ့မှ ယုံပါပြီဘုရား"

အိမ်း..မောင်ကျောက်ဒိုးရဲ့အဖြစ်ကိုကြည့်ရင် တစ်ရွာလုံး ရတနာသုံးပါးနဲ့ ဂုဏ်တော်အပေါ် ကြည်ညိုစရာတွေ ဖြစ်ရဦးမှာ။ တဲ..စောင့်ကြည့်ကြဦး။ မောင်ကျောက်ဒိုး..ဒီနေ့ ရွာကျောင်းမထွက်ဘဲ အိမ်ကနေပြန်စောင့်နေ။ မင်းတို့လူကြီးတွေက စီစဉ်ပေးလိုက်ကြ။ လိုတာ ဆောင်ရွက်ပေး။

"တင်ပါ့ဘုရား"

ဆရာတော်က လူကြီးများကို တာဝန်ပေးလိုက်၏။ လူကြီးများက စီစဉ်ပေးသည်။

ထိုနေ့က မောင်ကျောက်ဒိုးကို အိမ်မှာပဲနေစေသည်။ မောင်ကျောက်ဒိုးသည် ဖခင်မရှိ။ ဒုက္ခိတ်မိခင်ကြီးပဲရှိရာ ရွာမှ အစစအရာရာစီစဉ်ပေးလေ၏။

မောင်ကျောက်ဒိုးကို အိမ်မှာနေစေပြီး စောင့်ကြည့်အကဲခတ်နေကြသည်။ ဗဟုသုတကြွယ်ဝသော ရွာမျက်နှာဖုံးဦးမိုးကြွယ်ကိုလည်း မောင်ကျောက်ဒိုး၏အိမ်မှာနေရင်း စောင့်စေ၏။

နံနက်စာစားပြီးကြသည်ထိ ဘာမှထူးမလာ။ ဦးမိုးကြွယ်သည်လည်း ဖျာတစ်ချပ်ဆွဲ၍ တုံးလုံးလှဲနေလေ၏။ မောင်ကျောက်ဒိုးမှာတော့ မအိပ်နိုင်၊ မလှဲနိုင်ဘဲ ရွာလယ်သို့လှမ်းမျှော်ကြည့်နေလေ၏။

နေမွန်းတိမ်းလေပြီ။

ထိုအချိန်မှာတော့ ရွာလယ်လမ်းမှာ ဖုံတထောင်းထောင်း ထနေ၏။ လူတစ်သိုက်သည် နွားတစ်ကောင်ကိုဆွဲရင်း ရွာလယ်လမ်းမှာ လျှောက်လှမ်းလာလျက်ရှိကြလေ၏။

သူတို့ဦးတည်လာနေကြသည်ကား မောင်ကျောက်ဒိုး၏ အိမ်ဆီသို့။

"မောင်ကျောက်ဒိုးရဲ့ အိမ်ပါလားခင်ဗျာ"

ခြံဝင်းဝမှရပ်၍ မေးနေသူကား လူစိမ်းသုံးဦးဖြစ်နေ၏။ လက်ထဲမှာလည်း နွားပေါက်တစ်ကောင်ဆွဲလို့။

"ဟုတ်ပါတယ်. . ။ ဝင်ကြပါ"

မောင်ကျောက်ဒိုးက အိမ်ထဲဝင်ရန်ဖိတ်ခေါ်လိုက်၏။ နွားဆွဲလာသူမှာ သိုင်းဆရာကျားကြီးကိုယ်တိုင်ဖြစ်၏။ လူကြီးနှစ်ဦးမှာ ဖခင်နှင့်ဦးလေးဖြစ်ကြသည်။ ကျားကြီးကား ကုပ်ချောင်းချောင်းနှင့် မောင်ကျောက်ဒိုးကို မကြည့်ရဲ။ မောင်ကျောက်ဒိုးမှာ ကျားကြီးအား ကြည့်၍ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရ၏။ ဟိုနေ့ကဟန့်ပန်နှင့် ဟခြားစီမဟုတ်လား။

"ကျုပ် ညက အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်ကြီးက မင်းသားကျားကြီး မိုက်လုံးကြီးလို့ ငါ ဆုံးမလိုက်တယ်။ သူကိုယ်တိုင် ကာယကံရှင်ကိုတောင်းပန်။ ဒဏ်ရာ ဆေးကိုပြုလိုက်။ နွားတစ်ကောင်နဲ့ငွေတစ်ရာယူသွားကြလို့ ပြောပါတယ်။ ဒါကြောင့် လာတောင်းပန်တာ"

သိုင်းဆရာကျားကြီး၏ဖခင်က ပြောပြောဆိုဆို နွားကိုအပ်လေ၏။ သူ့သားကိုလည်း တောင်းပန်ခိုင်းလေရာ မောင်ကျောက်ဒိုး ဘာလိုနေရမှန်းမသိ ဖြစ်နေတော့၏။ မောင်ကျောက်ဒိုး ဘာမှမပြောတတ်သဖြင့် ရွာမှလူကြီးများကပင် ပြေလည်ရာပြေလည်ကြောင်း ပြောဆိုညှိခံကြလေ၏။

ကျားကြီးမှာ သူ့ထက်အသက်ငယ်သည့် မောင်ကျောက်ဒိုးအား မကန်တော့သော်လည်း အကြိမ်ကြိမ်ဦးညွှတ်တောင်းပန်ရုံမက အင်္ကျီလှန်၍ ကျောကုန်းကြီးအား ပြသလေတော့ရာ ကန့်လန့်ဖြတ်တုတ်ရာကြီးသုံးခုတွေ့ရလေတော့၏။

မောင်ကျောက်ဒိုးလည်း ခပ်တည်တည်နှင့်ပင် ကျောကုန်းပေါ်မှဒဏ်ရာများအား လက်ဝါးနှင့်သပ်လျက် "ဖွဟဲ့. . ပျောက်စေသတည်း" ဟု သုံးကြိမ်ရွတ်ဆိုပေးလိုက်လေတော့၏။

ပါးစပ်မှလည်း ဂုဏ်တော်များကိုရွတ်ဖွားပေးလိုက်လေ၏။

ကျောကုန်းကြီးကိုလှန်ရင်း ငုံ့ပေးထားရသည့် သိုင်းဆရာကျားကြီးကိုကြည့်လျက် ရွာသားများမှာ ပြုံးစေ့စေ့နှင့် ဖြစ်နေကြလေတော့သတည်း။ ။

❖



# လှယမင်းခင်နှင့် ကိုလူစိမ်း

ကာလအားဖြင့်တော့ ကြာလှပါပြီ။ မြန်မာပြည်လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်အတွင်းကဖြစ်ပေ၏။ ပဲခူးနယ် ပဲခူးရိုးမနှင့် ကပ်လျက်တည်ရှိသော မထင်မရှားရွာလေးတစ်ရွာမှ ဇာတ်လမ်းလေးတစ်ပုဒ်ပါ။

ရွာလေးအမည်ကား 'မုဒိတာ' ကျေးရွာ။ အမည်လေးဆန်းသလောက် ရွာသူရွာသားများက ရိုးသားကြသည်။ ကူညီရိုင်းပင်းတတ်ကြသည်။ စိတ်ကောင်းလည်းရှိကြ၏။

ရွာသူကြီး၏တစ်ဦးတည်းသောသမီးလေးမှာ လှယမင်းခင်ဖြစ်ပေ၏။ လှယမင်းခင်မှာ တစ်ရွာလုံးနှင့်မတူ။ တစ်မူထူးခြားသည်။ သူ့ပုံစံဟန်ပန်က တောသူနှင့်မတူ။

ဖြူဖြူသွယ်သွယ်၊ နွဲ့နွဲ့နှောင်းနှောင်းလေးဖြစ်၏။ ဆံကေ့ာ သာမှာ နက်မှောင်ပြီး ခါးထိအောင်ရှည်လျားသည်။ သူ့ရုပ်ရည်၊ သူ့ဆံပင်နှင့် ကြည့်ကောင်းလှသူလေးဖြစ်၏။

လှယမင်းခင် အသက်(၁၈)နှစ်ပြည့်ပြီး တစ်လကျော်ခန့်မှာ ထူးခြားသောအကြောင်းအရာတစ်ရပ်နှင့် ကြုံရလေ၏။

ထူးခြားသော အကြောင်းအရာတစ်ရပ်၏ အစသည်ကား. .

▶▶◀◀

"အမေ"

"ဘာလဲ သမီး"

"သမီး ဒီနေ့ အိမ္ဘနိတို့နဲ့ တောထဲမျှစ်ချိုးလိုက်သွားချင်တယ်"

"အလိုတော်. . ကျားသားမိုးကြိုး။ သမီး ဘယ်တုန်းက တောထဲ မျှစ်ချိုး၊ မှို့ရှာ သွားဖူးလို့လဲ"

"ဟုတ်ပါတယ် အမေရဲ့။ ဒါကြောင့် လိုက်သွားချင်တာ။ တစ်နေ့တစ်နေ့ သမီးမှာ အိမ်ထဲကအိမ်ပြင်ထွက်ရတယ်လို့မရှိဘူး။ ကြာတော့ ပျင်းတာပေါ့အမေရဲ့။ သမီး တောထဲတောင်ထဲ သွားလာဖူးတယ်ရှိအောင် လိုက်သွားမယ်နော်"

"အေး . . ဒါဆိုလည်းသွား။ မြန်မြန်တော့ပြန်လာခဲ့။ ညည်း အဖေအကြောင်း သိတယ်မဟုတ်လား။ ညည်းကို အိမ်ထဲက အိမ်မြှင်ထွက်တာ ကြိုက်တာမဟုတ်ဘူး"

"ဟုတ်ကဲ့ . . စိတ်ချပါအမေ"

ယမင်းခင် အလွန်ပျော်သွား၏။ သူမ၏ဘဝမှာ ပြည့်စုံသည်ဆိုသော်လည်း အထီးကျန်ဆန်လှသည်။ တစ်ဦးတည်းသော သမီးမို့ မိဘများ အရိပ်တကြည့်ကြည့်ရှိလှသည်။ ထို့ကြောင့်ပင် ယမင်းခင် အထီးကျန်ဆန်ရ၏။

ယခုလို ရွာပြင်တောထဲဝေးဝေးသွားရဖို့ဝေးစွ၊ အိမ်ထဲမှ အိမ်ပြင်ပင် သိပ်မထွက်ရ။

"ယမင်းခင် . . ညည်းလိုက်မယ်ဆို"

အိမွန်နှင့်အေးမို့မို့တို့ ရောက်လာပြီး ယမင်းခင်ကို ခေါ်ကြ၏။ ယမင်းခင်က ပြေးထွက်လာပြီး . .

"အေး . . လိုက်မယ်။ အောင်မယ် . . ညည်းတို့က တောင်းကိုယ်စီနဲ့။ ကျုပ်ကရော ယူရဦးမှာလား"

ဟုပြောလိုက်၏။ အိမွန်က မျက်စောင်းထိုးလျက် . .

"ညည်းလည်း မျှစ်ချိုးမှာပဲမဟုတ်လား။ ခပ်သေးသေးတစ်လုံးတော့ ယူခဲ့ပေါ့"

ဟု ပြောလေ၏။

ယမင်းခင်လည်း တောင်းခပ်သေးသေးတစ်လုံးကို

လျက် အပြင်သွားနေသော ဖခင်ကြီးပြန်မလာခင် ခပ်သုတ်သုတ် လေးထွက်ခဲ့လေ၏။

ရွာပြင်ရောက်တော့ ယမင်းခင်ပျော်နေသည်။ လယ်ကွင်းပြင်ကိုဖြတ်ပြီး တောစပ်သို့ဝင်တော့ သူကပင် ရှေ့ဆုံးက ဖြစ်နေသည်။ သုံးဦးသား စကားတပြောပြောနှင့် တောထဲဝင်ခဲ့ကြသည်။

မိုးဦးကျမို့ မျှစ်များပေါ်လှသည်။ အိမွန်တို့မှာ မျှစ်ချိုးရင်း သီချင်းတအေးအေးနှင့်ရှိနေ၏။ ယမင်းခင်မှာ သူတို့လို ကျွမ်းကျွမ်း ကျင်ကျင်မရှိလှ၍ မျှစ်ကိုအဖြစ်လောက်ပဲချိုးပြီး တောပန်းကလေး များကိုသာ လိုက်ခူးနေ၏။ တောပန်းများဆီ အာရုံရောက်နေသော ယမင်းခင်သည် မျှစ်လိုက်ချိုးနေသောအိမွန်တို့နှင့် အတန်ငယ်လှမ်း သွား၏။

ယမင်းခင်ရောက်နေသောနေရာကား တောင်ကုန်းလေး ထိပ်ဖြစ်သည့် နေရာဖြစ်သည်။ တောင်ပို့လေးများလည်း စီရရီရှိနေ ၏။ တောင်ပို့ဝန်းကျင်မှာ မှိုများပေါက်နေ၏။ မှိုများကိုမြင်၍ ယမင်းခင်ဝမ်းသာသွား၏။ အမေက မှိုကြိုက်သည်။ နုတ်သွားလျှင် ပေါင်းမှာပဲဟုတွေး၍ နုတ်နေမိ၏။

မှိုနုတ်ရင်း တောင်ပို့တစ်ခုနှင့် လက်ခိုက်မိကာ တောင်ပို့ ပြိုသွားသည်။ ယမင်းခင်ကတော့ အမှတ်တမဲ့ပင်။ မှိုများတော် တော်ရ၍ ပြန်မည်လုပ်တော့ ပြိုသွားသောတောင်ပို့၏ မြေစိုင်ခဲများ ကြား လက်လက်လက်လက်နှင့်မြင်သဖြင့် ယမင်းခင်စူးစိုက်ကြည့်

မိသည်။

"အို . . လက်စွပ်လေးတစ်ကွင်းပါလား"

ယမင်းခင်မှာ တအံ့တဩနှင့် ကောက်ယူလိုက်မိသည်။ ရွှေတော့မဟုတ်။ ငွေလက်စွပ်လေးမျှသာ။ ကနုတ်ပန်းလက်ရာများနှင့် ချစ်စရာကောင်းလှသည်။ အလယ်မှာ ကျောက်နီလေးတစ်လုံး မြှုပ်ထားသည်။ ယမင်းခင်က ပွတ်သပ်ပြီး လက်မှာစွပ်ကြည့်တော့ အတော်ပဲဖြစ်နေ၏။

"တောက် . . "

ဘယ်ကမှန်းမသိသော တောက်ခေါက်သံကြောင့် ယမင်းခင်လန့်ဖျပ်သွား၏။ ဘေးဘီကြည့်တော့မှ ဘာမျှမတွေ့ရ။ ကြောက်ကြောက်နှင့် အိမ်မွန်တို့ရှိရာ ပြေးသွားမိသည်။

"ဟဲ့ . . ယမင်းခင်။ ဘာဖြစ်လာတာလဲ"

"ဟို . . ဟို . . ကြောက်လို့ဟ"

"ဘာကြောက်စရာရှိလို့လဲအေ့။ တကတည်း တို့လိုသာ အမြဲလာနေရရင် အခက်"

ယမင်းခင်ဘာမျှပြန်မပြော။ သူတို့တတွေ မျှစ်များအတော်ရနေပြီမို့ ပြန်ကြတော့မည်ဖြစ်သည်။ ယမင်းခင်လည်း လက်စွပ်လေးအကြောင်းပြောပြရန် စဉ်းစားပြီးမှ တောထဲတောင်ထဲ ဘာမှမပြောချင်တော့သဖြင့် အသာပြန်လိုက်ခဲ့မိတော့သည်။

ရွာထဲရောက်တော့ ကိုယ့်အိမ်ကိုယ်တန်းပြန်ကြသဖြင့်

လက်စွပ်လေးအကြောင်း မပြောဖြစ်တော့။ မိဘများကိုလည်း မပြောရဲ။ လက်စွပ်ကလေးကလည်း မိမိနှင့်အတော်ပဲဖြစ်နေသဖြင့် အတော်သဘောကျနေမိသည်။ ပြောပြမိလျှင် တစ်မျိုးတစ်ဖုံဖြစ်နေဦးမည်စိုး၍ မည်သူ့ကိုမျှမပြောမိရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုညက ယမင်းခင် အိပ်မက်မက်၏။ အိပ်မက်ထဲက ယောကျ်ားပျိုတစ်ဦးက ယမင်းခင်ကို လက်ယပ်ခေါ်သည်။ ယမင်းခင်လက်ထဲမှလက်စွပ်လေးမှာ သူတို့အကြီးအကဲ၏ပစ္စည်းဖြစ်သဖြင့် ပြန်ပေးရန်ပြောသည်။ ယမင်းခင်အား ရွှေလက်စွပ်လေးပေးမည် ဆိုပြီး ပြ၏။

သူ့ပြသောလက်စွပ်မှာ ယမင်းခင်၏လက်ထဲမှလက်စွပ်နှင့် တစ်ရွယ်တည်း၊ တစ်ပုံစံတည်းဖြစ်၏။ အလယ်မှာ ကျောက်နီလေး မြှုပ်ထားတာလည်းဦး တူ၏။ ကနုတ်ပန်းများလည်း ပါ၏။ ရွှေနှင့်ငွေသာ ကွာခြားသည်။

ယမင်းခင်က မပေးလိုက်။ ယောကျ်ားပျိုက သူလာခဲ့မည်။ လာလျှင် ဆက်ဆက်ပြန်ပေးစေချင်သည်။ ယမင်းခင်ကို နှမလေးလိုခင်ပါသည်။ ဒုက္ခမရောက်စေချင်ဟုလည်း ပြောသည်။

ပြီး. . ယမင်းခင်ကို မျက်လုံးစူးစူးဖြင့် စိုက်ကြည့်နေသည်။ လူပုံက ကိုလူချော။ ဖြူဖြူသွယ်သွယ်ရယ်။ ထူးတာက သျှောင်တစောင်းကို ပိုးပဝါနှင့်ပတ်ထားသည်။ သူ့ဟန်ပန်က မင်းညီမင်းသားတစ်ဦး၏ဟန်ပန်။

သူ၏ဆူးရဲ့သောအကြည့်ကြောင့် ယမင်းခင်ရင်တွေတုန်လာသည်၊ လနိူးတော့လည်း ယမင်းခင်တကာယ်ရင်တွေတုန်နေ၏။

လက်ထဲမှ လက်စွပ်လေးကို ယောင်ယမ်းစမ်းကြည့်မိ၏။

သူ. .

သူလက်စွပ်လေးနှင့် မည်သို့ပတ်သက်နေသနည်း။

▸▸◂◂

တစ်ပတ်မျှကြာသွားတော့ ယမင်းခင်သည် လက်စွပ်လေးကိုလည်းကောင်း၊ အိပ်မက်ကိုလည်းကောင်း မေ့မေ့ပျောက်ပျောက်ဖြစ်နေသည်။ လက်စွပ်လေးကတော့ လက်ထဲမှာ ဝတ်ထားမြဲ။

ထိုတစ်ပတ်ပြည့်သည့်နေ့မှာပင် ယမင်းခင်တို့ရွာသို့ လူစိမ်းတစ်ဦးရောက်လာ၏။

ရွာပြင်မှ နွားကျောင်းသားလေးတစ်ဦးကို လိုက်ပို့စေ၍ လူစိမ်းသည် ယမင်းခင်တို့အိမ်ရှေ့ခြံဝရောက်လာ၏။ နွားကျောင်းသားလေးကို ပြန်လွှတ်ပြီး ခြံဝမှနေ၍ ဝင်ခွင့်တောင်း၏။

"သူကြီးခင်ဗျာ. .။ တဆိတ်ဝင်ခွင့်ပြုပါ"

သူကြီးက လူရွယ်ကိုလှမ်းကြည့်ပြီး. .

"ဝင်ခဲ့လေကွယ်"

သူကြီးခွင့်ပြုမှ လူရွယ်က ခြံထဲဝင်၏။ အိမ်ပေါက်ဝ

ရောက်တော့လည်း. .

“အိမ်ပေါ်တက်ပါရစေခင်ဗျာ”

ဟု ခွင့်တောင်းနေပြန်၏။ သူကြီးကလည်း ခွင့်ပြု၏။ အေးဆေးတည်ငြိမ်၍ ရင့်ကျက်သောဣန္ဒြေကို ဆောင်ထားသည့် လူရွယ်အား သူကြီးက ဖော်ရွေစွာဆက်ဆံ၏။ လူရွယ်က သူကြီးအား ခြေခြေမြစ်မြစ်၊ သိမ်သိမ်မွေ့မွေ့ ပြောဆိုဆက်ဆံသောကြောင့် သူကြီးသဘောတွေ့ဟန်ရှိ၏။

“ကျွန်တော်က တစ်ရွာသားပါ သူကြီးခင်ဗျာ။ အထက်အညာရွာလေးတစ်ရွာက ဆိုပါတော့။ ငယ်စဉ်ကတည်းက ကွဲနေရတဲ့ အစ်မတစ်ယောက် အောက်ပြည်အောက်ရွာမှာရှိနေတယ်ဆိုလို့ တစ်ရွာဝင်တစ်ရွာထွက် လိုက်ရှာနေတာပါ”

“အိမ်း. . စိတ်ဝင်စားစရာပဲ။ ပြောပါဦး”

သူကြီးက စိတ်ဝင်စားစွာမေးလေရာ လူရွယ်က အောက်ပါအတိုင်းဆက်လက်ပြောပြလေ၏။

“အမေက မဆုံးခင်လေးမှာ မင်းရဲ့အစ်မရှိတယ်။ အောက်ပြည်မှာ မင်းအဖေနဲ့ပါသွားလေရဲ့။ ရှာဖွေပြီး စောင့်ရှောက်ဖို့ မှာသွားခဲ့ပါတယ်။ အဖေနဲ့အမေက တစ်ရွာသူတစ်ရွာသားတွေပါ။ ကျွန်တော့်ကို အမေက သူ့ဇာတိအထက်အညာမှာ ပြန်မွေးတော့ အစ်မက အောက်ပြည်မှာ အဖေနဲ့ကျန်ခဲ့တာတဲ့။ နောက်ပိုင်းမှာ အဖေနဲ့အမေ အဆက်အသွယ်ပြတ်ပြီး ကျွန်တော့်အစ်မဆိုတာ

လည်း မတွေ့ဖူးခဲ့ရပါဘူး”

“နို့ . . မောင်ရင့်အစ်မကို မောင်ရင်မမြင်ဖူးဘဲနဲ့ ရှာနေတော့ ဘယ်လိုသိရမှာတုံး”

“အမေက သေချာပြောထားပါတယ်။ အစ်မက ဖြူဖြူသွယ်သွယ်၊ ညာဘက်ပါးမှာ မှဲ့နက်ကြီးတစ်လုံးပါတယ်တဲ့။ တဆိတ်လောက် တွေ့ဖူးပါသလားခင်ဗျာ”

သူကြီးမင်းသည် လူရွယ်၏ အပြောမှာ နစ်မျောနေဟန်ရှိသည်။ မျက်မှောင်ကုတ်၍ စဉ်းစားရင်း ခေါင်းခါ၏။

“မတွေ့ဖူးပါဘူး။ စဉ်းတော့ စဉ်းစားဦးမယ်။ ဒါထက် မောင်ရင်ဘယ်မှာတည်းမှာလဲ”

“တည်းစရာမရှိပါဘူး။ ဒီရွာထဲ ဈေးရောင်းရင်း တစ်ပတ်လှည့်ပြီး ရှေ့ဆက်သွားမှာယ်။ ကြုံတဲ့နေရာမှာ အိပ်တော့မယ်”

“ကောင်းကွာ. . ။ မင်းက ငါ့ဆီကိုဦးတည်လာတာဆိုတော့ ငါ့တာဝန်လိုဖြစ်နေပြီ။ ဒီတော့ ဒီမှာပဲ ထမင်းစား။ ညကျရင်တော့ ဟိုခြစ်ပ်ကတဲလေးတွေ့တယ် မဟုတ်လား။ အဲဒီမှာအိပ်။ ဘယ်သူမှ မရှိဘူး။ ငါတို့တဲပဲ။ ဒါထက် မင်းကဘာရောင်းတာလဲ”

“ဒီပစ္စည်းလေးတွေပါခင်ဗျ”

လူရွယ်က ပြောပြောဆိုဆို လွယ်အိတ်ကြီးထဲမှ ပစ္စည်းတချို့ကို ထုတ်လေ၏။ ပစ္စည်းများမှာ ငွေထည်ဖြင့် လုပ်ထားသည့် လက်ဝတ်ရတနာများဖြစ်ပြီး အလွန်လက်ရာမြောက်လေ၏။

"ဒီလက်စွပ်လေးက ငွေနဲ့လုပ်ထားပေမယ့် ကျောက်လေးက ပတ္တမြားအစစ်ပါ။ သူကြီးမင်းအတွက် လက်ဆောင်ပေးပါရစေ"

လူရွယ်က သူကြီးအား လက်စွပ်တစ်ကွင်းပေး၏။ သူကြီးကလက်တွင်စွပ်ကြည့်ရာ အတော်ပဲဖြစ်နေသဖြင့် ပြန်မချွတ်တော့ဘဲ ပြုံးဖြီးဖြီးဖြင့်. .

"ကျေးဇူးပဲ" ဟုပြောလေ၏။

ထိုအခိုက် သူကြီးကတော်နှင့် ယမင်းခင်တို့ အပြင်သွားရာမှ ပြန်လာကြ၏။ လူရွယ်ကိုမြင်တော့ ယမင်းခင် အံ့အားသင့်သွား၏။ ယမင်းခင်သည် လူရွယ်ကို ခေတ္တမျှငေးကြည့်မိလေ၏။ လူရွယ်ကလည်း ယမင်းခင်ကို ခပ်စူးစူးကြည့်လေ၏။

"ဟဲ့. . သမီး။ ညှိသည်ကို ထမင်းကျွေးဖို့ ပြင်စမ်း"

သူကြီးလှမ်းပြောမှ ယမင်းခင်သတိဝင်မိသည်။ သူ ထမင်းထည့်ကျွေးရမည့်သူမှာ အိပ်မက်ထဲမှ ကိုလူစိမ်းပါလား။ ယမင်းခင် အံ့ဩရပြန်သည်က ကိုလူစိမ်းက အိပ်မက်ထဲက ပုံစံအတိုင်းဖြစ်နေရုံမက သျှောင်တစောင်းကို ပိုးပဝါပန်းနုရောင်လေး ပတ်ထားပြန်လေတော့. . ။

ကိုလူစိမ်းကို ယမင်းခင်အိပ်မက်မက်သည်မှာ တစ်ပတ်ပဲကြာသေးသည်။ ယခု ကိုလူစိမ်းက အိမ်ပေါ်သို့ တကယ်ပဲ ရောက်

နေခဲ့ပြီ။ ယမင်းခင် ရင်တွေတုန်နေ၏။

ထမင်းဆူးခပ်ကျွေးရင်း ကိုလူစိမ်းကို အကဲခတ်နေမိသည်။ ဘစ်ရှာသားကိုလူစိမ်းကတော့ ခပ်အေးအေးပင်။ ထမင်းကို ကြွေ့ရှ စားသောက်နေသည်။ တစ်ချက်တစ်ချက်တော့ ယမင်းခင်ကို ကြည့်သည်။ သူ့အကြည့်က စူးရဲလှပါဘိ။

သူ့အကြည့်ဒဏ်ကို ယမင်းခင် မခံနိုင်။ မကြာခဏ မျက်သွာချပစ်ရသည်။ လူရွယ်က ထမင်းစားပြီးသော်. .

"ဆာဆာနဲ့ စားလိုက်တာ။ စားလို့ကောင်းလှပါတယ်။ ကျေးဇူးတင်လွန်းလို့ ဒီပစ္စည်းလေး လက်ဆောင်ပေးပါရစေ"

ဟု ပြောကာ အိတ်ထဲမှ ပစ္စည်းတချို့ကို ထုတ်ပေးပြန်လေ၏။ သည်တစ်ခါပေးသည့် ပစ္စည်းများမှာ ငွေဆွဲကြိုးများ၊ ငွေလက်ကောက်များ ဖြစ်လေ၏။

သူကြီးကတော်က ဆွဲကြိုးကို ဆွဲကြည့်။ လက်ကောက်များကို ဝတ်ကြည့်ပြီး ပြန်မချွတ်တော့ဘဲ. .

"အားနာစရာကြီးကွယ်"

ဟု ပြောလေ၏။

သူကြီးကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း လူရွယ်အား လက်ဖက်ဖြင့် ဧည့်ခံပြန်လေ၏။ ရေနွေးကြမ်းလာချပေးသည့် ယမင်းခင်အား လူရွယ်က အောက်ပါအတိုင်းပြောလေ၏။

"ညီမလက်ထဲက လက်စွပ်လေးက လှတော့လှပါရဲ့။

ကျောက်က အစစ်မဟုတ်တန်ရာဘူး။ အဲဒါ လူကိုခိုက်တတ်တယ်"

လူရွယ်၏ စကားကြောင့် သူကြီးလည်း ယမင်းခင်၏လက်ကို လှမ်းကြည့်ပြီး. .

"ဟဲ့. . သမီး။ ဘယ်သူ့လက်စွပ်ဝတ်ထားတာလဲ"

"ကောက်ရတာ" ဟု ပြန်ပြောရာ လူရွယ်က အရေးတကြီး အသံဖြင့်. .

"ပြစမ်း. . ပြစမ်း" ဟု တောင်းလေ၏။

ယမင်းခင်လည်း ယောင်ယမ်း၍ ချွတ်ပေးလိုက်ရာ လူရွယ်က လှမ်းယူပြီး. .

"အင်း. . ဒါ ညီမနဲ့ မတည့်ဘူး။ မောင်ကြီးထံက လက်စွပ်လေးနဲ့ လဲပေးခဲ့မယ်"

ဟုပြောကာ အိတ်ထဲမှ လက်စွပ်တစ်ကွင်း နှိုက်ယူပေးလေ၏။ လူရွယ်ပေးသောလက်စွပ်မှာ ပုံစံတူ ကျောက်နီလက်စွပ်ဖြစ်သော်လည်း ရွှေရောင်ဖြစ်နေ၏။

"အဲဒါ ရွှေအစစ်၊ ပတ္တမြားအစစ်ပဲ။ ပတ္တမြားဆိုတာ ရွှေနဲ့ ထပ်မှ မြတ်တာ။ အဲဒါလေး အမြဲဝတ်ထား။ အကျိုးပေးလိမ့်မယ်"

ဟု ပြောလေ၏။ ပြောလည်းပြော ယမင်းခင်လက်ထဲမှ ငွေလက်စွပ်လေးကိုလည်း သိမ်းလိုက်တော့၏။

ငွေကိုရွှေနှင့်လဲလိုက်သည်မို့ သူကြီးရော၊ သူကြီးကတော်ပါ ငြိမ်နေကြ၏။ ယမင်းခင်မှာမူ လူသာငြိမ်နေသော်လည်း စိတ်မငြိမ်

နိုင်ရှာ။

သူ့အိပ်မက်ထဲမှာ ကိုလူစိမ်းက ငွေလက်စွပ်နှင့် ရွှေလက်စွပ်လဲဖို့ ပြောခဲ့သည်ပဲ။ ယခု သူ့ရှေ့မှောက်မှာ တကယ်လာလဲနေပါပြီကော။ အိပ်မက်ထဲမှာ ယမင်းက မလဲလိုက်။ လက်တွေ့၌မူ ကိုလူစိမ်းက အပိုင်ချည်၍ လဲယူသွားခဲ့၏။

သည်အကြောင်းကို အဖေ့အားပြောရမလား၊ အမေ့အား ပြောရမလား တွေးရင်း မိုးချုပ်သွား၏။ မပြောဖြစ်။ ကိုလူစိမ်းလည်း ခြံစပ်ကတဲမှာ အိပ်ရန်ပြင်ပေးထားပြီမို့ အိပ်နေလောက်ပါပြီ။

အိပ်မပျော်နိုင်သူမှာ ယမင်းခင်တစ်ယောက်သာတည်း။

▸▸ ◂◂

"တဲ့. . တဲထဲမှာ ဧည့်သည်မရှိတော့ပါလား"

"စောစောစီးစီး တော်ကဘယ်ထသွားရတာလဲ"

"မစောပါဘူးကွ။ တဲထဲက ဧည့်သည်သွားကြည့်တာ မရှိတော့ဘူး။ ညက အိပ်ပုံမပေါ်ဘူး။ အိပ်ရာက ခြေရာလက်ရာတွေ မပျက်ဘူး"

"အလိုတော်. . ဘယ်လိုများပါလိမ့်။ လူဆိုး၊ သူခိုးများ ဖြစ်နေမလား"

သူကြီးကတော်က ရင်ဘတ်ကို လက်နှင့်ဖိရင်း ပြော၏။

သူကြီးက သူကြီးကတော်အား စေ့စေ့ကြည့်ကာ. .

"မင်း. . မကြီးမငယ်နဲ့ ဘာတွေဆွဲထားတာလဲ" ဟု မေး၏။ သူကြီးကတော်က ရင်တတ်ကို ငုံ့ကြည့်ပြီး. .

"ဘုရားရေ. . ဒါတွေက ဘာတွေလဲ။ အုန်းလက်လည်ဆွဲ၊ ဟင်. . အုန်းလက်လက်ကောက်။ ဘယ်လိုဖြစ်တာလဲ။ ဟို သူငယ်လေးပေးတဲ့ ငွေထည်တွေ ဘယ်ရောက်ကုန်ပါလိမ့်"

ဟုပြောရင်း ထိတ်ထိတ်ပျာပျာဖြစ်နေလေ၏။ ထိုအခါမှ သူကြီးလည်း သူ့လက်ကိုကြည့်လေရာ ကောက်ရိုးလက်စွပ်လေးစွပ်လျက်သား တွေ့ရသဖြင့်. .

"ဟာ. . သောက်ကျိုးနည်း။ ငါ့လက်စွပ်လည်း ကောက်ရိုးဖြစ်နေပြီ။ ဘာတွေဖြစ်ကုန်တာလဲ။ မင်းသမီးရော. . နှိုးစမ်း"

ဟု ထိတ်ထိတ်ပျာပျာပြောလေ၏။ ယမင်းခင်လည်း မနက်လင်းခါနီးမှ အိပ်ပျော်သွားရင်း အိပ်မက်မက်နေရာ အိပ်မက်ထဲတွင် လူစိမ်းက သူ့အားနှုတ်ဆက်ရင်း. .

"ညီမအတွက် ရွှေအစစ်လက်ဆောင်ပေးခဲ့တယ်"

ဟု ပြောကာ ပျောက်ကွယ်သွား၏။ ဖခင်၏ခေါ်သံကြောင့် ယမင်းခင်နိုးတော့ လက်မှလက်စွပ်ကို ကြည့်မိသည်။

လက်စွပ်လေးက ဝင်းဝင်းဝါဝါ၊ ဘာမှမပြောင်းလဲ။ အိပ်ရာမှထလာသောယမင်းခင်အား ဖခင်နှင့်မိခင်က သေသေချာချာကြည့်ပြီး. .

"ညည်းလက်စွပ်ရော"

ဟု ဖြိုင်တူမေးကြလေသဖြင့် ယမင်းခင်က..

"ဒီမှာ" ဟု ထောင်ပြလိုက်ရာ မိဘနှစ်ပါးမှာ 'ဟာ' 'ဟင်' ဟု အသံထွက်အောင် ရေရွတ်မိလျက်သား ဖြစ်သွားကြလေ၏။

ယမင်းခင်၏လက်မှ ရွှေရောင်ဝင်းနေသည့်လက်စွပ်လေးကိုလည်း မျက်လုံးကြီးများပြူးလျက်ကြည့်လိုက်၊ သူတို့ထံမှ အုန်းလက်၊ ကောက်ရိုးတစ်ဖြစ်လဲ ပစ္စည်းများကိုကြည့်လိုက်နှင့် အံ့ဩမဆုံးဖြစ်နေကြလေတော့သတည်း။

▶▶ ◀◀

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ယမင်းခင်နှင့် ကိုလူစိမ်းတို့အကြောင်းကို မုဒိတာကျေးရွာလေး၌ ပြောမဆုံးပေါင်တောသုံးတောင်ဖြစ်နေလေတော့၏။

တချို့ရွာသားများကလည်း ယမင်းခင်လက်စွပ်ရခဲ့သည့်နေရာကလေးကို သွားကြည့်ကြ၏။ သူကြီးမှာမူ ရှက်နေ၏။ သည်အကြောင်းတွေကို သူစိမ်းများအား ပြောရပါ့မလားဟု သူကြီးကတော်အား ဖိကြိမ်းလေ၏။

သူကြီးကတော်က "သူစိမ်းတွေကို မပြောမိပါဘူး။ ကျွပ်ညီမသောင်းသောင်းကိုပဲ ပြောမိတာပါ" ဟု ဆင်ခြေပေးလေ၏။

သူကြီးက. .

"မင်းညီမသောင်းသောင်းက ငါ့အိမ်ကမောင်းထက် ဆိုးသေး"

ဟုပြောရင်း ပေါက်ကန်နေလေရာ သူကြီးကတော်ရော၊ ယမင်းခင်ပါ တုတ်တုတ်မျှမလှုပ်ဝံ့ ဖြစ်နေကြရလေ၏။

သည်အကြောင်းများမှာလည်း ဒေါ်သောင်းသောင်း၏ မောင်းအထုကောင်းမှုကြောင့် တစ်ရွာလုံးပျံ့နှံ့နေပြီဖြစ်ပေ၏။ ကျွတ်ကုန်းကို သွားကြည့်ကြရအောင်ဆိုပြီးလည်း သွားကြည့်ကြ၏။

တစ်နေ့၌မူ ယမင်းခင် အိပ်မက်မက်ပြန်၏။ သူ့အား ကိုလှစိမ်းက နှုတ်ဆက်ရင်း သူတို့ဗိုနေရာမှ ပြောင်းသွားပြီဟု ပြော၏။

ထိုအိပ်မက် မက်သည့်ညမှာပဲ လေပြင်းကျ၏။ မိုးသည်းထန်စွာရွာ၏။ နောက်နေ့၌မူ လေပြင်းနှင့်မိုးဒဏ်ကြောင့် ကျွတ်ကုန်းရှိ တောင်ပို့များ လုံးဝပြိုလဲနေပြီဖြစ်ကြောင်း ကြားရတော့၏။

သည်နောက်တွင်မူ ယမင်းခင်တစ်ယောက် ကိုလှစိမ်းနှင့် ပတ်သက်၍ လုံးဝအိပ်မက်မမက်တော့ချေ။ ။

ဂန္ဓိရမဂ္ဂဇင်း (၂၀၀၂ ဇန်နဝါရီလ)


တစ္ဆရိတဲ့သူ

# တစ္ဆေငိုတဲ့ည

<(၁)>

လောက၌ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိတတ်ကြသလို ပရလောကအတွင်း၌လည်း စိတ်ထားအထွေထွေရှိတတ်ပေ၏။

လူသားတို့သည် ဟိုးယခင်မှသည် ယနေ့ထက်တိုင်အောင် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ နာနာဘာဝ စသောပရလောကသားများနှင့် မကင်းနိုင်ခဲ့ကြချေ။

ထိုထိုသော ပရလောကသားများတွင် မိမိတို့၏ဆွေမျိုးညာတကာများ ပါဝင်နေတတ်သောကြောင့်လည်းဖြစ်ပေ၏။

ယခုတင်ပြလတ္တံ့သောဖြစ်ရပ်မှာ လွန်စွာထူးဆန်း၏။ ပရလောကသားတစ်ဦးမှ လူသားတစ်ဦးအပေါ် ခင်မင်တွယ်တာလျှက်

အလုပ်များဝိုင်းလုပ်ပေးနေခဲ့ပြီး ခွဲခွာခါနီးတွင် ငိုကြွေးကျန်ရစ်သောဖြစ်ရပ်ပင်ဖြစ်သည်။

တစ်နေ့သ၌ ကျွန်ုပ်သည် သန်လျင်မြို့၊ ပဲခူးစုရပ်ရှိ အသိအိမ်တစ်အိမ်တွင် ကျင်းပပြုလုပ်သည့် အကြိမ် (၂၀) မြောက် ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲသို့ သွားရောက်ကြည်ညိုခဲ့လေ၏။ ထိုပူဇော်ပွဲကိုဦးစီးသော ဦးလှမြင့်၊ ဦးကျော်သန်းနှင့် ဦးကျော်ဆွေတို့မှာ ကျွန်ုပ်ကိုကောင်းကောင်းသိကြ၏။ ဦးကျော်ဆွေမှာ ကျောင်းနေဖက်ပင်ဖြစ်ခဲ့ဖူးသည်။

စာရေးဆရာတစ်ယောက်ဖြစ်သော ကျွန်ုပ်အား သူတို့က ဝမ္မိရဖြစ်ရပ်များကို ပြောပြကြ၏။ ထိုစိတ်ဝင်စားဖွယ်ဖြစ်ရပ်များစွာအနက် ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင်လှပြောပြသည့် 'တစ္ဆေငိုတဲ့ည' ကို ဦးစွာတင်ပြလို၏။

၃၁ ဘုံ ကျင်လည်ကြကုန်သောလူသားများနှင့် သတ္တဝါဟူသမျှတို့သည် ချစ်ခင်စွဲလမ်းစိတ်များဖြင့် သံသရာဝယ် ကျင်လည်လျှက်ရှိကြလေ၏။

ပရလောကသားဖြစ်သည့် တစ္ဆေတစ်ကောင်သည် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျသည့်ဖြစ်အင်ကို လူသားတစ်ဦးမှ တွေ့မြင်ကြေကွဲဝမ်းနည်းလျက် လမ်းခွဲခဲ့ရသည့်ဖြစ်ရပ်၏ အစသည်ကား . .

▶▶◀◀

≪၂≫

"ဟော့. . ရွှေတင်။ မင်းတို့အဖွဲ့ မန္တလေးပြောင်းရမယ်"

"ဟုတ်လား. . ကောင်းတယ်။ မန္တလေးဆို ငါကလည်းသွားချင်နေတာ"

"မင်းသွားရမယ့် စီမံကိန်းက နည်းနည်းကြီးတယ်။ မင်းပင်ပန်းမှာ"

"အို. . ပင်ပန်းပါစေ။ ရွှေတင်က ဒီအဖော်ကောင်းရှိနေရင် ပြီးတာပဲ"

ရွှေတင်က အနီးရှိအရက်ပုလင်းကို ဆွဲကိုင်မြှောက်ပြပြီး ပြောလိုက်၏။ တကယ်လည်း သူက အရက်ကိုကြိုက်နှစ်သက်သည်။ အိမ်ထောင်မရှိ လူပျိုကြီးဖြစ်ပြီး အရက်ကို အဖော်ဟုသတ်မှတ်ထားဟန်ရှိသည်။

သူဟာပည့်မောင်တုတ်ကလည်း အရက်ကြိုက်၏။ ဆရာတပည့် အတွဲညီလှ၏။ အလုပ်ကိုတော့ မခိုမကပ်။ တာဝန်ကိုတော့ လေးစားသည်။ ရွှေတင်က စက်ကြီးမောင်းဖြစ်သည်။ မြေထိုးစက်ကြီးများကို သူမောင်းရသည်။ လုပ်သက် (၂၀) ကျော်ပြီမို့ လုပ်ငန်းကျွမ်းကျင်၏။ လူကြီးများက အားထား၏။ အရက်သောက်မှန်းသိသော်လည်း လုပ်ငန်းမထိခိုက်သောကြောင့် ဘာမျှမပြော။ အလုပ်လုပ်ရာ၌ အင်တိုက်အားတိုက်လုပ်တတ်မှန်းသိ၍လည်း သူ့ကို စီမံကိန်းကြီးလုပ်ငန်းခွင်သို့ ရွေးလွှတ်ခြင်းဖြစ်သည်။

ရွှေတင်တို့မန္တလေးရောက်တော့ တစ်ရက်သာနားပြီး လုပ်ငန်းခွင်သို့ တန်းဝင်ရသည်။ သူသည် မြေထိုးစက်ကြီးတစ်စီးဖြင့် သတ်မှတ်ထားသောမြေသားများကို ဖြိုတန်ဖြို၊ ညှိတန်ညှိပေးရ၏။

လုပ်ငန်းခွင်မှာ မန္တလေးမြို့နှင့် အတန်ဝေး၏။ သို့သော် စီမံကိန်းကိုအမှီပြု၍ ဈေးဆိုင်ကနားများနှင့် စည်ကားနေတတ်၏။ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်များလည်းမရှား။ ရွှေတင်တို့ဆရာတပည့်မှာ ထမင်းကိုဆိုင်မှာပဲဝယ်စားကြ၏။ စင်စစ် စားတာထက် သောက်တာကများ၏။

လုပ်ငန်းခွင်မှာ ဧရိယာကျယ်လှသည်။ ယခု သူတို့မြေညှိနေသည့်နေရာမှာ ကွင်းလယ်ဖြစ်၍ ဈေးဆိုင်များနှင့် အလှမ်းကွာသည်။ ၎င်းတို့မြေထိုးစက်တွင် အသုံးပြုသည့်ဆီများ သိုလှောင်ရာဂိုဒေါင်နှင့်လည်း အလှမ်းဝေးသည်။

စက်သုံးဆီကို ပလတ်စတစ်ပုံးကြီးများဖြင့် သွားထုတ်ကြရသည်။ ထမ်းပိုးဖြင့်လျှိုထမ်း၍ စက်ရှိရာသယ်ရသည်။ ဆရာတပည့်နှစ်ဦး ဆီထုတ်တိုင်း ကိုယ့်ဆီကိုယ်ထမ်း၍ သယ်ကြရ၏။

သည်နေရာတွင် ထူးဆန်းသောဖြစ်ရပ်တစ်ရပ်ကို သူတို့ကြုံကြရ၏။ သူတို့ထမ်းသည့်ဆီပုံးနှစ်ပုံးကို ကူသယ်ပေးမည့်သူ ပေါ်လာခြင်းဖြစ်သည်။

ထိုသူကား လူသားမဟုတ်။ ပရလောကသားတစ်ဦးဖြစ်နေသည်က ပိုဆန်းသည်။

ထူးဆန်းသော တွေ့ကြုံမှုကို မန္တလေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး တစ်ပတ်အကြာမှာ ရွှေတင်တွေ့ကြုံခဲ့ရခြင်းဖြစ်ပါ၏။

▸▸◂◂

<၃>

"ဟကောင်မောင်တုတ်. . ။ ဆီပုံးယူကွာ။ ဆီသွားထုတ်ကြမယ်။ မနက်စောစော စက်မောင်းရမှာ"

ဆရာဖြစ်သူရွှေတင်ကခိုင်းသဖြင့် မောင်တုတ်က ဆီပုံးနှစ်ပုံးကို ပြင်ဆင်သည်။ ထမ်းပိုးကိုပါယူ၍ လှမ်းမေးသည်။

"ဆရာ. . အခုပဲသွားကြမလား"

"အေး. . သွားမယ်။ မှောင်တောင်နေပြီပဲ။ လရောင်လေးတော့ရှိသား။ ဆီထုတ်ရင်း သောက်စရာစားစရာလေးတွေ ဝယ်ခြမ်းမြန်ကြတာပေါ့။ ဒီကျမှ စားမယ်"

"ဟုတ်ကဲ့ဆရာ. . ကောင်းပါတယ်"

ပြောပြောဆိုဆို ဆရာတပည့်နှစ်ဦး ယာယီနားခိုရာ တဲလေးအတွင်းမှ ထွက်ခဲ့ကြ၏။ သူတို့မောင်းနေသည့် မြေထိုးစက်ကြီးတတော့ ငြိမ်သက်စွာရှိနေသည်။

လုပ်ငန်းအရေးကြီး၍ သူတို့ဆရာတပည့်မှာ စက်နားမှာနေ၊ စက်နားမှာပဲ အိပ်ကြရသည်။ ညကတည်းက ဆီဖြည့်၍ မနက်

စောစော ထမောင်းရသည်။

ထခုလည်း သည်ညဖြည့်ရန် ဆီသွားထုတ်ကြရခြင်းဖြစ်၏။ ဆီထုတ်အပြန် ဝယ်လာသောအရက်နှင့်စားစရာကို သောက်စားပြီးမှ သူတို့အိပ်လေ့ရှိသည်။

နှစ်ဦးသား ဆီပုံးအလွတ်တစ်ပုံးစီဆွဲ၍ စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာ မန်ကျည်းပင်အိုကြီးတစ်ပင်နားရောက်လာကြ၏။ နှစ်ယောက်လုံးမှာ ညနေလုပ်ငန်းနှုံးသည်နှင့် သောက်ထားကြသည်ဖြစ်ရကား ခပ်ထွေထွေဖြစ်နေကြသည်။

မန်ကျည်းပင်ကြီးလွန်သွားတော့ သူတို့နောက်သို့ လူတစ်ဦးလိုက်လာ၏။ ဒါကို သူတို့မသိ။ လိုက်လာသူက သူတို့ကိုမီတော့ ရွှေတင်၏ပခုံးကို လှမ်းပုတ်၏။ အသာပုတ်၍ ခေါ်ခြင်းဖြစ်သည်။

ရွှေတင့်ကလည်း လှည့်ကြည့်ပြီး မူးမူးနှင့်. .

"ဘာလဲ. . ဆီလိုက်ထမ်းပေးမလို့လား" ဟု မေး၏။

ထိုသူက ခေါင်းညိတ်ပြသည်။ ရွှေတင်သည် ကြောက်ရကောင်းမှန်းမသိ။ ထိုသူကိုလည်း သေချာမကြည့်။ လူတစ်ယောက်ဟုပဲ သူထင်နေသည်။

"ဆီထမ်းပေးမှာဆိုလိုက်ခဲ့။ ခေါက်ဆွဲကျွေးမယ်"

"ဆရာ. . ဘယ်သူ့ကို ပြောနေတာလဲ"

မောင်တုတ်က သူ့ဆရာ ဘာတွေပြောနေမှန်းမသိ၍ မေးလိုက်၏။

"ဒီမှာလေကွာ။ ကျေးဇူးရှင်က ဆီလိုက်ထမ်းပေးမလို့တဲ့။ တို့သက်သာတာပေါ့"

ရွှေတင်က ဒီမှာလေကွာဟုဆိုသော်လည်း မောင်တုတ်မှာ ဘာမှမမြင်ရ။ သူ့ဆရာ မူး၍လျှောက်ပြောနေသည်ထင်ပြီး ဘာမှ ဆက်မမေးတော့။

လူတစ်ယောက်ကဲ့သို့ လျှောက်လှမ်းလာသော ပရလောက သားသည် သူတို့နှင့်မလှမ်းမကမ်းမှ လိုက်လာမြဲလိုက်လာလျက်။

ဆီဂိုဒေါင်ဝရောက်တော့ ရွှေတင်တို့ဝင်းထဲဝင်သော်လည်း တချွေကမလိုက်။ အပေါက်ဝမှာ နေရစ်သည်။

"ဆီသယ်ပေးမယ့်ကောင် ဘယ်ရောက်သွားပြီလဲ"

"ဒီမှာ. ."

ဆီပုံးနှစ်ပုံးဆွဲလျက် ဝင်းဝမှာရပ်၍ ဟိုဟိုဒီဒီကြည့်ရင်း မေးလိုက်သဖြင့် တချွေက 'ဒီမှာ' ဟု ခပ်အုပ်အုပ်ထူး၏။

"မင်းက ဆီသယ်ပေးမယ်လည်းပြောသေး။ ဘာလို့ အထဲ လိုက်မလာတာလဲ"

တချွေက ဘာမှပြန်မပြော။ ခေါင်းတော့ခါပြသည်။ ဝင်းထဲ သူဝင်၍မရဘူးဆိုသည့်သဘော။

"ဒါဆို. . မင်း ဒီဆီပုံးတွေစောင့်နေ။ ငါတို့ ခေါက်ဆွဲကြော် သွားဝယ်လိုက်ဦးမယ်။ မင်းဖို့လည်း ဝယ်ခဲ့မယ်"

ရွှေတင်က ပြောတော့ တချွေက ခေါင်းညိတ်ပြသည်။

ထိုအချိန်မှာတော့ တချွေကို မောင်တုတ်လည်းမြင်နေရပြီ။ ယခုအချိန်အထိ တချွေဟုသူတို့မသိသေး။ လူတစ်ယောက်ဟုပဲ ထင်နေကြသည်။

ဆရာတပည့်နှစ်ယောက် အရက်နှင့်ခေါက်ဆွဲကြော်များ ဝယ်ပြီးပြန်လာတော့ တချွေက ပုံးနှစ်ပုံးနားမှာ ငုတ်တုတ်ထိုင်စောင့်နေသည်။

"ကဲ . . ပြည့်စုံပြီ။ မင်းထမ်းခဲ့တော့။ ရော့ . . ထမ်းပိုး"

ထမ်းရန် ထမ်းပိုးလှမ်းပေးတော့ တချွေက လက်ကာပြသည်။ ထမ်းပိုးမလိုဆိုသည့်သဘော။ တကယ်လည်း ဆီပုံးနှစ်ပုံးကို ပေါ့ပါးစွာဆွဲလိုက်သည်။ ဆယ်ဂါလံဝင်ပုံးနှစ်ပုံးအား တစ်ဖက်တစ်ပုံးစီဆွဲ၍ သူတို့နောက်မှ လိုက်လာ၏။

ဆရာတပည့်နှစ်ဦးမှာ ပေါ့ပါးလွတ်လပ်စွာ လျှောက်လှမ်းလာခဲ့ကြရာ တချွေကလည်း နောက်မှဆီပုံးဆွဲ၍လိုက်လာ၏။ ဆရာတပည့်နှစ်ဦးလုံး အရက်သောက်ချင်သည့်ဇောကပ်နေ၍ ခပ်သုတ်သုတ်ပြန်လာရာ တချွေကို သိပ်သတိမရ။

တဲနားရောက်မှ လှည့်ကြည့်တော့ ဆီနှစ်ပုံးဆွဲလာသည့် တချွေကို မြင်ရသည်။

"စက်နားမှာ ထားလိုက်။ နောက်ပြီး ထည့်ရမှာ"

တချွေက ဆီနှစ်ပုံးကို စက်ကြီးနားမှာချထားလိုက်သည်။

"ရော့ . . မင်းဖို့ ခေါက်ဆွဲကြော်တစ်ထုပ်"

ရွှေတင်ပေးသော ခေါက်ဆွဲထုပ်ကိုယူ၍ တစ္ဆေက စက်ကြိုးနားမှာ ထိုင်စားဖို့ပြင်သည်။ ရွှေတင်တို့ ဆရာတပည့်ကတော့ တဲလေးပေါ်မှာ သောက်ဖို့ပြင်၏။

"မင်း အရက်သောက်ဦးမလား"

ရွှေတင်က လှမ်းမေးတော့ တစ္ဆေက ခေါင်းခါ၏၊ ဆရာတပည့်နှစ်ဦး စားသောက်ပြီးတော့ ညကိုးနာရီခန့်ရှိနေပြီ။ တစ္ဆေကတော့ စက်ကိုမှီလျက် မှေးနေ၏။

"မောင်တုတ်. . ဆီသွားထည့်ထားကွာ"

ရွှေတင်က ခိုင်းသဖြင့် မောင်တုတ်က ဆီထည့်ရန် တဲပေါ်မှဆင်း၍ ဆီထည့်ဖို့ပြင်သည်။ ဆီထည့်ရန်အတွက် မောင်တုတ်အရပ်မမီပါ။ ချိန်းပေါ်တက်ပြီးမှ ထည့်ရမည်ဖြစ်၏။

တစ္ဆေက မောင်တုတ်ကို လက်ကာပြ၏။ သူထည့်ပေးမည်ဟု အမူအရာဖြင့်ပြသည်။ မောင်တုတ်လည်း တဲပေါ်ပြန်တက်၍ လက်ကျန်အရက်မော့နေတော့၏။

ဆီထည့်ပေးမည်ဆိုသော တစ္ဆေကိုကြည့်လိုက်တော့ မောင်တုတ်ဖြုံသွားသည်။ မြင်ကွင်းက မယုံနိုင်စရာ။

တစ္ဆေသည် သာမန်လူအရွယ်မဟုတ်တော့ဘဲ လူနှစ်ရပ်ခန့်မြင့်နေလျက် ခါးကြီးကိုင်းကာ ဆီပုံးထဲမှ ဆီများသွန်ထည့်နေ၏။ မောင်တုတ်က မြင်ကွင်းကို ဆရာလုပ်သူအား လက်တို့ပြလိုက်၏။

ရွှေတင်လှမ်းကြည့်တော့ တစ္ဆေက မကြောက်ဖို့ ခေါင်းခါ

ပြသည်။ နဝိုက မကြောက်တတ်သူများမို့ မကြောက်ဘဲ တစ္ဆေလုပ်သဖွ ကြည့်နေကြ၏။

ဆီထည့်ပြီးသွားတော့ တစ္ဆေသည် သာမန်လူအရွယ် ပြန်ဖြစ်သွား၏။ သူဘာသာ စက်ကိုမှီ၍ မှေးနေတော့၏။

ဆရာတပည့်နှစ်ဦးလည်း မူးနေပြီဖြစ်ရကား တုံးလုံးပက်လက်လှဲရင်းမှ အိပ်ပျော်သွားကြလေတော့၏။

▶▶◀◀

<၄>

ရွှေတင်တစ်ရေးနိုးတော့ ည (၁၁) နာရီခန့်ရှိနေပြီ။ မောင်ကုတ်ကတော့ အိပ်ပျော်ဆဲ။ စက်ကြီးဆီ လှမ်းကြည့်လိုက်တော့ တစ္ဆေလည်း စက်ကိုမှီ၍ အိပ်နေဟန်ရှိ၏။

တစ္ဆေကို လူတစ်ယောက်မဟုတ်မှန်း ရွှေတင်သိသွားပြီးဖြစ်သော်လည်း ကြောက်စိတ်မရှိ။ တစ္ဆေကလည်း သူ့ကိုမကြောက်ဖို့ ပြောထားသည်ပဲလေ။

တစ်ရေးနိုး ဆာဆာရှိသဖြင့် ခေါက်ဆွဲသွားဝယ်ရန် တွေးမိ၏။ မောင်ကုတ်ကိုနှိုးမည်ကြံပြီးမှ မနှိုးတော့ဘဲ တစ္ဆေကိုလှမ်းခေါ်လိုက်၏။ တစ္ဆေက နိုးကြားသည်။ ဖျတ်ဆိုထပြီး ဘာပြောမည်လဲဟု နားစွင့်၏။

"တို့. . စားစရာသွားဝယ်ကြရအောင်။ ဆာနေတယ်"

တစ္ဆေက ခေါင်းညိတ်၏။ ရွှေတင်နောက်မှ အဖော်လိုက်လာ၏။ ဒီတစ်ခါတော့ ရွှေတင် တစ္ဆေနှင့်စကားပြောဖြစ်၏။

တစ္ဆေက စကားနည်းသည်။ လိုရင်းကိုသာပြော၏။ သူသေခါနီး သူ့မိန်းမကိုစွဲလမ်းမိ၍ တစ္ဆေဖြစ်နေရသည်ဟုပြောသည်။ သူ ဒီနေရာမှာနေရတာ သိပ်မကြာသေး။ အဖော်မရှိသဖြင့် ရွှေတင်တို့အား ခင်မင်လိုစိတ်ဖြစ်၍ ကူညီပေးခြင်းဟု ပြောပြသည်။

"ဒါဆို. . မင်း. . တို့ကိုဆီအမြဲသယ်ပေးပါလား။ တို့နဲ့ဝိုင်းလုပ်ပေါ့။ ခေါက်ဆွဲကျွေးမယ်။ တစ်နေ့တစ်ဆယ်ပေးမယ်"

"အင်း. . လုပ်မယ်"

ရွှေတင်နှင့်တစ္ဆေတို့ အပေးအယူတည့်သွားကြ၏။ အရက်နှင့်ခေါက်ဆွဲထပ်ဝယ်ပြီး အပြန်ခရီးမှာ ရွှေတင်အဖို့ အံ့ဩစရာဖြစ်ရပ် ထပ်ကြုံရ၏။

အပြန်ခရီးတွင် မန်ကျည်းပင်ကြီးနားရောက်တော့ သုံးလေးနှစ်အရွယ် ကလေးငယ်သုံးလေးယောက်ကို ရွှေတင်မြင်ရ၏။ သေချာကြည့်တော့ မိဘများလည်း မတွေ့ရဘဲ ကလေးများချည်းဖြစ်နေသဖြင့်. .

"ညကြီးအချိန်မတော် လူကြီးမပါဘဲ ဘယ်က ကလေးတွေများပါလိမ့်"

ဟု ရေရွတ်ရင်း ကလေးတစ်ဦးကို မေးမည်ကြံကာ လှမ်း

ဆွဲမည်လုပ်မိ၏။

တစ္ဆေက ဖျတ်ခနဲဆို ကလေးများကိုမကိုင်ဖို့ ဟန့်တား လိုက်ပြီး ကလေးတစ်ယောက်ချင်းကို ဘောလုံးကန်သလို ကန်ပစ် လိုက်တော့၏။ ကလေးများမှာ ခပ်လှမ်းလှမ်းထိလွင့်သွားပြီး ရေ မြောင်းစပ်နား ကျသွားကြ၏။

"မင်း ဘယ့်လိုလုပ်လိုက်တာလဲ"

ဟု ရွှေတင်ကပြောတော့ တစ္ဆေက ရွှေတင်အား လာကြည့် ဆိုကာ ရေမြောင်းစပ်နား ခေါ်ပြ၏။

ခုန တစ္ဆေကန်လိုက်သည့်ကလေးများမှာ ကြွက်လေးများ ဖြစ်နေတော့၏။ တုံးလုံးပက်လက်ဖြစ်နေကြရာ ရွှေတင်မှ တအံ့တသြ မေး၏။

"ဘာကောင်လေးတွေလဲ။ သူတို့ သေသွားကြပြီလား"

"သေချင်ယောင်ဆောင်နေကြတာ။ မှင်စာလေးတွေ . . ။ လာ. . လာ. . သွားကြမယ်"

တစ္ဆေက ရှင်းပြပြီး ဆက်သွားရန်ပြော၏။ ရွှေတင်ခမျာ ကြွက်လေးများကို လှည့်ကြည့်လှည့်ကြည့်နှင့် တအံ့တသြဖြစ်ရင်း ပြန်ခဲ့ရ၏။

သည်တစ်ခါတော့ တစ္ဆေ၏ခြေလှမ်းများက ပိုသွက်နေ သယောင်ယောင်။

▶▶ ◀◀

<၅>

"ရော့..မင်းလုပ်အားခ တစ်ဆယ်"

ဆီပုံးဆွဲ၍ ပြန်လာကြပြီး ရောက်ရောက်ချင်း ရွှေတင်က တစ္ဆေအား ငွေတစ်ဆယ်ပေးလိုက်၏။ တစ္ဆေကလည်း ဆယ်တန်ကိုလှမ်းယူပြီး ထွက်သွားသည်။ သူ့အတွက်ခေါက်ဆွဲကို ထိုင်စားပြီး ဘယ်မှန်းမသိ ထွက်သွားလေ့ရှိသည်။

ပြန်လာလျှင်တော့ ဆယ်တန်ပြန်ပါမလာ။ ဘယ်မှာသိမ်းခဲ့သည်မသိ။

သည်လိုနှင့် လူနှင့်မရလောကသားတို့ ရင်းနှီးမှုရှည်ကြာလာခဲ့သည်။ လေးငါးလခန့်ကြာသောအခါ လုပ်ငန်းလည်းပြီးပြီဖြစ်၍ ရွှေတင်တို့ဆရာတပည့် ရန်ကုန်သို့ပြန်ကြရတော့မည်။

လုပ်ငန်းပြီးနေပြီဖြစ်၍ ဆီလည်းမထုတ်ရတော့။ ရွှေတင်တို့လည်း ပြန်ဖို့ရက်ကို စောင့်နေကြရသည်။

တစ္ဆေကတော့ ရွှေတင်တို့ထံ ညစဉ်လာသည်။ ရွှေတင်ကျွေးတာစားပြီး ပြန်သွား၏။ ရွှေတင်တို့ပြန်တော့မည်သိပြီးကတည်းက တစ္ဆေမှာ စိတ်ထိခိုက်နေဟန်ရှိ၏။ ခေါင်းကြီးအမြဲငုံ့၍ နွေးနွေးကွေးကွေးဖြစ်နေသည်။

ပိုဆိုးသည်ကား ပြန်တော့မည့်ညမှာဖြစ်၏။ ရွှေတင်တို့မနက်ပြန်တော့မည်ဆိုတော့ ညမှာ တစ္ဆေလာသည်။ ညဦးကတည်းက သေတ္တာအထုပ်အပိုးများကားပေါ် တင်တော့ တစ္ဆေငိုင်းတူသည်။

အားလုံးပြီးတော့ တာ့ရွှေက ရွှေတင်ကို ပခုံးလေးပုတ်၍ ခေါ်သည်။ ဘာလဲဆိုတော့ သူနောက်လိုက်ခဲ့ဖို့ခေါ်၏။ ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးနားရောက်တော့ တာ့ရွှေက သစ်ခေါင်းထဲလှမ်းနှိုက်သည်။

တာ့ရွှေပြုမူသမျှ ရွှေတင်ကြည့်နေ၏။ သူလည်း စိတ်ထဲမကောင်းလှ။ တာ့ရွှေလက်ထဲမှာ သူပေးခဲ့သည့် တစ်ဆယ်တန်ငွေစက္ကူများ အထပ်လိုက်ပါလာ၏။ တာ့ရွှေက ထိုငွေအထပ်လိုက်ကို ရွှေတင်အားလှမ်းပေးရင်း. .

"လမ်းစရိတ်သုံးပြီး ပိုတာလှူ။ ငါ့ကို အမျှဝေပါ"

ဟု ပြော၏။ တာ့ရွှေ၏အသံသည် တုန်ရင်အက်ကွဲနေ၏။

အို. . မျက်ရည်များပင် ကျလို့ပါလား။ တာ့ရွှေပေးသောငွေကိုယူပြီး ရေတွက်ကြည့်တော့ ခုနစ်ဆယ့်ငါးရွက်တိတိ။ ပေါင်း ခုနစ်ရာ့ငါးဆယ်ကျပ်။

ရွှေတင်ဘာလုပ်ရမည်မသိ။ ပြန်ပေးလိုက်ရမည်လား။ ဒါ သူ့ကို ဆီသယ်လုပ်အားခဟု ပေးခဲ့သည့်ငွေများသာ။

"ယူ. . ယူသွားပါ။ လှူပြီး အမျှဝေပေးပါ။ တံတားဦးက ခေါင်ညိုလို့ တ,ပြီး အမျှဝေလိုက်ပါ"

သူ့နာမည် ခေါင်ညိုဆိုပါလား။ အခုမှပဲ သိရတော့သည်။ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ရွှေတင်ဆုံးဖြတ်လိုက်သည်။

"စိတ်ချပါ။ ရန်ကုန်ပြန်ရောက်တာနဲ့ ဒီငွေနဲ့အလှူလုပ်ပြီး မင်းအတွက်အမျှဝေပေးပါ့မယ်"

တစ္ဆေကား ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ရောနှောပြွမ်းတီးသောမျက်နှာဖြင့် ခေါင်းညိတ်၏။ သူ့မျက်ဝန်းရစ်မှာ မျက်ရည်စများနှင့်။

ရွှေတည်လည်း မျက်ရည်ဝဲမိသည်ကတော့ အမှန်ပင်။ သည်လိုနှင့်. .

ရွှေတင်တို့ ရန်ကုန်သို့ပြန်ခဲ့ကြရသည်။ ရန်ကုန်ရောက်ရောက်ချင်း ရွှေတင်က ဖြစ်စဉ်အားလုံးကို သူ့ဘကြီးတော်သည့် ဆရာတော်ဦးသုမ္ဗနအား လျှောက်ထားလိုက်သည်။

"ဆရာတော်ကို မသိလို့ မေးလျှောက်ပါရစေ။ ဒီလိုအဖြစ်မျိုးဟာ ရှိတတ်ပါသလား"

ဆရာတော်က ပြုံး၍ ဖြေတော်မူသည်။

"ဩော်. . ဒကာနယ်။ ကိုယ်တိုင်ကြုံခဲ့ရတာတောင် မေးနေရသေးလား။ ပရလောကသားဆိုပေမယ့် လူ့ဘဝနဲ့သိပ်နီးစပ်လို့ ဒီလိုမျိုးဖြစ်ရတာပါ။ ဒီလိုအဖြစ်မျိုးတွေဟာ ဟိုးကတည်းကလည်း ရှိခဲ့ဖူးတာပါပဲ။ သူတို့ဘဝဟာ ဘာမှ ကိုယ်တိုင်ပြုခွင့်မရလို့ သနားစရာပါ။ ဒကာကြီး ကုသိုလ်ပြုပြီး ဆက်ဆက်အမျှဝေပေးလိုက်ပါ"

"တင်ပါ့ဘုရား"

ရွှေတင် ဆရာတော်ထံမှအပြန် လန်းဆန်းတက်ကြွလျက်

ရှိနေပါပြီ။

ဘာပဲဖြစ်ဖြစ်. .

ကောင်းမှုကုသိုလ်နှင့် အမျှလိုသူအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်လိမ့်မည် မဟုတ်ပါလား။

❖

မှခင်းရောင်စုံမဂ္ဂဇင်း (၂၀၀၁၊ ဧပြီလ)



## ငါးညှာဉ်ဖော

ဖိုးမောင်နှင့်ဖိုးထောင်သည် အမွှာညီအစ်ကိုများဖြစ်ကြ ၏။ ညီအစ်ကိုနှစ်ယောက် အလွန်ချစ်ကြသည်။ အသက်သုံးဆယ် ကျော်နေပြီဖြစ်သော်လည်း အိမ်ထောင်မပြုကြသေး။ ရိုးသားလွန်း၍ ချစ်သူရည်းစားပင်မရှိကြ။ သူတို့ညီအစ်ကို ကန်ချောင်တစ်ရွာထဲ က ချစ်ကြသည်။

သူတို့ရွာလေးသည် အထက်အညာမြို့ကလေးတစ်မြို့၏ အစွန်ဆုံးရွာဖြစ်သည်။ မြို့နှင့် အလှမ်းကွာသည်။ တော်ရုံတန် မြို့သို့ မရောက်ကြ။ တောင်ယာလုပ်ကိုင်ကြသည်။ ထွက်သမျှ သီး များကို ပွဲစားကဝယ်သည်။ ပွဲစားက မြို့တက်ရောင်းသည်။ ရွာသား များကိုယ်တိုင် မြို့တက်မရောင်းကြ။

ကိုယ်တိုင်မြို့တက်မရောင်းသည်ကလည်း အကြောင်းရှိသည်။ ခေတ်ကြီးက မကောင်း။ လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူများ မင်းမူနေသောကာလဖြစ်သည်။ သူတို့က မထင်လျှင်မထင်သလို လုယက်ရုံမက လူပါသတ်သည်။ သည်တော့ တော်ရုံတန်ရုံ ကိုယ့်ပစ္စည်းကို မြို့တက်မရောင်း။ ပွဲစားကိုပဲ ရောင်းလိုက်တော့သည်။ ပွဲစားက မြို့တက်ရောင်းပေမယ့် အန္တရာယ်ကင်းသည်။ သူက လူဆိုးများကို ဆက်ကြေးပေး၍ ပေါင်းထားသည်။ သူမြို့တက်ရောင်းလျှင် လူဆိုးများကပင် စောင့်ရှောက်ပေးသေးသည်။ သူ့ကိုလွန်၍ ကိုယ်တိုင်သွားရောင်းဖို့တော့ စိတ်မကူးလိုက်လေနှင့်။ လူဆိုးများကို သူလက်တို့လိုက်သည်နှင့် ပစ္စည်းလည်းကုန်၊ လူလည်းမသက်သာပေတော့။

ပွဲစားက ဤအခြေအနေကို အခွင့်ကောင်းယူ၍ ဈေးနှုန်းတို မတန်တဆနှိမ်ပေးသည်။ ဒါကို ဖိုးမောင်နှင့်ဖိုးထောင်တို့ သိသည်။ မကျေနပ်။ ကိုယ်တိုင်မြို့တက်ရောင်းဖို့ တိုင်ပင်သည်။

"အစ်ကိုရယ် . . ။ ဒီပွဲစားကြီးဆီမရောင်းဘဲ ကျွန်တော်တို့ညီအစ်ကို ကိုယ်တိုင်မြို့တက်ရောင်းကြရအောင်လား"

"အစ်ကိုလည်းစဉ်းစားနေတာပဲ ညီလေးရာ။ ဒီပွဲစားကြီးဦးရွှေတင်က အင်မတန်ဈေးနှိမ်လွန်းလှတယ်။ မြို့ကအဝယ်ဒိုင်မှာဆို ဈေးက ထက်ဝက်လောက်ပိုရမှာဆိုတာ အစ်ကိုလည်းသိပါတယ်"

"ဒါဆိုလည်း ကြာသလားလို့ အစ်ကိုရာ. . ။ ဒီတစ်ခေါက် သူလာရင် သူ့ကို မရောင်းဘူးငြင်းလိုက်မယ်။ နောက်ပြီး ကိုယ်တိုင် မြို့တက်ရောင်းကြမယ်"

"အင်း. . ခက်တော့ခက်တယ် ညီလေးရာ"

အစ်ကိုကြီးဖိုးမောင်က သက်ပြင်းချရင်း ပြောရှာသည်။ သူသက်ပြင်းချလောက်အောင်လည်း အကြောင်းကရှိသည်။ သူ့အနေနှင့် ပွဲစားကြီးကိုမကြောက်ပါ။ မျက်မှန်းကျိုးလှသဖြင့် ရင်ဆိုင်တွန်းလှန်ချင်တာလည်း ကြာပြီ။

သို့တစေ ပွဲစားကြီးက လူဆိုးများအားကိုးနှင့် မိုက်နေခြင်း ဖြစ်သည်။ သူ့အမြင်စောင်းလျှင် ဒုက္ခရောက်အောင် ချောက်တွန်း နိုင်သည်။ ဒါကြောင့်သာ သူ့အား ရွံ့ကြောက်ကြီးဖြစ်နေကြခြင်းပါ။

"မင်းတို့ညီအစ်ကိုလိုပဲ တို့လည်းဘယ်ခံချင်ပါ့မလဲကွာ။ ဒါပေမဲ့ ပွဲစားကြီးက လူယုတ်မာကြီးကွ။ သူ့ကိုအာခံပြီး ကလန် ကဆန်လုပ်မိရင် သူ့ယောက်ဖတွေနဲ့ သွားတိုင်တော့တာ။ သူက ပါးလျက်နားလျက်နဲ့လုပ်လိုက်ရင် ဦးနှောက်မရှိတဲ့ လူဆိုးတွေက လည်း သတ်ချင်ဖြတ်ချင်နဲ့ ရမ်းကားတော့လေ. . လူမိုက်တွေကို ဝေးဝေးကရှောင်တာ ကောင်းပါတယ်ကွာ"

သူတို့၏ဦးလေးတော်သူ ဦးသန်းဝင်းကလည်း ဤသို့ပြော ရှာသေးသည်။ တူဝရီးတတွေ မခံချင်စိတ်ကို မျိုသိပ်နေကြရတာ ကြာပြီ။

ခက်သည်က ဖိုးမောင်နှင့်ဖိုးထောင်တို့၏ မိဘများမှာ အေးလွန်းခြင်းပင်ဖြစ်သည်။ ဘာဆိုဘာမှမပြော။ ပွဲစားကြီးပေးသမျှ ယူသည်၊ ပြောသမျှ ခေါင်းညိတ်သည်။

"သားတို့ ဘာမှဝင်မပြောကြပါနဲ့ကွယ်။ ပွဲစားကြီးလာရင် ဝေးဝေးကသာ ရှောင်နေကြပါ"

ဟု တားမြစ်ထားသည်။ တကယ်ကိုလည်း အနားကပ်မခံချေ။ ပွဲစားကြီးလာသည်နှင့် ရှောင်နေခိုင်းတတ်သည်သာ။

သည်ကြားထဲကမင် ပြဿနာတက်ဖြစ်အောင် တက်လိုက်သေးသည်။ ပြဿနာက ဖိုးမောင်တို့မိဘများ၏ အိမ်ဝိုင်းထဲမှာပဲ ဖြစ်ပွားခဲ့ခြင်းပါ။

တစ်နေ့ . .

ပွဲစားကြီးဦးရွှေတင်သည် သူ့တပည့်တစ်ယောက်နှင့်အတူ သူတို့အိမ်သို့ရောက်လာသည်။ ထုံးစံအတိုင်း သူတို့ယာမှထွက်သည့် ငရုတ်နှင့်နှမ်းကို စျေးဖြတ်ဝယ်သည်။

သူဖြတ်ပေးသည့်စျေးက မြို့ကပေါက်စျေးနှင့် ခေါက်ချိုးမျှကွာနေသည်ကို ဖိုးမောင်တို့သိကြသည်။ သည်တော့ စျေးနည်းကြောင်း ဝင်ပြော၏။

"ပွဲစားကြီးဖြတ်တဲ့စျေးက နိမ့်လွန်းပါတယ်။ စျေးလေးနည်းနည်းတော့ မြှင့်ပေးပါလားခင်ဗျာ"

"ဟုဘ်ပါတယ် ပွဲစားကြီးရယ်။ တန်းတူပေါက်စျေးမဟုတ်

တောင် ထိုက်သင့်တဲ့ဈေးလေးတော့ ပေးသင့်ပါတယ်”

ညီအစ်ကိုနှစ်ယောက်က ဤသို့ဝင်ပြောတော့ ပွဲစားကြီးက မျက်လုံးကြီးပြူးကြည့်သည်။ ခါးထောက်၍ တောက်ခေါက်သည်။

“တောက်. . မလောက်လေးမလောက်စားတွေကများ။ ရာရာစစ”

ပွဲစားကြီးဒေါပွမှန်းသိတော့ ဖိုးမောင်တို့မိဘများ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်ကြသည်။

“တောင်းပန်ပါတယ်ရှင်။ သားတို့ကို စိတ်မဆိုးပါနဲ့။ သူတို့ နားမလည်လို့ ပြောကြတာပါ။ ကျွန်မတောင်းပန်ပါတယ်နော်”

မိခင်ကြီးက ပျာပျာသလဲတောင်းပန်နေသည်ကိုပင် ပွဲစားကြီးက မောက်မောက်မာမာလုပ်နေသေးသည်။

ကြာတော့ ဖိုးမောင်သည်းမခံနိုင်တော့။ တိုတိုနှင့်လိုရင်း အပြတ်ပြောချလိုက်တော့သည်။

“ခင်ဗျားကို မရောင်းဘူးဗျာ။ ခင်ဗျား ကျုပ်တို့အိမ်ဝိုင်းထဲက ထွက်သွား”

ဖိုးမောင်၏ယတိပြတ်စကားကြောင့် အားလုံးအံ့အားသင့်သွားကြသည်။ ပွဲစားကြီးမှာ မျက်နှာကြီးနီရဲလျက် ဖိုးမောင်ကို စေ့စေ့ကြည့်သည်။ သူ့တပည့်အားကိုးဖြင့် ဖိုးမောင်ကို ကိုယ်ထိလက်ရောက်ထိုးမည်ကြိတ်မည်လုပ်သည်။

"ခွပ်"

ခွပ်ခနဲအသံကြီးက ကျယ်လှသည်။ ပွဲစားကြီးခေါင်းမှာ သွေးများဖြာသွား၏။

ပွဲစားကြီးမထိုးခင် ပွဲစားကြီးအား ညီဖြစ်သူဖိုးထောင်က ဝါးရင်းတုတ်စာကျွေးပစ်လိုက်ခြင်းဖြစ်၏။

တစ်ရွာလုံးအုတ်အော်သောင်းနင်းဖြစ်သွား၏။ ဖိုးမောင်တို့အိမ်သို့ ဝိုင်းလာကြသည်။

ပွဲစားကြီး၏အပြစ်ကိုမြင်တော့ မျက်လုံးတွေပြူးကုန်ကြသည်။ စိုးရိမ်သူတွေစိုးရိမ်သလို ကြိတ်၍ဝမ်းသာသူတွေလည်း ဝမ်းသာကြသည်။

သည်ပွဲစားကြီးကို သူတို့တစ်ရွာလုံး မျက်မုန်းကျိုးနေတာ ကြာပြီပဲ။

စာရင်းချုပ်တော့ ပွဲစားကြီးခေါင်းကွဲပြန်သွားသည်။ သူ့တပည့်လည်း တစ်ချက်အထိုးခံရပြီး မျက်လုံးတစ်ဖက် ဝိတ်သွားတော့သည်။

"မင်းတို့ညီအစ်ကို ငါ့အကြောင်းသိစေရမယ်"

ပွဲစားကြီးက ကြိမ်းဝါးသွားသည်။ ထိုကိစ္စအတွက် သူတို့မိဘများ စိတ်ပူကြသလို အားလုံးလည်း ရတက်မအေးကြ။

ဖိုးမောင်နှင့်ဖိုးကောင်တို့ကို တစ်နေရာသို့ ရှောင်ခိုင်းလိုက်ရတော့သည်။

မလွှဲသာသဖြင့် ညီအစ်ကိုနှစ်ယောက်လုံး တော်ရာသို့ ရှောင်နေလိုက်ရတော့သည်။

သို့သော် . .

▶▶ ◀◀

တစ်လခန့် ကြာသွားသည်။

ဖိုးမောင်နှင့်ဖိုးထောင်တို့ညီအစ်ကိုလည်း ကြာကြာတော့ ရှောင်မနေနိုင်။ တစ်လခန့်ကြာတော့ ရွာပြန်လာကြသည်။ ပြဿနာ အေးချမ်းပြီဟု တွက်ထား၏။

သို့သော် . .

သူတို့ အတွက်မှားခဲ့ကြသည်။ သူတို့ပြန်ရောက်ပြီး နှစ်ရက် ခန့်ကြာတော့ ရွာထဲသို့လူဆိုးများဝင်လာသည်။ တစ်ရွာလုံးကို ဆဲ ဆိုကြိမ်းမောင်းပြီး ပစ္စည်းများလုယက်ယူငင်ကြသည်။ အားရ အောင်မွှေနှောက်ပြီးတော့မှ ဖိုးမောင်နှင့်ဖိုးထောင်တို့ ညီအစ်ကို နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

တောင်းပန်၍လည်း မရ။ အငြိုးကြီးလှသော ပွဲစား၏ စနက် ကြောင့်ဟု တစ်ရွာလုံးသိနေကြသည်။ သိသော်လည်း ဘာမျှ မတတ်နိုင်ကြ။ ဖိုးမောင်နှင့်ဖိုးထောင်တို့ညီအစ်ကိုနှစ်ယောက်အတွက် မိဘနှစ်ပါးမှာ ပူဆွေးကြရသလို တစ်ရွာလုံးကလည်း ရတက်မအေး နိုင်ကြ။

"ညီလေးဖိုးထောင်. . ။ အားမငယ်နဲ့။ အခြေအနေပေးရင် ပြေးကြမယ်။ သတိနဲ့နေ"

ဖိုးမောင်က ညီဖြစ်သူကိုအားပေးသည်။ တိုးတိုးလေးလည်း မှာထားသည်။ ပြောမယ့်သာ ပြောရသည်။ နှစ်ယောက်လုံးကို လက်ပြန်ကြိုးတုပ်ထားသည်။ လူဆိုးများကလည်း အင်အားတစ်ဒါဇင်ခန့် ရှိမည်။ သူတို့ညီအစ်ကိုအား တစ်ချက်မျှအလစ်မပေး။ သူတို့နှစ်ယောက်ကို လက်နက်ကိုင်ငါးယောက်က စိုင်းရံထားသည်။

တောတွင်းခရီး ငါးမိုင်ကျော်ခန့်သွားမှ လူဆိုးများ၏စခန်းသို့ရောက်၏။ စခန်းသို့ရောက်တော့ ညနေစောင်း၍ မှောင်ရီသန်းနေပြီ။ စခန်းတွင်းမှ ကြိုဆိုနေသူကား ပွဲစားကြီးပင်တည်း။

"ဆရာတို့ပြန်ရောက်လာကြပြီလား။ သူ့ရဲ့ကောင်းညီနောင်လည်း ပါလာတာကိုး။ ကြိုဆိုပါတယ်ကွာ။ ဟဲ. . ဟဲ. ."

စခန်းသို့ ကြိုတင်ရောက်နေသော ပွဲစားကြီးက ဖိုးမောင်တို့ညီအစ်ကိုအားကြည့်၍ ပမာမခန့်ပြောလေ၏။ ညီအစ်ကိုနှစ်ယောက်လုံးက ပွဲစားကြီးအား စူးစူးရဲရဲကြည့်ရင်း. .

"သစ္စာမဲ့တဲ့ လောက်ကောင်ကြီး။ ထွီ. ."

"ရွာကအကျိုးအမြတ်တွေနဲ့ ချမ်းသာနေပြီး ကျေးဇူးမှမသိတတ်တဲ့ ဆန်ကုန်မြေလေး လူယုတ်မာကြီး"

ဟု တစ်ယောက်ချင်းပြောကြလေရာ ပွဲစားကြီးမှာ မျက်နှာကြီးနီရဲသွားလေတော့၏။ ပါးစပ်မှလည်း အယုတ်တမာများ ဆဲဆို

တြိမ်းမောင်းလေတော့၏။

"အေး. , ×××လေးတွေ ပြောထား။ မသေခင် ပြောရတာ။ မနက်တချိန်တော့ ကိုယ့်အလောင်းကိုယ်ထမ်းဖို့ ပြင်ထားကြပေတော့"

ပွဲစားကြီးက အောင်နိုင်သူကြီးပမာ သူတို့ညီအစ်ကိုအား ကြည့်၍ ပြောဆိုကြိမ်းဝါးကာ ကျောခိုင်းသွား၏။ လူဆိုးခေါင်းဆောင် ထံသို့သွားရောက်၍ မျက်နှာချိုသွေးလေပေးဖြောင့်နေလေတော့၏။

သူတို့အစီအစဉ်မှာ မနက်လင်းလျှင် သူတို့ညီနောင်အား ယခုရောက်နေသည့်နေရာ၌ပင် သတ်ရန်ဖြစ်သည်။ ကိုယ့်အလောင်း အတွက်ကိုယ် ကျင်းတူးခိုင်းဦးမည်။

သူတို့ညီအစ်ကိုနှစ်ယောက်အား သစ်ပင်ကြီးတစ်ပင်အောက်၌ ကြိုးတုပ်ထားကြသည်။ သူတို့ကတော့ ချက်ပြုတ်စားသောက်နေကြလေပြီ။ သစ်ပင်နားတွင် အစောင့်နှစ်ဦးသာချထား၏။ ညစာ ထမင်းကိုတော့ ကောင်းမွန်စွာကျွေးသည်။

"မသေခင် ဝအောင်စားထားကြ"

ဟု ပွဲစားကြီးက ပြောဖြစ်အောင်ပြောလိုက်သေးသည်။ ပွဲစားကြီးမှာ တော်တော်လေးကျေနပ်အားရနေဟန်ရှိသည်။ လူဆိုးများနှင့် လုံးလားထွေးလား သောက်သောက်စားစား။ ညနက်တော့ အစောင့်နှစ်ယောက်မှအပ ကျန်လူများ မူး၍ အိပ်ကုန်ကြပြီ။ ဖိုးမောင်နှင့်ဖိုးထောင်တို့ကတော့ အိပ်ဖို့ မတွေးနိုင်။ မိုးမလင်းခင်

လွတ်ဖို့ လွတ်လမ်းကို ကွေးနေမိသည်။

သန်းခေါင်ကျော်တော့ အစောင့်များလည်း ငိုက်နေကြပြီ။ ထိုအချိန်တွင် ဖိုးမောင်က လက်ပြန်ကြိုးတုပ်သည့်လက်ဖြင့် ညီဖြစ်သူ၏လက်မှကြိုးကို စမ်း၍ဖြေကြည့်နေသည်။ ကံကောင်းသည်ဟု ဆိုရမည်။ တစ်စတစ်စနှင့် ကြိုးကိုဖြေ၍ရလာ၏။ ကြိုးစားဖြေရင်း ကြိုးပြေသွားသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ညီအစ်ကိုနှစ်ဦး အသက်ပင်မရှူဝံ့ကြ။ အခြေအနေကို အကဲခတ်သည်။ အစောင့်နှစ်ဦးကတော့ သေနတ်ပိုက်၍ ငိုက်နေကြပြီ။ မီးဖိုနားက သုံးလေးယောက်မှာလည်း ငုတ်တုတ်ငိုက်နေကြ၏။ ငပြေးဖို့ အခွင့်တော့သာနေပြီ။ အချိန်ကလည်း အရှက်ကျင်းတော့မည်။ တစ်ယောက်လက်ကို တစ်ယောက်အသာဆုပ်ကိုင်ရင်း သစ် ပင်ခြေရင်းမှ ခြေသံမကြားအောင် ထွက်ခဲ့ကြ၏။

တစ်လှမ်း. . နှစ်လှမ်း. . သုံးလှမ်း. . လေးလှမ်း. . ။

ငါးလှမ်းမြောက်အရောက်မှာ ချွတ်ခနဲ သစ်ရွက်ခြောက် နင်းမိသံကြောင့် ခေါင်းနားပန်းများ ကြီးသွားကြသည်။

"ညီလေး. . ပြေးစို့"

မထူးတော့ပြီမို့ သုတ်ခြေတင်၍ ပြေးကြတော့သည်။ စခန်းမှ လူသံများ ကြားရတော့၏။ ဆဲဆိုကြိမ်းမောင်းသံ၊ လိုက်နိုင်းသံများလည်း ကြားကြရသည်။ ညီအစ်ကိုနှစ်ယောက်ကတော့ ဘာမှ တွေးမနေတော့။ လှည့်မကြည့်တမ်း ပြေးတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

နောက်မှလိုက်လာကြရင်း သေနတ်ဖြင့် လှမ်းပစ်ကြသည်။ ကျည်ဆံများက တဝီဝီဖြတ်သွားကြ၏။ ပြေးရုံမှလွဲ၍ ဘာမှမတတ်နိုင်။ အားစိုက်၍သာ ပြေးကြရတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံများက ပိုနီးလာသည်။ လူသံများလည်း နီးလာ၏။ အသံများနီးလေ၊ အားစိုက်ပြေးလေနှင့် ခရီးအတော်ရောက်လာကြပြီ။ သို့သော် ရန်သူ့လက်မှ လွတ်ပါမည်လား။ ရွာသို့ရောက်အောင် ပြေးနိုင်လျှင်တော့ လွတ်လိမ့်မည်။ ရန်သူများသည် ရွာထိတော့ ချက်ချင်းလိုက်ဝံ့ကြမည်မဟုတ်။ သူတို့ညီအစ်ကိုအား ကယ်တင်ရန် ပတ်ဝန်းကျင်ကျေးရွာများမှ ကာကွယ်ရေးအဖွဲ့ဝင်များ ရောက်ရှိနေနိုင်၍ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်။ ညီငယ်ဖိုးထောင်က ဖိုးမောင်၏နောက်ပါးမှ ကပ်လျက်ပြေးလိုက်လာသည်။

"ဒိုင်း. . ဒိုင်း"

"အား"

ညီဖြစ်သူ ဖိုးထောင်၏အသံပါ။ သူ့ကို ကျည်ထိသွားပြီကော။ ဖိုးမောင်ခမျာ ညီအတွက်စိုးရိမ်မိသော်လည်း အပြေးမရပ်နိုင်။ သေနတ်ကျည်ဆန်များက တဝီဝီဖြတ်သန်းနေ၍ဖြစ်သည်။

သူ့ညီ ကျည်သင့်၍ ကျကျန်ခဲ့ပြီဆိုသောအသိစိတ်နှင့်ပင် ဆက်ပြေးနေရရှာသည်။

ပြေးရင်းနှင့် ဘယ်ရွေ့ဘယ်မျှကြာသွားသည်မသိ။ အရက်တက်၍ အလင်းရောင်က ရလာပြီ။ ဖိုးမောင် အားပိုထည့်၍ ပြေးနေမိတော့သည်။

ပြေးရင်းနှင့် သူ့ဘေးမှ သူနှင့်အတူယှဉ်၍ ပြေးလိုက်လာသည့် ညီငယ်ဖိုးထောင်ကို သူမြင်လိုက်ရ၏။ ဝမ်းသာစိတ်များလွှမ်းသွားသည်။ ကျည်သင့်ခံထားရာမှ ထပြေးလာသည်ဟု ထင်မိသည်။

စကားတော့ မပြောနိုင်ပါ။ လျှာထွက်မတတ် မောနေပြီ။ ခြေများကလည်း ရွရွနစ်နေပြီ။ မောနေသည့်ကြားမှပင် ညီဖြစ်သူအား လှမ်းကြည့်ပြီး အမီပြေးဖို့ လက်ပြလိုက်မိသည်။ ဖိုးထောင်ကလည်း ခေါင်းညိတ်ပြပါ၏။ တကယ်လည်း သူပြေးလိုက်လာသည်။

သို့သော် ဖိုးထောင်က စိုးရိမ်စိတ်ပိုများဟန်ရှိသည်။ နောက်ကို ပြန်ပြန်ကြည့်နေ၏။ သို့ဖြစ်၍ ဖိုးထောင်သည် ဖိုးမောင်နောက်နားမှာ ကျန်ခဲ့ပြန်၏။

သေနတ်သံများ အပစ်ရပ်သွားသည်။ သူတို့ညီအစ်ကိုကတော့ အပြေးမရပ်။ ရွာနားသို့ ရောက်နေပြီဖြစ်သည်။ ဖိုးမောင် ဝမ်းသာလုံးဆို့သွားသည်။ ရွာနားရောက်လာ၍ လူဆိုးများ ဆက်လိုက်ခြင်းဖြစ်လိမ့်မည်။ မနေ့က သူတို့ရွာကို ဝင်ရောက်စီးနင်းသွားသည့်အတွက် ယခုလောက်ဆို ရွာမှာ ကာကွယ်ရေးအဖွဲ့များ

ရောက်နေလောက်ပြီ။

ထင်သည့်အတိုင်းပင် ဖိုးမောင်အား ရွာသားများနှင့် ကာကွယ်ရေးအဖွဲ့များက ဆီးကြိုကယ်တင်လိုက်သည်။

"နောက်မှာ. . ညီလေး"

ဟု ပြောပြီး ဖိုးမောင်သတိလစ်သွား၏။ ဖိုးမောင်ကိုပြုစုရင်း ရွာသားများ ဖိုးမောင်ပြေးလာရာသို့ မျှော်ကြည့်ကြသည်။ ဖိုးထောင် ပါမလာပါ။ ရှေ့နားမှာများ လဲကျနေခဲ့ပြီလားဟု ရှေ့တိုးရှာကြည့်သည်။ မတွေ့. . ။

ဖိုးမောင်သတိရတော့မှ မေးရသည်။ ဖိုးမောင်ကတော့ သူ နှင့်အတူ ကပ်၍ပြေးလိုက်လာကြောင်း ခိုင်ခိုင်မာမာပြောသည်။ ဖိုးမောင် ကယောင်ကတမ်းတွေများ ပြောနေသလားဟု တွေးကြရပြန်သည်။ သည်လိုကျပြန်တော့လည်း ဖိုးမောင်က သတိကောင်းသည်။

ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။ သူပြောပုံအရဆို ဖိုးထောင်သည် သေနတ်ထိမှန်လဲကျကျန်ခဲ့ပြီးမှ ထပြေးလိုက်လာသလိုဖြစ်နေ၏။

"ဟုတ်ပါတယ်။ ညီလေး တကယ်ကို ကျည်ဆန်မှန်လို့ အားဆိုပြီး လဲပြိုကျန်ခဲ့တာ။ ဒါပေမဲ့ တစ်အောင့်လောက်ကြာတော့ ညီလေး ဘေးကနေ ကပ်ပြေးလိုက်လာတာမြင်ရလို့ ကျည်ထိထားရက်နဲ့ ထပြေးလိုက်လာတာလို့ ထင်နေမိတာပါ။ သူ ရွာနားအထိကို

ပါလာတာပါ။ ရွာနားကျမှ ပြတ်ကျန်ခဲ့တယ်ထင်တာ”

ဖိုးမောင်က တိတိပပရှင်းပြသည်။ ဖိုးထောင်မသေ။ သူနှင့် အတူ ဆက်ပြေးလိုက်လာသည်ဟုသာ သူသိနေသည်။ ဖိုးထောင် က ပြေးရင်းနှင့်ပင် သူ့ကိုကြည့်၍ ခေါင်းတစ်ချက်ညိတ်ပြခဲ့သေး သည်ပဲမဟုတ်လား။

ရွာသားများမှာ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ဖိုးထောင်ဒဏ်ရာရသည်ဆိုသောနေရာသို့ သွားကြည့်ကြရန် ဆုံး ဖြတ်ကြ၏။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ကာကွယ်ရေးအဖွဲ့များစုံ တုန်း လူဆိုးအဖွဲ့ကို နှိမ်နင်းချေမှုန်းမည်။

အစီအစဉ်များရေးဆွဲ၍ တောနင်းကြတော့သည်။ လူဆိုး များကို အရိပ်အယောင်တောင် မတွေ့ရ။ သို့သော် ဖိုးထောင်၏ အလောင်းကိုတော့ တွေ့လိုက်ကြရသည်။ ဖိုးမောင်ပြောသည့် ကျည် သင့်သည့်နေရာမှာပင်ဖြစ်သည်။ ဘယ်ဘက်နောက်ကျောမှ ကျည် ဆံဝင်သွားသည်။ သေကွင်းထိသည်မို့ ပြန်ထပြေးလိုက်လာတာ တော့ မဖြစ်နိုင်မှန်း အားလုံးသဘောပေါက်လိုက်ကြသည်။

ဒါဆို ဖိုးမောင်ဘေးမှ ဖိုးထောင်ဘာကြောင့် ပြေးလိုက်လာ ရသနည်း။ ရွာနားရောက်သည်ထိ ပါလာမှန်း ဖိုးမောင်သိနေသည်။ ဆက်၍ပါလာမည်ဟုပင် ထင်နေမိ၏။

တကယ်တော့ ဖိုးမောင်မမှားပါ။ ဖိုးထောင်သည် တကယ် ပင်ပါလာပါလိမ့်မည်။ ဆက်ပြေးနေပါလိမ့်မည်။

"တကယ်တော့ ဒီပြဿနာ့ရဲ့ အဖြေက စိတ်ဖောဓ စိတ်အရှိန်ကြောင့်သာဖြစ်တယ်။ ဖိုးထောင်မှာ သေနတ်ထိမှန်ပြီး လဲကျသေဆုံးသွားပေမယ့် သေမှန်းရုတ်တရက်မသိဘဲ ဖောနဲ့ ကိုယ်လွတ်ရုန်းပြေးနေတဲ့စိတ်အရှိန်ကြောင့် ဆက်ပြေးနေတာပဲ ဖြစ်လိမ့်မယ်။ ဒါမျိုးတွေဟာ ဖြစ်တတ်ပါတယ်"

ဗဟုသုတကြွယ်ဝသည့် ဘကြီးထိုက်က ရှင်းပြသည်။ အားလုံး ခေါင်းတညိတ်ညိတ်။

ခေါင်းမညိတ်နိုင်သူကတော့ ဖိုးမောင်ရယ်. . ။

ဖိုးမောင်က မျက်လုံးစုံမှိတ်၍ အံကိုတင်းထားသည်။ သူ့အမြင်အာရုံထဲမှာတော့ သူ့ဘေးမှယှဉ်ပြေးရင်း ခေါင်းညိတ်ပြလိုက်သည့် ညီဖြစ်သူဖိုးထောင်၏ ရုပ်ပုံလွှာကတရေးရေး. . ။

ဖိုးမောင်တစ်ယောက် မျက်လုံးစုံမှိတ်၍ တိုးတိုးလေးရေရွတ်လိုက်မိသည်။

"ညီလေး ကောင်းရာသုဂတိ လားပါစေ"

❖

# လူလားကျားလားချစ်သူလား



သုံးဆယ့်တစ်ဘုံ သတ္တလောကကြီးသည်ကား လွန်စွာ လှိုက်လှဲနက်နဲ၍ ဆန်းကြယ်မှုများဖြင့် ပြွမ်းတီးလျက် ရှိလေ၏။

သို့သော်...

ထိုဆန်းကြယ်မှု ဆိုသည်များသည် တစ်ခါတစ်ရံ ဘာမှမဟုတ်တဲ့ လူတို့၏ စိတ်ဆန်းကြယ်မှုသက်သက်သာ ဖြစ်တတ်လေသေး၏။

တစ်ခါတစ်ရံများတော့လည်း တွေး၍ ဉာဏ်မမီအောင်ပင် နက်နဲ ဆန်းကြယ်တတ်ပေ၏။

ဤလူလား ကျားလား ချစ်သူလားသည်ကား ...။

# လူလား..ကျားလား..ချစ်သူလား

<နိဒါန်း>

တစ်နေ့သ၌ ကျွန်ုပ်သည် ရန်ကုန်မြို့၊ ကုန်သည်လမ်း စာပေဗိမာန်အနီးရှိ ဇင်မင်းမောင်လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့လေ၏။ ထိုနေရာကား စာရေးဆရာ၊ အယ်ဒီတာများ ဆုံရာနေရာဖြစ်ပြီး 'လေအန်ကုန်း' ဟု ခေါ်ကြလေ၏။

ကျွန်ုပ်ရောက်ရှိချိန်သည် မနက်ပိုင်း (၁၁) နာရီခန့်ဖြစ်လေရာ စာရေးဆရာများ အတော်စုံလင်စွာ ရောက်ရှိနေကြပြီဖြစ်လေ၏။ ထိုလက်ဖက်ရည်ဆိုင်တွင် နေ့စဉ် (ရုံးပိတ်ရက်မှအပ) နံနက် (၁၀) နာရီမှ (၁၂) နာရီခန့်အထိ စာရေးဆရာများ ထိုင်လေ့ရှိကြ၏။

ကျွန်ုပ်နှင့်အတူ စာရေးဆရာ၊ အယ်ဒီတာ၊ နန္ဒာမိုးကြယ်၊ မောင်မြင့်အောင်၊ ကိုမောင်သန်းဝင်း၊ သုဝဏ္ဏကျော်စိန်၊ ဆရာကြီး အရှိန္ဒမာ၊ ဆရာမောင်သာယာတို့ ရှိကြလေ၏။

ကျွန်ုပ်တို့စာရေးဆရာတစ်သိုက်တွင် ဆရာကြီးအရှိန္ဒမာသည် အခြားကလောင်အမည်များဖြင့်လည်း စာများစွာရေးလျက်ရှိပြီး အသက်အားဖြင့်လည်း အကြီးဆုံးဖြစ်သလို သမ္မာအရင့်ဆုံး ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပေ၏။ ဆရာကြီးအား ဘိုးတော်ဟု ချစ်စနိုး ခေါ်ကြ၏။

ထိုနေ့က ကျွန်ုပ်သည် အကြောင်းအရာတစ်ရပ်ကို စာရေးဆရာများသို့ချပြရင်း စစ်ကြောသမှု ပြုမိလေ၏။

ကျွန်ုပ်အစပျိုးလိုက်သော အကြောင်းအရာသည်ကား လူမင်းသမီးတစ်ဦးနှင့် တောဘုရင်ခြင်္သေ့တစ်ကောင်တို့မှ ပေါက်ဖွားခဲ့သည့် 'သီဟဗာဟု' မင်းသားငယ်အကြောင်းပင်ဖြစ်လေ၏။

ကျွန်ုပ် ဤအကြောင်းကို အစပျိုးရခြင်းမှာ အကြောင်းတစ်ရပ်ရှိလေ၏။ ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်ခန့်က အထက်မြန်မာပြည်တစ်နေရာ၌ ဝန်ထမ်းဘဝဖြင့်ရောက်ရှိနေစဉ် ထူးဆန်းသောဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းတစ်ပုဒ်ကို ကြားခဲ့ရဖူးလေ၏။

ဒဏ္ဍာရီဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို ရေးသားရန် လက်တွန့်နေရာမှ ယခု စာရေးဆရာများဆုံခိုက် သီဟဗာဟု မင်းသား၏ဖြစ်ရပ်နှင့် ဆင်ဆင်တူသော ထိုဇာတ်လမ်းလေးကို ပြောပြလိုသဖြင့် အစပျိုးမိခြင်းဖြစ်ပေ၏။

"အိုင်ဆေး ကိုသွေးရင့်. .။ သီဟဗာဟုဆိုတာ လူသား မင်းသမီးနဲ့ တောဘုရင်ခြင်္သေ့ကနေ ပေါက်ဖွားခဲ့တဲ့ ကလေးပဲ။ အင်မတန်သန်မာပြီး ခွန်အားကြီးတယ်။ တောတွင်းဂူကြီးထဲမှာ ကြီးပြင်းလာပြီး အရွယ်ရောက်တော့ ဖခင်ဟာ ခြင်္သေ့ကြီးဖြစ်နေမှန်းသိလို့ ရှက်ပြီး မိခင်ကိုခေါ်၊ ထွက်ပြေးခဲ့ကြတာကလား"

ကိုမောင်သန်းဝင်းက သီဟဗာဟုဇာတ်လမ်းကို ပြောပြနေ၏။ အားလုံး ငြိမ်၍နားထောင်နေကြသည်။ သူက ဆက်ပြောပါသည်။

"ထွက်ပြေးမှန်းသိတော့ ခြင်္သေ့ကြီးက လိုက်တယ်။ သားအမိကိုချစ်တဲ့စိတ်၊ သံယောဇဉ်စိတ်နဲ့ လိုက်တာပါ။ မေတ္တာစိတ်နဲ့ လိုက်တဲ့ ဖခင်ခြင်္သေ့ကြီးကို သီဟဗာဟုမင်းသားက မြားနဲ့ပစ်သဗျ"

"ထိရောလားဆရာ"

"အင်း. . ဘယ်လိုပြောရမလဲမသိဘူး။ ထိတယ်ပြောရမယ် လား ဒီလိုဗျ. .။ မင်းသားယပ်ပစ်သမျှမြားတွေဟာ ဖခင်ရဲ့မေတ္တာ စိတ်ကြောင့် မထိဘဲ ရှေ့မှာသာကျတယ်။ ဒါပေမဲ့ တစ်ချိန်မှာတော့ ခြင်္သေ့ကြီးဟာ ဒေါသစိတ်ဖြစ်သွားသဗျ။ ဒေါသစိတ်နဲ့ ပါးစပ်ဟ

လိုက်ချိန်မှာပဲ မင်းသားပစ်လိုက်တဲ့မြားဟာ ပါးစပ်ထဲ တန်းတန်း မတ်မတ်ဝင်သွားတော့တာပဲဗျို့"

"ဆရာမြင်လို့လား"

ဝင်မေးသူက ဆရာနန္ဒာမိုးကြယ်ဖြစ်လေ၏။ ဝင်အရှုန်း ဖောက်လိုက်ခြင်းပါ။ စာရေးဆရာတစ်သိုက်ကတော့ ပြုံးစိစိလုပ် နေကြလေ၏။

"အဲဒီတုန်းက ကျုပ်မှမမွေးသေးတာ။ ဘယ်မြင်မလဲဆရာ ရဲ့။ အသိအလိမ္မာ စာမှာရှိ . . တဲ့။ စာထဲဖတ်လို့ သိရတာပေါ့"

"သိလည်း ဆုံးအောင်သာပြော ဆရာ"

ဟု ကျွန်ုပ်က ထောက်ပေးလိုက်၏။ စင်စစ် ကျွန်ုပ်သည် ကိုယ်သိပြီးသားဖြစ်သော်လည်း ပိုမို၍ ပြည့်စုံစွာသိလိုသောကြောင့် မေးနေခြင်းဖြစ်ပါ၏။

"ဒါနဲ့ ခြင်္သေ့ကြီးသေတယ်ဗျာ။ ဒီတော့မှ မိခင်ဖြစ်သူက မင်းသားကို သင်ဟာ ဖခင်ကိုသတ်မိတဲ့အတွက် အပြစ်ကြီးလှတယ်။ ဒါကြောင့် ဖခင်ကို နေ့စဉ်ကန်တော့ပါပြောလို့ ခြင်္သေ့ရုပ်ကိုထုပြီး ဘုရားစေတီရှေ့မှာ တည်ထားခဲ့တာပဲ။ ဘုရားကန်တော့တိုင်း ခြင်္သေ့ရုပ်တုကိုပါ သတိရ၊ ကန်တော့ပြီး ဖြစ်တော့တာပေါ့လေ"

ကိုမောင်သန်းဝင်းစကားဆုံးတော့ ဆရာကြီးအရိန္ဒမာက ဝင်ပြောလေ၏။

"အဲဒီ သီဟဗာဟုရဲ့ဖခင် ခြင်္သေ့ကြီးဟာ ခြင်္သေ့ခေါင်းနဲ့

လူကိုယ်လို့လည်း တချို့ရာဇဝင်တွေမှာ ဖော်ပြသေးတာ"

"ဟုတ်လားဆရာ"

"ဟုတ်တယ်..။ သုတေသီမြင့်ထွန်းရေးတဲ့ 'လူတိုင်းအတွက် တကယ်လုပ်အဟုတ်ဖြစ်လောကီပညာရပ်များ' စာအုပ်နောက်ကျောဖုံးမှာ အဲဒီခြသေ့်ခေါင်းနဲ့လူကိုယ်ပုံ ပါတယ်။ အဲဒီပုံက ထိုင်းဘာသာထုတ် စာအုပ်တစ်အုပ်ထဲကပုံပဲ"

ဟု ပြောရင်း စာအုပ်နောက်ကျောဖုံးမှ အောက်ပါပုံကို ထုတ်ပြလေတော့၏။



ဆရာကြီးအရိန္ဒမာပြသသည့် ခြသေ့်ခေါင်းနှင့်လူကိုယ်ပုံ

ကျွန်ုပ်လည်း ဆရာကြီးအရိန္ဒမာပြသသည့် ပုံလေးအား

ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေမိလေ၏။

ခေါင်းညိတ်နေသော ကျွန်ုပ်၏စိတ်အစဉ်သည်လည်း အတိတ်တစ်နေရာဆီသို့ ပျံ့လွင့်သွားလျက် ကျွန်ုပ်ကြားခဲ့ဖူးသည့် ဖြစ်ရပ်ဆန်းလေးတစ်ခုကို ပြန်ပြောင်းတွေးတောနေမိလေတော့သတည်း။

▶▶ ◀◀

<၁>

"အမေရေ . . အမေ။ လုပ်ကြပါဦး . . ကယ်ကြပါဦး"

ကြောက်လန့်တကြား ကယ်ပါယူပါနှင့် ပြေးလွှားလာသူကား ထွေးတင်ဖြစ်၏။ ထွေးတင်၏အော်ဟစ်သံကြောင့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ပါးစပ်မှ အော်ဟစ်အကူအညီတောင်းရင်း ရွာထဲပြေးဝင်လာသည့်ထွေးတင်အား ရွာသားများဝိုင်းမေးကြ၏။

"ဟဲ့ . . ထွေးတင်။ ဘာဖြစ်လို့လဲ။ ပြောစမ်း"

"ဟို . . ဟို . . ကျား . . ကျား . . "

ထွေးတင် စကားဆုံးအောင်ပင်မပြောနိုင်။ ပုံလဲကျသွားတော့သည်။ တောထဲမှ ရွာအရောက် တောက်လျှောက်ပြေးလာရဟန်တူ၏။ ဟန်ပင်မဆောင်နိုင်ရှာ။ အမျိုးသမီးများက နီးရာတဲပေါ်ဆွဲတင်ပြီး ပြုစုကြသည်။

"ဟဲ့. . ထွေးတင်။ ပြောစမ်း. . ဘာဖြစ်တာလဲဆိုတာ"

"ပြောလေသမီး. . ။ တောထဲက ဘာဖြစ်လာလို့လဲ"

အားလုံးက သိလိုဇောနှင့် ဝိုင်းမေးကြသည်။ ထွေးတင်က မျက်လုံးအဝိုင်းသားနှင့် ပြောရှာ၏။

"ဟို. . ညို့မ. . ညို့မ. . ညို့မကို ကျားဆွဲသွားလို့"

"ဟယ်"

"ဘုရား. . ဘုရား. . ညို့မဘယ်မှာလဲ"

"တောထဲကျန်ခဲ့ပြီ။ ဝါးညိုတောင်ကွေ့နားမှာ ကျားထွက်ဆွဲသွားတယ်"

တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်ကုန်၏။ ထွေးတင်၏မိခင်ကြီးနှင့်အတူ ညို့မ၏မိခင်ကြီးတို့ပါ ထွေးတင်ရှိရာ ရောက်လာကြ၏။ ထွေးတင်နှင့်ညို့မတို့နှစ်ယောက် မနက်ကတည်းက မျှစ်ချိုးထွက်သွားကြခြင်းဖြစ်သည်။ သည်တောသည်တောင်မှာ သူတို့မျှစ်ချိုးနေကျ။ ဘာကျားမှ ရှိသည်ဟု မကြားစဖူး။ မကြုံဖူးကြ။

ညို့မ၏မိခင်ကြီးမှာ သမီးအတွက် ရတက်မအေး။ ထွေးတင်ကို တဖွဖွမေးသည်။ ထွေးတင်၏အဖြေက ရှင်းနေသည်။ မျှစ်ချိုးနေတုန်း ဗြုန်းဆို ကျားတစ်ကောင်ရောက်လာပြီး ညို့မကိုခုန်အုပ်၍ ကိုက်ချီသွားသည်။ သူလည်း ကြောက်အားလန့်အားနှင့် ထွက်ပြေးလာခဲ့သည်။ အဖြေက ရှင်းရှင်းလေးပင်။

ညို့မ၏မိခင်ကြီးခမျာ တက်မတတ်ငိုတော့သည်။ သူ့အား

ကိုကယ်ပါရန် တစ်ရွာလုံးကို ငိုယို်တောင်းပန်ရှာသည်။ သူမှာ အမေ တစ်ခုသမီးတစ်ခုမဟုတ်ပါလား။ ရောဂါသည်မိခင်ကြီးကို လုပ်ကျွေး ပြုစုနေသည့် သမီးဖြစ်သည်။ လိမ္မာရေးခြားရှိသည်။ အိမ်ထောင် မပြုရှာဘဲ မိခင်ကိုလုပ်ကျွေးနေသူလေးပါ။

တစ်ရွာလုံးလည်း စိတ်မကောင်းကြ။ အဖြစ်အပျက်အတွက် လည်း အံ့ဩနေကြသည်။ သူတို့ရွာမှာ တစ်ခါမျှ ဒီလိုမကြုံဖူး။ သူ တို့ရွာလေးသည် ယောချောင်းနှင့်နီးသော ယောနယ်အတွင်းမှ ရွာ လေးဖြစ်သည်။ ချင်းတောင်တန်းနှင့်လည်း နီးသည်။ သို့သော် သည် တောသည်တောင်မှာ ဘာကျားမျှမရှိခဲ့။ တစ်ရွာလုံး တောဝင် မျှစ် ချိုး၊ မှို့နုတ်၊ ဝါးခုတ်လုပ်နေခဲ့ကြတာ ကြာပြီ။

ရွာသူကြီး၏အစီအစဉ်ဖြင့် ညိုမကိုရှာဖွေကြဖို့ စိုင်းပြင်း ကြသည်။ ထွေးတင်ကိုလည်း လမ်းပြဖို့ ခေါ်ရပြန်သည်။ ထွေးတင် က ကြောက်၍ မလိုက်ရဲ။ မလိုက်၍ မဖြစ်။ သူမသာ ဖြစ်ပျက်သည့် နေရာကို အတိအကျပြနိုင်မည်မို့ ကြောက်စရာမလိုကြောင်း ပြောပြ ခေါ်ခဲ့ကြရသည်။

ရွာသားများ ကိုယ်စီကိုယ်ငှ ဓားလှံလက်နက်ဆွဲကိုင်၍ ညိုမ ရှာရန် ထွက်ခဲ့ကြတော့သည်။

ထွေးတင်ကတော့ ကြောက်ကြောက်လန့်လန့်နှင့်ပင် လိုက် သွားရရှာလေ၏။

▶▶◀◀

«၂»

ထွေးတင်ပြသည့်နေရာတစ်ဝိုက်တွင် ကျားခြေရာလတ်လတ်ဆတ်ဆတ်တော့ တွေ့ရသည်။ ညိုမ၏သဲလွန်စကမူ ဖိနပ်တစ်ရံမှလွဲ၍ ဘာမျှမတွေ့ရ။ ခြေရာခံလိုက်ကြသော်လည်း အရိပ်အယောင်မျှ မတွေ့ရ။ သွေးစသွေးနလည်း မတွေ့ရ။ ခက်သည်က ကျောက်ကုန်းမြေတစ်နေရာအရောက် ခြေရာကပျောက်သွားသည်။ ရှေ့ဆက်လိုက်လျှင် လှိုဏ်ကြီးခံနေသည်။ တောကထူလှသည်။ သည်တော့ လှိုဏ်ကြီးထဲသို့ ထဲထဲဝင်ဝင်မရောက်နိုင်ကြတော့။

တစ်နေကုန်ရှာဖွေကြသော်လည်း မထူးသဖြင့် ရွာသားများလက်လျှော့ပြန်လာကြရသည်။ ညိုမအတွက် စိတ်မကောင်းဖြစ်ရုံမှလွဲ၍ ဘာမျှမတတ်နိုင်ကြတော့ချေ။ ညိုမမိခင်ကြီးကိုတော့ နှစ်သိမ့်အားပေးကြရသည်။ အလောင်းလည်းမတွေ့သဖြင့် ညိုမသေပြီဟု တိတိပပမပြောနိုင်ကြ။

ထွေးတင်ပြောပုံအရဆိုလျှင်လည်း ကျားကြီးက ခုန်အုပ်ပြီးကုပ်မှဆွဲ၍ ကိုက်ချီသွားသည်ဆိုတော့ ရှင်လမ်းမမြင်ပြန်။ သေပြီဆိုလည်း အစအနတော့ တွေ့ကြရမည်။ နောက်နေ့တွင် လှိုဏ်ကြီးအတွင်း ဆင်းရှာကြရန် ဆုံးဖြတ်လိုက်ကြ၏။

နောက်တစ်နေ့. .

အားကောင်းမောင်းသန်ရွာသားဆယ်ယောက်တိတိ လက်နက်ကိုယ်စီနှင့် လှိုဏ်ကြီးထဲဆင်းရှာကြ၏။ သို့သော် ခရီးမတွင်လှ။

သစ်တောဝါးတောများက ထူပြောလှသည်။ လေးငါးရက် ဆက်၍ ရှာကြပါသော်လည်း အကြောင်းမထူးခဲ့။ သေနေပြီဆိုလည်း ပုပ်စော်နံလျှင် ခန့်မှန်း၍ရ၏။ ယခုတော့ လျှိုအတွင်းမှာလည်း ပုပ်စော်မနံ၊ ဘာသဲလွန်စမှုလည်းမရ။

တစ်ရွာလုံး ခေါင်းခဲကြလျက် ဘာပြောရမှန်းမသိ ဖြစ်နေကြလေတော့သည်။ ညိုမမိခင်ကြီးကိုတော့ ရွာကပဲ ထောက်ပံ့စောင့်ရှောက်ထားလိုက်ကြရတော့၏။ ညိုမ၏မိခင် ဒေါ်ညိုတုတ်ကမူ ယခု အထိတိုင် တစ်ခွန်းတည်းသောစကားကို တွင်တွင်ပြောလေ၏။

"သမီးလေးမသေနိုင်ဘူး။ တစ်နေ့ပြန်လာမှာပါ" ဟူ၍. . ။

▶▶◀◀

## ‹၃›

အံ့သြစရာတော့ကောင်းသည်။

ဒေါ်ညိုတုတ်ပြောသလိုပင် ညိုမ မသေဘဲ ရွာသို့ပြန်ရောက်လာခဲ့လေသည်။ ညိုမပြန်ရောက်လာတာကို ကနဦးတွင် ရွာက မသိကြ။

ညိုမသည် မိုးသည်းသည်းညတစ်ညမှာ သူ့မိခင်ထံ ပြန်ရောက်လာခဲ့၏။ တစ်ဦးတည်းအိပ်ပျော်နေသော ဒေါ်ညိုတုတ်အား ညသန်းခေါင်လောက်မှာ ညိုမက ထရံကို အသာလေးပုတ်သည်။

တိုးတိုးလေးခေါ်နိုး၏။

"အမေ. . အမေ. . ထပါဦး"

"ဟဲ့. . ဘယ်သူတုံး"

"သမီး. . သမီး. . ညိုမပါအမေ"

ဒေါ်ညိုတုတ် ခေါင်းနပမ်းကြီးသွား၏။ ညအချိန်မတော် လာနိုးနေတာ ညိုမဆိုပါလား။ ညိုမမသေနိုင်ဟု ဒေါ်ညိုတုတ်စိတ်ထဲမှာ စွဲထင်ခဲ့သည်ကား မှန်ပါ၏။ သို့သော် ကာလများက ကြာခဲ့ပြီ။ ညိုမကျားဆွဲခံရပြီး ပျောက်သွားခဲ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ပြီ။ သည်မျှကြာပြီဆိုတော့လည်း မသေနိုင်ဟူသော ယုံကြည်ချက်က လျော့နည်းလာခဲ့သည် အမှန်ပင်။

ယခု ညိုမပါဆိုလေတော့ ဒေါ်ညိုတုတ် အံ့ဩရ၊ တုန်လှုပ်ရ မလေပြီ။ အိပ်ရာထဲမှ ငုတ်တုတ်ထထိုင်ပြီး. .

"ဟဲ့. . ဘယ်သူတုံး"

ဟု ထပ်မံအသံပြု စူးစမ်းရပြန်သည်။

"ညိုမပါ အမေရဲ့။ တံခါးမြန်မြန်ဖွင့်ပါ။ ချမ်းလှပြီ"

ညိုမအသံမှ ညိုမအသံအစစ်။ မေးခိုက်သံပါနေသဖြင့် ဒေါ်ညိုတုတ်သည် သမီးဟူသောဇောဖြင့် မီးခွက်ထွန်း၍ ကဲလားတံခါးကို ဖွင့်လိုက်သည်။ တစ်ကိုယ်လုံးမိုးရေစိုရွှဲနေသည့် သမီးညိုမကို ဘွားခနဲတွေ့လိုက်ရတော့ ဒေါ်ညိုတုတ်မယုံနိုင်သလိုဖြစ်ရသည်။

"သမီး. . ညိုမ"

ဟုခေါ်၍ ညိုမပခုံးကို လှမ်းဆွဲသည်။ ပါးတွေကိုင်၊ ခေါင်းတွေကိုင်၍ စူးစမ်းသည်။ ဟုတ်ပါပြီ။ ညိုမမှ ညိုမ။ လူသားအစစ် ညိုမပင်။ ဒေါ်ညိုတုတ်သံသယဝင်သလို နာနာဘာဝမဖြစ်နိုင်။ တကယ့်လူသားအထိအတွေ့ကို ဒေါ်ညိုတုတ်ကိုင်တွယ်စမ်းသပ်ခဲ့ပြီ မဟုတ်လား။

"လာ. . လာ. . သမီး။ တဲပေါ်တက်။ ဘယ်လိုဖြစ်လာရ တာလဲ သမီးရယ်"

ဒေါ်ညိုတုတ်က ငိုသံကြီးနှင့်မေးသည်။ သမီးကို တယုတယ အိမ်ပေါ်တွဲတင်သည်။

အလို. . ။ ညိုမက မပေါ့မပါး ကိုယ်ဝန်ကြီးနှင့်ပါလား။ ဒေါ်ညိုတုတ် ဘာမှနားမလည်နိုင်သော်လည်း မမေးအားပါ။ ချမ်းနေရှာသော ညိုမကို မိုးရေများသုတ်ပေး၊ အဝတ်လဲပေးပြီး မီးလေးဖိုပေးလိုက်သည်။ ရေနွေးအိုးကိုနွေးပြီး ပူပူလေးတိုက်လိုက်သည်။

"သမီးကိုပြန်တွေ့ရတော့ အမေဝမ်းသာလိုက်တာ သမီးရယ်။ သမီးဘယ်လိုဖြစ်လာရတယ်ဆိုတာ အမေ့ကိုရှင်းပြပါဦး"

ဒေါ်ညိုတုတ်က သမီး၏ဆံပင်များမှ ရေများသုတ်ပေးရင်း မေးရှာသည်။ ညိုမက မယုံကြည်နိုင်လောက်အောင် ထူးခြားလှသော သူမ၏ဖြစ်အင်များကို မိခင်ဖြစ်သူအား အောက်ပါအတိုင်း ရှင်းပြလေတော့သတည်း။

▶▶◀◀

≺၄≻

အဖြစ်ကတော့ အဆန်းသား။

ဆန်းတာထက် ကြောက်ဖို့ပိုကောင်းလှသည်။

ထွေးတင်နှင့်ညိုမသည် တောတွင်း၌ မျှစ်စို့ကြီးများကို အားပါးတရချိုးနေကြ၏။ အတော်လေးလည်းရကြပြီမို့ မကြာခင် ပြန်ကြဖို့မြင်သည်။ မနက်မိုးလင်းကတည်းက ရွာမှထွက်လာရာ ယခု နေထန်းတစ်ဖျားသို့ ရောက်လုနေပြီဖြစ်၏။

ညိုမက လောဘနည်းနည်းပိုသည်။ မိခင်ကြီးက မကျန်းမာသဖြင့် ဆေးဖိုးဝါးခလိုနေသည်မဟုတ်လား။ ထို့ကြောင့် တောင်းပြည့်မှပြန်မည်ဟု အားခဲ၍ ကြိုးစားပမ်းစားလုပ်နေခြင်းပါ။ မျှစ်ရလိုဇောနှင့် တောတိုးခဲ့ရာ ထွေးတင်နှင့်ပင်နည်းနည်းလှမ်းနေပြီဖြစ်သည်။

ထိုအချိန်တွင် 'ဝေါင်း' ဟူသော ကျားသံနှင့်အတူ ဘယ်ကပေါ်လာမှန်းမသိသောကျားကြီးက ညိုမ၏နောက်မှ ခုန်အုပ်လိုက်သည်။ ညိုမရှေ့ကိုငိုက်ကျသွားတော့ ကျားကြီးက ညိုမ၏ကုပ်ကို ခဲ၍ ဆွဲသွားတော့သည်။ ထွေးတင်က ကြောက်လန့်တကြားလှည့်ကြည့်တော့ ညိုမမှာ ကျားပါးစပ်ထဲပါသွားပြီဖြစ်၏။ ထွေးတင်လည်း ကြောက်ကြောက်နှင့် ရွာသို့သုတ်ခြေတင်တော့သည်။

ညိုမမှာ ကျားကြီးခုန်အုပ်၍ ကုပ်ကိုကိုက်ချီကတည်းက သတိလစ်သွားခဲ့သည်။ ဘာဆိုဘာမှမသိတော့။

ညိုမသတိပြန်ရလာချိန်မှာတော့ မှောင်ပိန်းနေတာပဲသိရသည်။ ဘယ်ရောက်နေမှန်းလည်း မသိရ။ ညိုမ ကြောက်ကြောက်နှင့် ငုတ်တုတ်ထထိုင်လိုက်သည်။ စိုးရိမ်ထိတ်လန့်မှုက လွှမ်းမိုးနေဆဲ။

နှာခေါင်းဝမှာ ညှီစို့စို့ရနံ့များလည်း ရနေ၏။ မှောင်မည်းနေသဖြင့် ဘာဆိုဘာမှလည်းမမြင်ရ။ မျက်လုံးကိုမှိတ်၍ "ငါ ဘယ်ရောက်နေပါလိမ့်" ဟု တွေးမိသည်။ မျှစ်ချဉ်နေစဉ် သတ္တဝါတစ်ကောင်ခုန်အုပ်ကိုက်ချီတာတော့ သတိရသည်။ ယောင်ရမ်း၍ ကုပ်ပိုးကိုစမ်းကြည့်မိသည်။ စပ်ဖျင်းဖျင်းဖြစ်နေသည်ကလွဲ၍ ဘာမှမဖြစ်။

ညိုမခမျာ ကြောက်စိတ်များကြောင့် တုန်တုန်ယင်ယင်ဖြစ်နေရှာသည်။ ဘာမှမမြင်ရသဖြင့် လှုပ်လည်းမလှုပ်ရဲ။ မှောင်ထဲမှာမျက်စိကျင့်သားရလာတော့ ပိုးတဝါးတော့ရှိလာသည်။

ထိုစဉ် သင်းပျံ့သောပန်းရနံ့များ လှိုင်လာသည်။ နှင်းဆီရနံ့များပါလား။ ဒေါနပန်းရနံ့လည်း စွက်လာသည်။ ပန်းရနံ့များက ညိုမနှာခေါင်းဝသို့ နီးသထက်နီးလာသည်။ သူမအနားသို့ အရိပ်တစ်ခုတိုးကပ်လာသည်ဟုလည်း ထင်နေမိ၏။

တကယ်လည်း ညိုမအနားသို့ အရိပ်တစ်ခုတိုးကပ်လာ[illegible]ပါသည်။ လက်ထဲမှာတော့ နှင်းဆီ၊ ဒေါနပန်းများကိုင်ထား[illegible] အရိပ်ပိုင်ရှင်က ညိုမနားရောက်တော့ အသာရပ်သည်။ ညို[illegible] ကြည့်သည်။ သူ့ကိုတော့ ညိုမကောင်းကောင်းမမြင်။ သူက[illegible]

မှောင်ထဲမှာ အတော်ကျင့်သားရပုံရှိသည်။ သူကား ညိုမကို ပန်းများ ပေးရန် ရည်ရွယ်ပုံရ၏။ ညိုမအခြေအနေကို အကဲခတ်ရန် ရပ်နေခြင်းပါ။

ညိုမခမျာတော့ မွှေးပျံ့လွန်းသော ပန်းရနံ့များကို ရှူရှိုက်ရင်း ထိတ်လန့်နေရှာ၏။ အရိပ်ပိုင်ရှင်က ညိုမလက်ထဲကို ပန်းများ ထိုးပေးလေသောအခါ အမှောင်ကြောင့် အကောင်အထည်မမြင်ရသော်လည်း လှုပ်ရှားမှုကြောင့်ပင် ကြောက်လန့်လျက် ညိုမသတိလစ်သွားရပြန်တော့၏။

ပြင်းထန်သော ပန်းရနံ့များကြောင့် ညိုမသတိပြန်ရလာသည်။ ညိုမသတိရတော့ ရင်ခွင်တစ်ခုထဲရောက်နေတာ သိရ၏။ ရှန်းဖယ်မည်လုပ်တော့ မရုန်းပါနှင့်ဆိုသည့်သဘောဖြင့် ညိုမအားတင်းကျပ်ကျပ်လေး ပွေ့ထားသည်။

ထိုအချိန်မှာ နံနက်အရုဏ်နေထွက်စမို့ အလင်းရောင်နည်းနည်းရနေပြီ။ ပတ်ဝန်းကျင်ကို မပီပိုးဝါးမြင်ရပြီး ညိုမအားပွေ့ဖက်ထားသူမှာ ယောက်ျားပျိုတစ်ယောက်ပါလား။ ညိုမတော့ မကြည့်ရဲ။ ဘယ်သူဘယ်ဝါဟု မကြည့်ရဲ။ ကြောက်စိတ်ရော၊ ရှက်စိတ်ပါ လွှမ်းမိုးနေသည်။

ဒါကိုရိပ်မိဟန်ရှိသော ညိုမအား ယောက်ျားပျိုက ပွေ့ဖက်ထားရာမှ အသာလွှတ်ပေးသည်။ ညိုမငုတ်တုတ်ထိုင်ရင်း ဒူးပေါ်မျက်နှာဝှက်ထားလိုက်မိသည်။ မျက်ရည်များလည်း တသွင်သွင်စီး

ကျလာသည်။

ယောက်ျားပျိုက ညိုမအနားမှ အသာလေးထွက်ခွာသွားသည်။ ညိုမဘေးမှာတော့ နှင်းဆီ၊ ဒေါနု၊ စံပယ်ပန်းများ ပြန့်ကျဲနေသည်။ ပန်းရနံ့များက လှိုင်နေသည်။ အပုပ်နံ့များကိုလွှမ်းမိုးထားသည်။ သည်ပန်းများက ညိုမအတွက် သူယူလာထားပေးသည်ထင်ပါရဲ့။

ကြောက်ကြောက်နှင့် တရှိုက်ရှိုက်ငိုနေမိသည်မှာ မည်မျှကြာသည်မသိ။ ညိုမအနားမှာအသံကြားမှ မျက်လုံးလေးကို မရဲတရဲ ဖွင့်ကြည့်လိုက်မိသည်။ ညိုမရှေ့မှာ တွေ့ရသည်က မှည့်နေသော ငှက်ပျောသီးဖီးကြီးနှင့် ရေအပြည့်နှင့် ငွေခွက်လေးတစ်လုံးပါ။

ညိုမရှေ့မှာလည်း သူရပ်လေတော့ ညိုမခမျာ ကြောက်ကြောက်နှင့်ပင် မော့ကြည့်မိသည်။

“အို. . . မင်းသားတစ်ပါးပါလား”

ညိုမစိတ်ထဲမှာ မင်းသားဟုပဲ ထင်လိုက်၏။ ဇာတ်ထဲပွဲထဲမှာ ညိုမမြင်ဖူးသည့် မင်းသားတွေလိုပါပဲ။ တောင်ရှည်ပုဆိုး၊ ရင်ဖုံးအကျီနှင့်လေ။ ခေါင်းမှာတော့ ပန်းနုရောင်ပိုးပဝါလေးပတ်ထားသည်။

တောကြီးတောင်ကြီးထဲ ဘယ်ကမင်းသားများ ရောက်နေပါလိမ့်ဟု ညိုမတွေးမိသည်။ ထိုသူက ဘာမှမပြော။ ညိုမအား

ငှက်ပျောသီးစားရန်နှင့် ရေသောက်ရန် လက်ဟန်ခြေဟန်ဖြင့် ပြသည်။ ညိုမ တဖြည်းဖြည်း ကြောက်စိတ်များပြယ်လာ၏။ သူ့ကို အန္တရာယ်မပြုသည်မှာလည်း သေချာနေပြီ။ ဘာပဲဖြစ်ဖြစ် သူ့အတွက် အားကိုးစရာရပြီဟု တွေးလိုက်မိသည်။

ညိုမမည်မျှ ဆာလောင်နေသည်မသိ။ ရှေ့မှာတွေ့ရသည့် ငှက်ပျောဖီးကြီးကို လက်ကလှမ်းရင်း သူ့ကိုအသာကြည့်မိသည်။ သူက ညိုမအား စိုက်ကြည့်နေသည်ပဲ။ ငှက်ပျောသီးစားပါတုလည်း မျက်နှာရိပ်ဖြင့် ပြရှာသည်။

ညိုမရှက်မနေနိုင်တော့။ ဟန်မဆောင်နိုင်တော့။ ငှက်ပျောသီးတစ်လုံးခြွေယူလိုက်သည်။ အခွံနွှာရန် ကိုက်လိုက်သည်။ အို.. မွှေးအီလို့ပါလား။ ညိုမတစ်သက်နှင့်တစ်ကိုယ် ဒီလိုငှက်ပျောသီးမျိုး မစားဖူးခဲ့။ ဘာငှက်ပျောဟုလည်း မသိတတ်။ ရွှေငှက်ပျောသီးနှင့် ဆင်ဆင်တူ၍ ထွားလိုက်သည်မှာ တစ်လုံးတစ်လုံးကို တစ်ထွာခန့်ရှိမည်ထင်၏။ နှစ်လုံးဆက်တိုက် စားလိုက်တော့ ဗိုက်ထဲပြည့်သွားသည်။

ညိုမစားနေတာကို သူက ပြုံး၍ကြည့်နေသည်။ ညိုမက ငွေခွက်လေးကိုကြည့်လိုက်တော့ သူက ယူသောက်ဖို့ မျက်ရိပ်ပြသည်။ ညိုမယူသောက်လိုက်၏။ ရင်ထဲမှာအေးမြသွားသည်။ အားအင်များ ပြည့်ဖြိုးလန်းဆန်းသွားသလိုပဲ ခံစားလိုက်ရသည်။ ညိုမက သူ့အား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။ ညိုမ၏ကြောက်

စိတ်များလည်း မရှိတော့။ အားကိုးရပြီဟုထင်ကာ ဝမ်းပင်သာနေမိသလိုလို။

ခက်သည်ကသူ. . ။

အဝတ်အစားကလည်း တစ်မျိုး။ လူပုံကတော့ သွယ်သွယ်ငယ်ငယ်။ ပကတိ လူတော့လူပါပဲ။ စကားမပြောတာက ဘာကြောင့်နည်း။ ဒီလိုဆို ညိုမပြောလို့ကော သူနားလည်မည်လား။ ညိုမကြိုးစား၍ စကားပြောကြည့်သည်။

"ကျွန်မ. . . ကျွန်မ ဘယ်ရောက်နေလဲဟင်"

ယောကျ်ားပျိုက နှုတ်မှမဖြေ။ လက်ဖြင့် ဝိုက်ပြသည်။ ကြည့်ပေါ့ဆိုသည့်သဘော။ ညိုမ အခုမှပဲ ပတ်ဝန်းကျင်ကိုဝေ့ကြည့်မိသည်။ နေရောင်လည်း အတော်ရလာပြီမို့ ပတ်ဝန်းကျင်ကို ဝိုးတဝါးမြင်ရပြီ။

ကျောက်ပန်းဆွဲများ၊ ကျောက်ဖျာများဖြင့် ကျောက်ဂူကြီးတစ်ခုအတွင်းမှာပါလား။ ထွက်ပေါက်ကိုတော့ မမြင်ရ။ အလင်းရောင်ကလည်း မှုန်ပျပျလေး။

"ကျေးဇူးပြုပြီး ကျွန်မကို အိမ်ပြန်ပို့ပေးပါလားရှင်"

ညိုမက အားကိုးတကြီး ပြောလိုက်သည်။ သူ့ကိုလည်း အားကိုးလှစွာ ကြည့်လိုက်သည်။ သူက ခေါင်းကိုညင်သာစွာ ခါပြ၏။ ဒီမှာ အေးအေးဆေးဆေးနေပါ၊ သူရှိပါသည်ဆိုသော သဘော အမူအရာပြသည်။

ညိုမငိုချင်သွား၏။ ငိုလည်းငိုချလိုက်သည်။ ဒူးပေါ် မျက်နှာအပ်၍ ရှိုက်ကြီးတငင်ငိုမိပြန်သည်။ ညိုမ၏ပုခုံးလေးကို ဖြည်းညင်းစွာကိုင်လာသော လက်အစုံကြောင့် ညိုမငိုနေရာမှ ဆတ်ခနဲမော့ကြည့်လိုက်မိသည်။

အို. . သူရယ်။

မငိုပါနဲ့ ကလေးရယ်ဟု ပြောနေသည့်အလား ညိုမကို ကြင်နာစွာကြည့်နေသည်။

ပုခုံးလေးကိုလည်း တင်းတင်းလေး ဆုပ်ထားသည်။ ညိုမ မရုန်းမိ။ ငိုတာလည်း ရပ်ထားမိတော့၏။ သူက ညိုမကို ညီမလေး တစ်ယောက်သဖွယ် မျက်ရည်များ သုတ်ပေးရှာသည်။

ပြီး. . . ငွေခွက်ကလေးကိုယူ၍ ဂူကြားအတွင်း ဝင်သွားသည်။ ပြန်ထွက်လာတော့ ရေအပြည့်ပါလာ၏။ ညိုမဘေးမှာ ငွေခွက်လေးချထားပြီး ညိုမအား အေးအေးဆေးဆေးနေခဲ့ရန် အမူအရာပြ၍ ဂူကြီးအတွင်း ပြန်ဝင်သွားသည်။

ညိုမလည်း ငေါင်တောင်တောင်နှင့် ကျန်ခဲ့သည်။ အိပ်မက်များလားဟု လက်ဖမိုးကို ဆိတ်ကြည့်မိသည်။ အလဲ့. . အနာသား။ အိပ်မက်လည်း မဟုတ်။ သူဘယ်သွားပါလိမ့်။ ပြန်ထွက်လာဦးမည်လား။

ညိုမ မျှော်ကြည့်နေမိသည်။ သူပြန်ထွက်မလာတော့။ နေလည်းအတော်ထွက်လာပြီမို့ ဘယ်ကဝင်လာမှန်းမသိရသော

အလင်းရောင်ဖြင့် ညိုမ ဂူကြီးကိုမြင်နေရသည်။ ကျောက်ဂူကြီးကား ကျယ်ဝန်းလှပါ၏။ ညိုမသည် ကျောက်ဖျာပေါ်မှ အသာဆင်း၍ ဟိုဟိုဒီဒီစူးစမ်းကြည့်သည်။

ဂူကြီးကား ကျယ်လှသည်နှင့်အမျှ တစ်ဆစ်ချိုးများ၊ လိုဏ်ငယ်များ၊ ကျောက်ပန်းဆွဲများဖြင့် ပြည့်နှက်နေသည်။ တစ်ဂူလုံး ပုပ်အက်အက်အနံ့ကြောင့် ညိုမဝေးဝေးမသွားရဲဘဲ နှင်းဆီပန်းများ ရှိရာ ကျောက်ဖျာကြီးပေါ် ပြန်ထိုင်နေမိသည်။

ယောက်ျားပျိုသည် ညိုမပုပ်စော်နံမည်စိုး၍ မွှေးသောပန်းများဖြင့် ညိုမဘေးမှာ ကြဲပေးထားဟန်တူသည်။ သူကား ညိုမကို ဂူထဲထားခဲ့ပြီး တစ်နေ့လုံး ပျောက်သွားခဲ့သည်။

ညမှောင်ရီပျိုးတော့မှ သူပြန်ရောက်လာ၏။ ညိုမဖို့ သစ်သီးအချို့နှင့် တောပန်းများပါလာသည်။ ညိုမဘေးမှာ ချထားပေးခဲ့ပြီး ဂူတွင်းအမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်မှာ မနက်အရုဏ်တက်သည်အထိပင်။ အရုဏ်ကျင်း အလင်းသို့ရောက်လုပြီဆို ညိုမထံ သူရောက်လာပြီ။ ညိုမကိုနှိုး၍ ရေအသင့်၊ သစ်သီးအသင့် စီစဉ်ပေးပြီး သူပြန်သွားသည်။

တစ်ပတ်ခန့်ကြာတော့ ညိုမစဉ်းစားလာသည်။ ဒီလိုနေ၍ တော့မဖြစ်။ လွတ်အောင်ကြံမှဟု တွေးမိသည်။ သူမရှိခိုက် ဂူအနှံ့ လိုက်ကြည့်၏။ ထွက်ပေါက်ကား မတွေ့။ ကြာတော့ ညိုမစိတ်ညစ် လာသည်။ တစ်နေ့ သူ့ကို တောင်းပန်တိုးလျှိုး၍..

"ကျွန်မကို ပြန်ပို့ပေးပါရှင်"

ဟု ပြောမိသည်။ သူက ခေါင်းခါသည်။ သူ့မျက်လုံးရွဲကြီးများဖြင့် ညိုမကိုစိုက်ကြည့်သည်။ ပြီး. . ညိုမပုခုံးလေးကို ဖျစ်ညှစ်သည်။

"မပြန်ပါနဲ့လား ကလေးရယ်. ."

ဟု တောင်းပန်သည့်မျက်လုံးများဖြင့် ညိုမကိုတွေကြည့်သည်။ ထိုနေ့မှစ၍ ညိုမသည် သူ့အား "ပြန်ပို့ပါ"ဟု မပြောဖြစ်ခဲ့တော့ချေ။

▶▶◀◀

<၅>

"အမေရယ်. . သမီးလည်း ဂူထဲနေရင်း သူနဲ့ ဒီကိုယ်ဝန်ရလာတော့တာပါပဲ"

ညိုမပြောပြသည်များကို ဒေါ်ညိုတုတ်ခမျာ တအံ့တဩဖြင့် နားထောင်နေရှာသည်။ သေပြီဟုတွက်ထားသော သမီးလေးကို သက်ရှိထင်ရှားပြန်တွေ့ရလို့လည်း ဝမ်းသာလုံးဆို့နေရှာသည်။ သမီးကို အပြစ်မတင်ရက်။ အဖြစ်အပျက်တွေကလည်း အံ့ခနဲဖြစ်ရှာသည်။

"အခု. . ဘယ်လိုပြန်လာတာလဲဟင်"

"သူလိုက်ပို့တာ"

"ဘာ. ."

"ဟုတ်တယ် အမေ။ သူလိုက်ပို့တာ။ သမီးက ကိုယ်ဝန်ရင့် မာလာပြီမို့ အမေ့ထံမှာ ပြန်မွေးဖွားပေးဖို့အတွက် ပြန်ပို့ပေးဖို့ ပြောတော့ သူ လက်ခံတယ်အမေ။ ဒါနဲ့ သူလိုက်ပို့ပေးတာ အမေရဲ့"

ညိုမအား တင်းကျပ်စွာပွေ့ဖက်ထားမိသော ဒေါ်ညိုတုတ်သည် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေလေတော့၏။ ညိုမက မိခင် အား တိုးတိုးလေး ပြောပြန်သည်။

"အမေ. . ဒီအကြောင်းတွေကို လျှို့ဝှက်ထားမှ ဖြစ်မယ်။ ရှက်စရာလည်း ကောင်းတယ်။ တကယ်တော့ သူဟာ ထူးဆန်းလှ တဲ့ လူတစ်ယောက်ပါအမေ။ လူလားကျားလား ဝိုးတဝါးလူသား ရယ်ပါ အမေ"

"ဘာ. . ဘာရယ်"

"ဟုတ်တယ် အမေ. .။ သမီးကို ပြန်ပို့တဲ့အထိ သမီး မသိသေးပါဘူး။ ပြန်ပို့တဲ့ မနက် အရုဏ်တက်မှာ ဂူထဲက ထွက် လာကြတော့ သူဟာ လူသားပါပဲ။ ရွှေ့ကနေ သွားနေရင်းက အလင်း ရောင်လည်းရလာရော သူဟာ လျှောက်နေရင်း မှုန်ဝါးလာပြီး ကျားကြီး ဖြစ်သွားတော့တာပါပဲ။ ပထမတော့ သမီးကြောက်လို့ ရှေ့မဆက်ဘဲ ရပ်နေမိပါတယ်။ ကျားကြီးက ခေါင်းညိတ်ပြီး သမီးကို လှည့်ကြည့်ပြီး ရှေ့ကိုဆက်သွားတော့မှ သမီး သတိရတာနဲ့ နောက်ကဆက်လိုက်လာ

"ရင်တုန်လိုက်တာ သမီးရယ်"

"ရင်မတုန်ပါနဲ့ အမေရယ်။ ကျားကြီးဆိုပေမယ့် ကြောင်လေး တစ်ကောင်လိုပါပဲ။ သမီးမောလို့နားတော့ သမီးနားလာပြီး ပွတ်သပ်နေတယ်လေ။ သူ့ခေါင်းကို သမီးပေါင်ပေါ် တင်ထားပြီး မျက်ရည်တွေ စီးကျနေတယ်"

ညိုမက ဆွေးဆွေးမြည့်မြည့် ပြောသည်။ ဒေါ်ညိုတုတ်မှာ မီးပုံထင်းထည့်ရင်း တရေးနိုးပုံပြင်အလား ထင်မှတ်မှားကာ နားထောင်နေမိသည်။ အိပ်မက်မဟုတ်မှန်းတော့ သိနေ၏။ ညိုမက ဆက်ပြောပြန်သည်။

"တစ်တောဝင်၊ တစ်တောင်တက်နဲ့ တစ်နေ့လုံး ခရီးနှင်လာခဲ့ရတာ အမေ။ ကျားကြီးက တစ်လမ်းလုံး စောင့်ရှောက်လာတယ်။ ငှက်ပျောတောထဲက ငှက်ပျောသီးတွေစား၊ ကျောက်ခွက်ထဲရေ ရေတွေ သောက်ပြီး ခရီးဆက်ခဲ့ကြတာ ညနေ မှောင်ရီပျိုးတော့မှ ရွာနဲ့နီးတဲ့ တောစပ်ကို ရောက်တော့တာ။ အဲ့ဒီသြစရာပဲ အမေရယ်။ သမီးတို့ရွာနား အရောက် ကျားကြီးဟာ မြူတွေကြားမှာ ပျောက်ကွယ်သွားတော့တယ်"

"သမီးကို စကားတစ်ခွန်းမှ ပြောမသွားဘူးလား"

ဒေါ်ညိုတုတ်က သိလိုသည်ကို မေးမိသည်။ ညိုမက ခေါင်းခါ ရင်း "လုံးဝ မပြောဘူး အမေရဲ့" ဟု ဖြေရှာသည်။

ပြီး . . သားအမိနှစ်ယောက်လုံး အသံတိတ်သွားကြသည်။ အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ ညိုမက ဘာမှ ဆက်မပြော။ ဒေါ်ညိုတုတ်ကလည်း ဘာပြောရမှန်းမသိ ဖြစ်နေ၏။

"သမီးရယ် ... ညနက်လှပြီ။ အိပ်လိုက်ပါတော့။ မနက်ကျမှ ဆက်ပြီး ပြောကြတာပေါ့နော်"

သမီးဖြစ်သူ ပင်ပန်းနေပြီဆိုတာသိ၍ ဒေါ်ညိုတုတ်က အိပ်ခိုင်းလိုက်သည်။ ညိုမအား သူ့ဘေးမှာတင် သိပ်၍ ဖက်ထားမိသည်။ မောမောနှင့် အိပ်ပျော်သွားရှာသော သမီးကို ကရုဏာသက်စွာ ကြည့်ရင်း ညိုမ၏ ပြည့်ဖောင်းနေသော ဗိုက်ကလေးကို အသာပွတ်ကာ ဤသို့ တွေးလိုက်မိသေးသည်။

"အင်း . . သမီးလေးပြောတာတွေဟာ ဆန်းလှတယ် . . သမီးလေးစိတ် ကယောင်ချောက်ခြားနဲ့ ပြောမိပြောရာ ပြောနေတာ ထင်ပါရဲ့။ သမီးလေးဟာ တောကြီးထဲမှာ လူသားတစ်ဦးနဲ့ ဆုံခဲ့ကြပြီ ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ကျားကြီးလက်ချက်နဲ့ မသေကောင်း မပျောက်ကောင်း ပြန်ရောက်လာတာကိုပဲ ဝမ်းသာလှပါပြီ"

◆◆◆

< ၆ >

မနက်လင်းသော် ဒေါ်ညိုတုတ်တို့ သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေ၏။ ညိုမက ရှက်၍ လျှို့ဝှက်ထားပါ

ဆိုပေမယ့် မဖြစ်နိုင်ဟု ဒေါ်ညိုတုတ် တွေးမိ၏။ ညိုမပြုံးနေတာကို မြင်ကြမှာ သေချာ၏။ ကလေးမွေးရင်လည်း မသိမဖြစ် သိကြမည်။

"သမီးရယ်. . သမီးကိစ္စ လျှို့ဝှက်ထားလည်း ပေါ်မယ့်အတူတူ သူကြီးကိုအကြောင်းကြားပြီး အကြံဉာဏ်ယူတာမှ တောင်းပါဦးမယ်'

"အင်းလေ. . အမေ့သဘောပဲပေါ့"

သည်လိုနှင့် ညိုမကိစ္စကို တစ်ရွာလုံး သိသွားကြသည်။ မွေးလာမယ့် ကလေးအတွက် ရွာက တာဝန်ယူမည်ဟု ဆိုကြသည်။ ညိုမ ကလေးမီးဖွားဖို့အတွက် လိုအပ်တာတွေကို ကူညီပေးကြသည်။ ကလေးက မမွေးရသေး။ လက်ဆောင်ပေးလာကြသည့်ပစ္စည်းတို့သည် ညိုမတို့အိမ်မှာ ပြည့်နေတော့သည်။

ညိုမနှင့်အတူ တစ်ရွာလုံးက မွေးလာမည့် ကလေးကို စိတ်ဝင်စားနေကြသည်။ မွေးမည့်ရက်ကိုတွက်၍ စောင့်စားနေကြသည်။

သို့လောသို့လော တွေးသည့်သူကလည်း တွေးလို့ရယ်ပါ၊ ညိုမ အလေးမွေးမည်ကို ညိုမထက်ပင် စိတ်ဝင်စားနေကြ၏။ ကြာတော့ ညိုမ ・ မရှက်နိုင်တော့။ အားပင်ရှိသေးသည်။ တစ်ရွာလုံးက စိတ်ဝင်တစား အလေးထားနေသည် မဟုတ်ပါလား။

တစ်ရွာလုံး မျှော်လင့်သည့်အချိန်သို့ ရောက်လာပါပြီ။ ညိုမ အလေးမွေးလေပြီ။ ညိုမမွေးထုတ်လိုက်သည်ကာ လူသားစစ်စစ်

ယောက်ျားလေး ဖြစ်ပေ၏။ ညိုညိုတုတ်တုတ်လေးပါ။ သန်စွမ်းပုံရ၏။ မွေးစကတည်းက မျက်စိဖွင့်ကြည့်နေသလို တစ်ရွာလုံးကလည်း လွန်စွာချစ်ခင်ကြလေ၏။

အမည်ပေးလိုက်သည်ကား "မောင်ထူးဆန်း" ဟူသတည်း။

မောင်ထူးဆန်းလေးကို တစ်ရွာလုံးက ချစ်ကြ၏။ ထို့အတူ တစ်ရွာလုံးကလည်း အမျိုးမျိုးဝေဖန်လျက် ရှိကြ၏။

ညိုမသည် တောတွင်း၌ ကျားဆွဲခံရပြီး လူသားတစ်ဦးတစ်ယောက်ကပဲ ကယ်တင်ထားလေသလား . . ။

တောတွင်းရူကြီးထဲ၌ ကျားနှင့်ယဉ်ပါးသော လူတစ်ဦးကပင် စောင့်ရှောက်ထားလေသလားဟု အမျိုးမျိုးတွေးကြ၊ ပြောဆိုကြလေ၏။

ညိုမ အသက်မသေဘဲ ပြန်ရောက်လာသည်ကို ဝမ်းသာကြသော်လည်း ညိုမစကားများကိုမူ မယုံကြည်ဘဲ ရှိကြလေ၏။

ညိုမသည် နဂိုကပင် စိတ်နု၍ ယောင်နနသဘောရှိသော မိန်းကလေးတစ်ဦး ဖြစ်ပေရာ ယခုကျားနှင့်တိုးကာ တောကြီးမျက်မည်းထဲ ကာလရှည်ကြာစွာ နေခဲ့ရသည်ဖြစ်ရကား သွေးပျက်၍ စိတ်မူမမှန်နိုင်တော့ဟု ယူဆကြလေ၏။

ထင်မည်ဆိုလည်း ထင်စရာ . . ။

ညိုမသည် မီးဖွားပြီးနောက်ပိုမိုမူမမှန်ဖြစ်လာပြီး ကဘောက်ထိုး ကဘောက်ချော ပြောချင်ရာများ ပြောတတ်လာလေ၏။

တစ်ယောက်တည်းထိုင်ငေးလျက်လည်း ရှိတတ်လေ၏။

တောကြီးဘက်သို့ လှမ်းမျှော်ကာ သွားမည့် တကဲကဲလည်း လုပ်တတ်လေ၏။

နောက်သုံးလပြည့်သောနေ့၌မူ ရှာမှာ အုတ်အော်သောင်းနင်း ဖြစ်သွားရလေ၏။ အကြောင်းမူကား ညိုမတို့သားအမိ ရှာမှ ပျောက်ချင်းမလှ ပျောက်သွားသောကြောင့် ဖြစ်လေ၏။ ညိုမတို့ သားအမိသာမဟုတ်။ ညိုမမိခင် ဒေါ်ညိုစုတ်ပါ ပျောက်သွားခြင်း ဖြစ်လေ၏။

ရွာသားများ နေရာအနှံ့ရှာကြပါသော်လည်း မတွေ့ကြရ တော့ချေ။

ညိုမ၏မိခင်ကြီးသည် ညိုမအတွက် ရှက်၍ ရွာမှတိတ်တိတ် ပြောင်းသွားကြသည်ဟု တွေးထင်ကြလေ၏။ ညိုမစိတ်ဖောက်ပြန်ပြီး ထွက်သွားသည်ဟုလည်း တွေးထင်ကြလေ၏။

ဘာပဲဖြစ်ဖြစ် . . .

ညိုမတို့သားအမိ၏ အံ့မခန်းဖြစ်ရပ်ဆန်းကတော့ ရွာမှာ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ရလေတော့သတည်း။ ။